The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 19, NO. 18 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 20, 2019

# ကုန်ပစ္စည်းအတုပြသနာကြောင့် ပြည်သူ့နစ်နာဆုံးရှုံးမှု မဖြစ်ပေါ်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

စာမျက်နှာ - ၈ ➢



## ဗီယက်နမ်မှ ငါးရှဉ့်မျိုးများ တင်သွင်း၍ သားပေါက်လုပ်ငန်း စမ်းသပ်မည်

စာမျက်နှာ - ၂၅ ➢

## ဥရောပနိုင်ငံများသို့ တင်ပို့နေသည့် ရေထွက်ကုန်များ သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်မည်

စာမျက်နှာ - ၂၅ ➢

## မေလဆန်းအထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ခွင့်ပြု

စာမျက်နှာ - ၂၆ ➢









The ***all new ERTIGA***, The 7 seaters MPV
SUZUKI စင်ကျူရီ (မန္တလေး - 09777 567 567), (မကွေး - 0977777 1919), (မုံရွာ - 0977777 1515)




**Ph :(+95-9) 965 161 788 (+95-9) 952 105 566 (+95-9) 952 135 566**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သရက်စိုက်တောင်သူများနှင့် တွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် "သဇင်နွယ်"ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်သန်းသန်းဆွေ၏ သရက်ခြံသို့ မေ ၁၇ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် သွားရောက်ခဲ့သည်။

ယင်းသို့သွားရောက်ရာတွင် မန္တလေးတိုင်းဒေသကြီး သရက်အစုအဖွဲ့ဝင်များ၊ သရက်စိုက် တောင် သူ ၂၅ ဦးခန့်နှင့် အခြားတာဝန်ရှိသူများ အပါအဝင် စုစုပေါင်း ၃၅ ဦးခန့် တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက သရက်စိုက် တောင်သူများအား သရက်သီးဈေးနှုန်းနှင့် ဈေးကွက်၊ တွက်ခြေကိုက်မှု အခြေအနေ၊ အထွက်နှုန်းများအား မေးမြန်းခဲ့ပြီး ဌာနအနေဖြင့် နည်းပညာလိုအပ်ချက်၊ သရက်သီး

စာမျက်နှာ ၁၆ သို့

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးဖြစ်သူ H.E. Mr. Hong Liang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးဖြစ်သူ H.E. Mr. Hong Liang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မေ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် သံအမတ်ကြီးအနေဖြင့် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည်ဖြစ်၍ လာရောက်တွေ့ဆုံနှုတ်ဆက်မှုအပေါ် ကျေးဇူးတင်ရှိကြောင်း၊ သံအမတ်ကြီး တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးမှုများအပေါ် ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး အနာဂတ်တွင်လည်း နှစ်နိုင်ငံအစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း၊ စီးပွားရေးလုပ်ငန်းများအချင်းချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်အကောင်အထည်ဖော်ရေး၊ တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်မှုတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ကုန်သွယ်မှု လွယ်ကူလျင်မြန် ချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၂၀-၂၀၂၅ ခုနှစ်တွင် အမျိုးသားပို့ကုန် မဟာဗျူဟာ (NES) အကောင်အထည်ဖော်မှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (ITC) မှ ဦးစားပေးကဏ္ဍများ အဆိုပြု တင်ပြခြင်းနှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ဆိုင်ရာကိစ္စရပ်များအား လာရောက်ဆွေးနွေးခဲ့ပြီး ဆွေးနွေးချက်များအပေါ် ITC မှ အဆိုပြုရွေးချယ်တင်ပြထားသည့် ဦးစားပေးကဏ္ဍများနှင့် အထောက်အကူပြုကဏ္ဍများကို ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ၏ သဘောထားမှတ်ချက်ရယူ အတည်ပြုရန်ဖြစ်ကြောင်း၊ ဆက်လက်ပြီး မြန်မာနိုင်ငံ ပရိဘောဂစက်မှုလက်မှုအသင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်းတို့မှ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင် ရေးလုပ်ငန်းကော်မတီ၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်ဆွေးနွေး၍ တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းအလိုက် အသင်းအဖွဲ့များ၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများက ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပုသိမ်ဆန်စပါးဈေးကွက် အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးနှုန်းတည်ငြိမ်

ပုသိမ်မြို့နယ်၊ ဆန်၊ စပါးဈေးကွက်အတွင်း မေလ ဒုတိယပတ်၌ ယခင်ဧပြီလဈေးနှုန်းများအတိုင်း ထူးခြားစွာ အတက်၊ အကျပြောင်းလဲမှုမရှိဘဲ အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း ဈေးကွက်သတင်းများမှသိရသည်။

ဧရာဝတီပေါ်ဆန်း ၅၂ ပေါင်တင်း ၁၀၀ ကို ကျပ် ၁၂သိန်း၊ ၁၃သိန်းဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၄၄၀၀၀၊ ၄၅၀၀၀၊ ပေါ်ဆန်းရင်စပါး ၅၂ ပေါင်တင်း ၁၀၀ ကို ကျပ် ၁၁သိန်း၊ ၁၂သိန်းခန့်၊ ဆန်တစ်အိတ်ကို ကျပ် ၃၉၀၀၀၊ ၄၁၀၀၀၊ ရွှေသွယ်စပါးပေါင် ၅၀ တင်း ၁၀၀ ကို ကျပ်ရှစ်သိန်းခွဲဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၃၁၀၀၀၊ ၃၂၀၀၀၊ မိုးမနောသုခ၊ မျိုးပွားပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၂၀၀၀၀၊ ၆၃၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၁၅၀၀၊ ၂၂၀၀၀ဈေးနှင့် ဈေးကွက်တွင်ဈေးတန်းအနိမ့်ဆုံးဖြစ်သော နွေသီးထပ်ရင်စပါးပေါင် ၅၀ တင်း ၁၀၀ ကို ကျပ်၅၀၀၀၀၀၊ ၅၂၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၁၉၀၀၀၊ ၁၉၅၀၀နှင့်ရောင်းဝယ်လျက်ရှိပြီး စပါးဈေးနှုန်းမှာ အရည်အသွေးပေါ် မူတည်၍ဈေးနှုန်းအနည်းငယ်အပြောင်းအလဲရှိကာ ပုသိမ်ဈေးကွက်အနေဖြင့်ရန်ကုန်နှင့်အထက်အညာဒေသများမှ ဝယ်လိုအားရှိပါက ဈေးနှုန်းမြင့်တက်မှုရှိကြောင်း စက်ပိုင်ကုန်သည်၊ ဆန်စပါး အသိုင်းအဝိုင်းမှ သိရသည်။

**မင်းမင်းဦး**

# သနပ်ပင်မြို့နယ်အတွင်းရှိ ဆန်၊ စပါးနှင့်ပဲဈေးနှုန်း

ယခုတစ်ပတ် သနပ်ပင်မြို့နယ်တွင် ဧည့်မထအပုစပါးပေါက်ဈေးသည် ပေါင် ၅၀ တစ်တင်းကိုကျပ် ၅၆၀၀၊ ဆန်ဈေးကတော့ တစ်အိတ်ကိုကျပ် ၁၉၅၀၀၊ ဧည့်မထအရှည်ကတော့ ပေါင် ၅၀ တစ်တင်းကိုကျပ် ၄၇၀၀ ခန့်၊ ဆန်ဈေးကတော့ တစ်အိတ်ကို ကျပ်၁၇၀၀၀ ဈေးရှိပြီး ပဲတီစိမ်းကတော့ တစ်တင်းကိုကျပ် ၄၀၀၀၀၊ မတ်ပဲကတော့ တစ်တင်းကိုကျပ် ၂၇၀၀၀ ပေါက်ဈေးအသီးသီးရှိသည်။ ဆန်ကို ဘုရင့်နောင်ပွဲရုံသို့ တင်ပို့နေပြီးပဲတီစိမ်းကိုတော့ ရန်ကုန်နှင့် မန္တလေးသို့ တင်ပို့နေကြောင်းသိရှိရသည်။ သယ်ယူပို့ဆောင်ခများအနေဖြင့် ရန်ကုန်ကို တစ်အိတ် ကျပ် ၄၅၀၊ မန္တလေးကိုကျပ် ၉၅၀ ပေးရကြောင်း ဆန်စက်ဥက္ကဌထံမှ သိရှိရသည်။

**သိန်းဆွေ(သနပ်ပင်)**

# တစ်ပတ်အတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန်သုံးသောင်းကျော်တင်ပို့

မေ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာတစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၄၈၀၀ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မေ ၅ ရက်မှ၁၁ရက်အထိ သီတင်းတစ်ပတ်အတွင်း အာရှ၊ အာဖရိကနဲ့ ဥရောပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ လေးသန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၁၃၈၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်အတွင်း အာရှနိုင်ငံများဖြစ်သော ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်၊ တရုတ်နိုင်ငံများသို့ တန်ချိန်၅၃၀၀နီးပါး၊ အာဖရိကနိုင်ငံများဖြစ်သော ဘီနင်နိုင်ငံ၊ မက်ဒါဂါစကားနဲ့ တိုဂိုနိုင်ငံများသို့ တန်ချိန် ၅၈၀၀ ကျော်၊ အီးယူနိုင်ငံများသို့ တန်ချိန် ၂၇၀၀ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ရေကြောင်းမှ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့အီးယူနိုင်ငံများသို့ အမေရိကန်ဒေါ်လာသုံးသန်းကျော် တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၃၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ မလေးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၄၀ ကျော်၊ ထိုင်းနိုင်ငံသို့တန်ချိန် ၅၀၀ နဲ့အီးယူနိုင်ငံများသို့ တန်ချိန် ၁၂၄၀၀ကျော် တင်ပို့ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှုမှာ စုစုပေါင်းမှာ ဆန်တန်ချိန် ၁၈၆၀၀ကျော်နဲ့ဆန်ကွဲတန်ချိန်၁၃၀၀၀ ကျော်ဖြစ်ပြီး စုစုပေါင်း တန်ချိန် ၃၁၆၀၀ကျော်ဖြစ်သည်။

**ယဉ်ယဉ်အေး**

# ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၉) အောင်မြင်စွာဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)တွင် ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၉)သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက်တွင် ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ တက်ရောက်ချီးမြှင့်ခဲ့ပြီး ကုန်သွယ်ရေးဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)တာဝန်ခံ၊ဒုတိယညွှန်ကြားရေးမှူးဦးငွေစိုး၊တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၈၅ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကိုနိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ကုန်သွယ်မှုကဏ္ဍတွင် လုပ်ငန်းအားအရင်းအမြစ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဆောင်ရွက်နိုင်မည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်အသစ်များ၊ ကုန်သွယ်စီးပွားရေးလုပ်ငန်းရှင်အသစ်များ ပြုစုပျိုးထောင်မွေးထုတ်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်သည်။

သင်တန်းတွင် ကုန်သွယ်မှုဆိုင်ရာဥပဒေ၊ မူဝါဒ၊လုပ်ထုံးလုပ်နည်းများ၊ ကုန်ပစ္စည်းအရည်အသွေးဆိုင်ရာ လုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ ၊ရင်းနှီးမြှုပ်နှံမှုနှင့်ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူအကာအကွယ်ပေးရေး စည်းမျဉ်းစည်းကမ်းများ၊ ပြည်တွင်းအခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏လုပ်ထုံးလုပ်နည်းများ၊စက်မှုကြီးကြပ်ရေးဦးစီးဌာနနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများကို ဌာနဆိုင်ရာကျွမ်းကျင်ပညာရှင်များမှ ဆွေးနွေးပို့ချသွားမည့်အပြင် ကုန်သွယ်မှုဗဟုသုတများရရှိစေရန်အတွက် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းဌာနများနှင့်ချိတ်ဆက်၍ လေ့လာရေးခရီးစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၉)သို့ သင်တန်းသား၊သင်တန်းသူ ၆၅ဦး တက်ရောက်ကြပြီး မေ ၁၀ရက်မှ ဩဂုတ် ၃၀ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေ တစ်ပတ်နှစ်ရက်ဖြင့် ရက်သတ္တ ၁၆ပတ်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

**(တိုးမြိုင်-မန္တလေး)**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၇-၅-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၃ | ၃၉၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၃ | ၃၈၅ | △ | ၃၅၈ | ၃၆၂ | △ | ၃၇၅ | ၃၈၀ | △ | ၃၆၅ | ၃၆၉ | △ |
| ဆန်ဖြူ ၁၀% | ၃၈၂ | ၃၈၄ | △ | ၃၅၃ | ၃၅၇ | △ | - | - | - | ၃၆၀ | ၃၆၄ | △ |
| ဆန်ဖြူ ၁၅% | ၃၇၉ | ၃၈၁ | △ | ၃၄၈ | ၃၅၂ | △ | - | - | - | ၃၅၅ | ၃၅၉ | △ |
| ဆန်ဖြူ ၂၅% | ၃၇၁ | ၃၇၂ | △ | ၃၄၀ | ၃၃၉ | ▽ | ၃၅၅ | ၃၆၀ | △ | ၃၂၅ | ၃၃၀ | △ |
| ပေါင်းဆန် | ၄၁၅ | ၄၁၉ | △ | - | - | - | ၃၆၈ | ၃၆၃ | ▽ | - | - | - |

***Source: liverice***

# ပြည်တွင်းမြို့ကြီးများ၏ (၁၇-၅-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၃၃၀ | □ | ၂၂၀၀၀ | □ | ၉၁၅၀ | □ | ၄၁၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၉၀၀ | □ | ၄၁၀၀၀ | □ |
| ပဲခူး | ၅၄၅၀ | □ | ၂၂၅၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | - | - | ၃၂၀၀၀ | ▽ | ၁၄၅၀၀ | □ | ၄၆၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၅၀၀၀ | □ | ၉၁၀၀ | ▽ | ၃၉၀၀၀ | ▽ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၇၅၀၀ | □ | - | - | ၄၇၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၀၀ | □ | ၂၈၀၀၀ | △ | - | - | ၅၂၀၀၀ | △ |
| မန္တလေး | ၇၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၅၀၀ | □ | - | - | ၅၂၅၀၀ | □ |
| မော်လမြိုင် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၉၅၈၅ | □ | ၄၃၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | ▽ | ၂၄၅၀၀ | △ | - | - | ၄၄၀၀၀ | △ |
| ဘားအံ | ၅၁၀၀ | □ | ၂၁၀၀၀ | □ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန့်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၁၀-၅-၂၀၁၉ မှ ၁၆-၅-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Manual** လျှောက်ထားမှု | **Online** လျှောက်ထားမှု |
| | | စောင်ရေ | စောင်ရေ |
| 1 | Form A | 43 | 233 |
| 2 | Form D | 6 | 108 |
| 3 | Form E | 35 | 58 |
| 4 | Korea GSP | 2 | 7 |
| 5 | Form AK | 16 | 144 |
| 6 | Form AJ | 0 | 17 |
| 7 | Form AI | 0 | 95 |
| 8 | Form AANZ | 0 | 12 |
| 9 | Form DFTP | 0 | 5 |
| 10 | Form CHINA | 1 | 0 |
| **Grand Total** | | **103** | **669** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၇-၅-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၀/၅ | ၁၇/၅ | ပြောင်းလဲမှု | ၁၀/၅ | ၁၇/၅ | ပြောင်းလဲမှု | ၁၀/၅ | ၁၇/၅ | ပြောင်းလဲမှု | ၁၀/၅ | ၁၇/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၄၉ | ၁၃၇၅ | ▲ | ၁၃၀၀ | ၁၃၃၃ | ▲ | ၁၃၀၀ | ၁၃၇၅ | ▲ | ၁၃၀၀ | ၁၃၂၅ | ▲ |
| ပဲစင်းငုံ | ၁၅၁၀ | ၁၅၃၅ | ▲ | ၁၅၆၇ | ၁၆၁၇ | ▲ | ၁၅၆၅ | ၁၆၂၅ | ▲ | ၁၅၇၅ | ၁၆၀၀ | ▲ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၅၈၀ | ■ | ၂၀၉၈ | ၂၀၄၄ | ▼ | ၂၁၀၅ | ၂၀၆၇ | ▼ | - | - | - |
| ကုလားပဲရိုးရိုး | ၁၉၀၀ | ၁၉၀၀ | ■ | ၁၄၂၄ | ၁၄၅၀ | ▲ | ၁၄၁၅ | ၁၄၄၇ | ▲ | ၁၄၅၀ | ၁၄၆၅ | ▲ |
| ပဲလွန်းဖြူ | ၁၀၁၅ | ၁၀၈၀ | ▲ | ၁၁၃၃ | ၁၁၃၃ | ■ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၀၀၀ | ၉၅၀ | ▼ |
| ထောပတ်ပဲ | ၁၇၃၅ | ၁၇၃၅ | ■ | ၁၉၀၂ | ၁၈၆၇ | ▼ | ၁၇၇၉ | ၁၇၆၃ | ▼ | ၁၈၁၅ | ၁၈၁၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၄.၅.၁၉)ထိ | ယခုတစ်ပတ် (၁၁.၅.၁၉)ထိ | (၁.၁.၁၉) မှ (၁၁.၅.၁၉) ထိ |
| မတ်ပဲ | ၁၀၉၂၄၄ | ၈၄၁၁ | ၁၁၇၆၅၅ |
| ပဲတီစိမ်း | ၁၀၆၅၇၆ | ၄၉၇၆ | ၁၁၁၅၅၂ |
| ပဲစင်းငုံ | ၂၉၂၉၃ | ၄၄၈၈ | ၃၃၇၈၁ |
| ကုလားပဲ | ၄၃၂၂၆ | ၉၃၉ | ၄၄၁၆၅ |
| ပဲလွန်းဖြူ | ၂၂၅၉၄ | ၁၀၆၅ | ၂၃၆၅၉ |
| မြေထောက်ပဲ | ၆၁၅၈ | ၁၄၀ | ၆၄၉၈ |

## ပြည်ပဲကြီးသီးနှံ ပဲကြော်ဖိုလုပ်ငန်းများ ပုံမှန်ဝယ်ယူနေ

ယခုမေလလယ်အတွင်း ပြည်ဈေးကွက်၌ ပဲအားလုံးလိုလို ဈေးကောင်းရနေပြီး ပြည်တွင်းဝယ်လက် ပဲများထဲတွင် ပဲကြီးသီးနှံက ဈေးကောင်းရနေခဲ့သည်။ ဈေးကွက်သို့ ပဲဝင်ရောက်မှုအနေဖြင့်အိတ် ၁၅၀/၂၀၀ကျော်သာ ဝင်ရောက်ခဲ့ကာလက်ကျန်လှောင်ပဲများရှိခဲ့သည့်အတွက် တစ်ရက်အိတ် ၃၀၀/၃၅၀ကျော်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲကြော်ဖိုလုပ်ငန်းသမားများ အဓိကဝယ်ယူလျက်ရှိရာ ပဲဈေးအနေဖြင့် (ရွှေကျွန်း)တစ်တင်းကျပ် ၃၃၀၀၀၊ (ကမ်းနား) တစ်တင်း ကျပ် ၃၀၀၀၀ ဖြင့် အသီးသီးရောင်းဝယ်နေကြောင်း သိရသည်။

**ခင်ဆွေဝင်း**

## ပြည်ဈေးကွက်၌ ထောပတ်ပဲသီးနှံ ဈေးကောင်းရနေ

ပြည်ပဲဈေးကွက်၌ ပဲမျိုးစုံသီးနှံများ လက်လီလက်ကား ရောင်းဝယ်မှုဖြစ်လျက်ရှိခဲ့ကြကာ ထောပတ်ပဲသီးနှံအနေဖြင့် ပဲပေါ် ချိန်ကာလများတွင်သာလက်ကား ရောင်းဝယ်မှုဖြစ်ပြီး ကျန်ကာလများတွင် လက်လီ ရောင်းဝယ်မှုသာဖြစ်ခဲ့ကြသည်။ ပဲအဝင်မရှိဘဲ လက်ကျန်ပဲအနည်းငယ်ရှိ၍ နေ့စဉ် လက်လီရောင်းဝယ်မှုဖြစ်ခဲ့သည့်အတွက်အိတ် ၂၀ ကျော်သာ ရောင်းချခဲ့ကြရသည်။ ပဲဈေးမှာ တစ်တင်းလျှင် ကျပ် ၃၃၀၀၀ ဖြင့် လက်လီပဲဈေးကွက်အတွင်းတွင် ဈေးကောင်းရနေသည့် ပဲသီးနှံဖြစ်ကြောင်း လေ့လာသိရှိရသည်။

**ခင်ဆွေဝင်း**

## ပဲနီ ပုံမှန်ဝယ်လက်သာရှိသောကြောင့် ဈေးငြိမ်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့်ပွင့်ဖြူမြို့နယ်ထွက် ပဲနီများ ပုံမှန်ဝယ်လက်လက်လီသမားများသာ အဝယ်ရှိသောကြောင့် ဈေးငြိမ်နေကြောင်း ပွင့်ဖြူမြို့နယ်ရှိပဲဈေးကွက်မှသိရသည်။

ယခင်ကပဲနီဈေးကွက်မှာ နယ်ဝယ်လက်နှင့် ပုံမှန်ဝယ်လက်ဖြစ်သည့်လက်လီသမားများအဝယ်ရှိကြောင်း၊ ယခုအချိန်တွင် လက်လီသမားသာအဝယ်ရှိ၍ ဈေးငြိမ်နေကြောင်း ရေနံချောင်းပဲဈေးကွက်မှသိရသည်။

ရေနံချောင်းမြို့ပဲဈေးကွက်မှာ ပဲနီတစ်တင်းလျှင်ကျပ် ၂၂၀၀၀ ဈေးရှိပြီး ပွင့်ဖြူမြို့နယ် သံကိုင်ကျေးရွာ၊ ဇီးကျွန်းကျေးရွာ၊ ပေါက်ကုန်းကျေးရွာ၊ ထူးရွာ၊ ငါးခြောက်ကျွန်းကျေးရွာအပြင် ရေနံချောင်းမြို့နယ်မှ ကျေးရွာ ၁၀ ရွာခန့်မှ ပဲဝင်ရောက်မှုနည်းနေကြောင်းသိရသည်။

"လက်ရှိဈေးကအေးနေတဲ့အတွက် တောင်သူတွေလည်းဈေးကောင်းရမယ့် အချိန်စောင့်နေတာပါ။ ပဲသစ်ကလည်းပေါ်ပြီးတာ မကြာသေးလို့ဖြစ်မှာပါ" ဟု ဝက်လွတ်ကျေးရွာအုပ်စုမှတောင်သူတစ်ဦးကပြောသည်။ **ရွှေဇင်(ရေနံချောင်း)**

# ပခုက္ကူနှင့် ရေစကြိုကုန်စည်ဒိုင်တို့တွင် ပဲစင်းငုံနီနှင့် ပြောင်းဖူးစေ့(CP) အရောင်းအဝယ်သွက်

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီမှာ ပြန်လည်ဈေးမြင့်နေပြီး အရောင်းအဝယ်လည်သွက်နေပါသည်။ ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီအသစ်တစ်တင်းလျှင် ကျပ် ၃၃၀၀၀ဖြင့် အိတ် ၅၀ မှ ၁၀၀၊ ၂၀၁၈ ခုနှစ်ထွက် ပဲစင်းငုံနီအဟောင်း တစ်တင်းလျှင် ကျပ် ၂၉၀၀၀ အိတ် ၅၀ မှ ၁၀၀ ၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင် ကျပ် ၂၈၈၀၀ အိတ် ၁၀၀ ဥပုသ်နေ့မှလွဲ၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၇၇၀၀ အိတ် ၁၀၀၊ ကုလာပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၂၇၅၀၀အိတ် ၁၀၀၊ ကုလား ပဲဝါလုံးကြီး၉၂၉တစ်တင်းလျှင် ကျပ် ၂၇၅၀၀ အိတ် ၁၀၀၊စွန်တာနီ(ကျွန်း)တစ်တင်းလျှင် ကျပ် ၁၇၈၀၀ အိတ် ၇၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၇၆၀၀ အိတ် ၁၀၀၊ ပဲတီစိမ်းကြီးတစ်တင်းလျှင် ကျပ် ၃၉၀၀၀ အိတ် ၄၀၀၊ ထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၃၄၈၀၀ အိတ် ၃၀၀၊ အညာဒေသထွက် မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၉၂၀ ဖြင့် ကုန်ချိန် ၂၀၀၀ မှ ၄၀၀၀ထိ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

ရေစကြိုကုန်စည်ဒိုင်တွင် ယခုတစ်ပတ် ပြောင်းဖူးစေ့(CP)မှာအရောင်းအဝယ်သွက်နေသည်။ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၆၆၀၀ ဖြင့် အိတ် ၁၀၀၀ မှ ၂၀၀၀ ၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၇၅၀၀ ဖြင့်အိတ် ၂၀၀၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၁၇၈၀၀ ၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၁၀၀၀၊ နှမ်းဖြူသန့်တစ်တင်းလျှင် ကျပ် ၅၇၀၀၀၊ ပေါက်ဈေးရှိပြီး ဥပုသ်နေ့မှလွဲ၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည်မတ်ပဲ ဈေးကောင်းရပြီး ကုလားပဲဈေးငြိမ်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲသီးနှံပဲအဝင် အနည်းငယ်ရှိပြီး လှောင်ပဲများရှိကြသည့်အတွက် ဝယ်လိုအားရှိသလောက် ရောင်းချမှုရှိခဲ့သည်။ ဈေးကွက်တွင် နေ့စဉ်အဝယ်ရှိနေပြီး အိတ်၂၀၀ / ၂၅၀ ကျော် အရောင်းအဝယ်ဖြစ်ကာ ရန်ကုန်ဝယ်လက်သမားများက အဓိကဝယ်ယူနေသည့် မတ်ပဲဈေးမှာ တစ်တင်းလျှင် ကျပ်၂၇၅၀၀ ရရှိ၍ဈေးကောင်းရနေကြောင်းသိရသည်။

ယခုတစ်ပတ် ပြည်ပဲဈေးကွက်တွင် ကုလားပဲသီးနှံဝင်ရောက်မှုအနေဖြင့် အိတ်၂၀၀/၃၀၀ကျော်သာရှိခဲ့ပြီး ယခင်တစ်ပတ်ကထက် ပဲအဝင်လျော့နည်းသွားခဲ့သည်။ ပြည်အနီးတစ်ဝိုက်နှင့် ပေါင်းတလည်၊ ပေါက်ခေါင်းဒေသများမှ ဝင်ရောက်ခဲ့ပြီး ဝယ်လက်သမားအနေဖြင့် ခွဲစက်သမားများ ပုံမှန်ဝယ်ယူလျက်ရှိ သည်။ ကုလားပဲဈေးမှာတစ်တင်းလျှင် ကျပ်သုံးသောင်းဖြင့် ဈေးအတက်အကျ သိပ်မဖြစ်ဘဲ ဈေးငြိမ်ရောင်းဝယ်နေရကြောင်းသိရသည်။ **ခင်ဆွေဝင်း**

# ပခုက္ကူခရိုင်၌ ခရိုင်ရှင်မတောင်သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဖွဲ့စည်း

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးတွင်ခရိုင်ဦးစီးမှူး ဦးသန်းဦး ဦးဆောင်၍ မေ ၁၁ ရက်တွင် ပခုက္ကူခရိုင်၊ ခရိုင် ရှင်မတောင် သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းကို အလုပ်အမှုဆောင် ၃၉ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ခရိုင်ဦးစီးမှူး ဦးသန်းဦးက ယခုအစည်းအဝေးသို့ တက်ရောက်လာသော သနပ်ခါး အသင်း အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များကို ကျေးဇူးတင်ရှိကြောင်း၊ သနပ်ခါးအသင်းအဖွဲ့များကို မြို့နယ်အသင်းအဖွဲ့မှ ခရိုင်အသင်းအဖွဲ့၊တိုင်းအသင်းအဖွဲ့ထိတစ်ဆင့်ချင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ စိုက်ပျိုးထွက်ရှိသော သနပ်ခါးကို မြန်မာနိုင်ငံကပင် မူပိုင်ခွင့်ရရှိရမည်ဟု သုံးသပ်မိကြောင်း၊မြန်မာ့သနပ်ခါးအနေဖြင့် နာမည်နှစ်မျိုးရှိပါကြောင်း၊ ရွှေဘိုသနပ်ခါးနှင့်ရှင်မတောင်သနပ်ခါးဖြစ်ကြောင်း၊ GI ရရှိအောင် အသင်းအဖွဲ့မှတစ်ဆင့် အသင်းချုပ်ထိ ဖွဲ့စည်းဆောင်ရွက်ထားမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့ကို မြိုင်နှင့်ရေစကြိုမြို့နယ် သနပ်ခါးအသင်းစတင်ဖွဲ့စည်းခဲ့ကြောင်း၊ သနပ်ခါးကို ခရိုင်တစ်ခုလုံး စိုက်ပျိုးကြကြောင်း၊ မြိုင်နှင့်ရေစကြိုသနပ်ခါးအသင်းကို ခရိုင်အသင်းအဖွဲ့၌ထည့်လျှင် ကျန်သည့်မြို့နယ်များမှသနပ်ခါး မစိုက်ပျိုးကြဟုထင်ရကြောင်း၊ ထို့ကြောင့် ပခုက္ကူ ပေါက်၊ ဆိပ်ဖြူ မြို့နယ်များကို သနပ်ခါးအသင်း ဆက်လက်ဖွဲ့စည်းခဲ့ပါကြောင်း၊ မြိုင်မြို့နယ် သနပ်ခါးအသင်းမှ အသင်းသားဦးရေ ၂၀၀ ကျော်နှင့် ရေစကြိုမြို့နယ် သနပ်ခါးအသင်းမှ အသင်းသား ဦးရေ ၃၀၀ ကျော် ရှိကြောင်း၊ အသင်းအဖွဲ့များကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ခိုင်မာသော အသင်းအဖွဲ့ဖြစ်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပခုက္ကူသနပ်ခါးအသင်းမှတာဝန်ရှိသူများသည် ခရိုင်တစ်ခုလုံး တာဝန်ယူရမည်ဖြစ်ကြောင်း၊ မြို့နယ်အသင်းမှ တာဝန်ရှိသူများသည်လည်း မြို့နယ်မှာ ဆက်လက်တာဝန်ယူရမည်ဖြစ်ကြောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အတွေ့အကြုံရှိသူ၊ လုပ်နိုင်ကိုင်နိုင်သူများကိုသာ ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ခရိုင်သနပ်ခါးအသင်းလက်အောက်တွင် ဈေးကွက်ဖော်ဆောင်ရေးအဖွဲ့၊ စိုက်ပျိုးထုတ်လုပ်ရေးအဖွဲ့၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေးအဖွဲ့ဟူ၍ ဆပ်ကော်မတီအဖွဲ့သုံးဖွဲ့ ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ မြန်မာ့သနပ်ခါးဈေးကွက်ကောင်းလျှင် တစ်ဦးတစ်ယောက်ချင်းစိုက်ပျိုး၍မရပါ။ သနပ်ခါးစိုက်ပျိုးသူ အများအပြားရှိမှသာဈေးကွက်ရရှိမှာဖြစ်ကြောင်း၊ မြန်မာ့သနပ်ခါးအသင်းချုပ်မှ သနပ်ခါးကို ဓာတ်ခွဲစမ်းသပ်သည့်အခါ ပြည်ပမှ လက်မခံနိုင်သော ပိုးသတ်ဆေးကြွင်းများ တွေ့ရှိရကြောင်း၊ ထို့ကြောင့် သနပ်ခါးဈေးကွက်ပျက်ရသည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်တည်းမနိုင်လျှင် အသင်းအဖွဲ့ဖြင့်ဆောင်ရွက်ရမည်။ အသင်းတစ်ခု တည်းမနိုင်လျှင် ခရိုင်အတွင်းရှိ (၅)မြို့နယ်မှ အသင်းငါးသင်းလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒါမှသာ သနပ်ခါးအသင်းကြီး ဆက်လက်တည်တံ့အသက်ဝင်မှာဖြစ်ကြောင်း၊ ငါးမြို့နယ်မှ သနပ်ခါးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပခုက္ကူခရိုင်၊ ခရိုင်ရှင်မတောင် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအဖြစ် ပီပီပြင်ပြင် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံသနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပခုက္ကူ ရေစကြို၊ မြိုင်နှင့် ပေါက်၊ ဆိပ်ဖြူမြို့နယ်များမှသနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သနပ်ခါးစိုက် တောင်သူများ၊ သနပ်ခါးကုန်သည်ပွဲစားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၅၆ ဦးတက်ရောက်ခဲ့ကြသည်။

**သူဇာကျော်(ပခုက္ကူ)**

Vol: 19, No.18 Monday May 20 2019

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရေနံချောင်းဘဏ်ခွဲမှ မိုးရာသီ ဘဏ်ချေးငွေများ ထုတ်ချေး

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရေနံချောင်းဘဏ်ခွဲမှ ၂၀၁၉ခုနှစ် မိုးရာသီဘဏ်ချေးငွေများကို မေ ၆ ရက်မှစ၍ တောင်သူများအား ထုတ်ချေးပေးနေပြီး ဇွန်လတွင်အပြီး ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ကျပ်သိန်း ၄၄၀၀၀ ထုတ်ချေးရန် လျာထားကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရေနံချောင်းဘဏ်ခွဲမှသိရသည်။

ယခုနှစ် မိုးရာသီဘဏ်ချေးငွေများကို တောင်သူများအား စပါးတစ်ဧကလျှင် ကျပ်တစ်သိန်းငါးသောင်း၊အခြားသီးနှံ(ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲ)စသည့် သီးနှံတစ်ဧကလျှင် ကျပ်တစ်သိန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ်မြန်မာ့လယ်ယာဘဏ်ခွဲ မန်နေဂျာဒေါ်သွယ်သွယ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ်ရှိ ကျေးရွာအုပ်စု ၂၆ အုပ်စုမှ တောင်သူ ၆၈၀၀ ဦးအား ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ထုတ်ချေးမည့် လျာထားခန့်မှန်းပမာဏမှာ စုစုပေါင်းကျပ်သိန်း ၄၄၀၀၀ ဖြစ်ကြောင်းသိရသည်။ယခင်နှစ် ၂၀၁၈ခုနှစ် မိုးရာသီဘဏ်ချေးငွေမှာ စုစုပေါင်းကျပ်သိန်း ၂၂၀၀၀ ကျော်ထုတ်ချေးခဲ့ပြီး အပြေအလည်ဆပ်နိုင်ခဲ့ကာ ကြွေးကျန်မရှိခဲ့ကြောင်းသိရသည်။

**ရွှေဇင်(ရေနံချောင်း)**

# ပြည်တွင် လယ်ယာသုံးစက်ကိရိယာ ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများနှင့်တွေ့ဆုံ

ပြည်ခရိုင် စားသုံးသူရေးရာဦးစီး ဌာန ပြည်ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းသည် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်စက်မှုလယ်ယာ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာနတို့နှင့်ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တောင်သူများအကြား အငြင်းပွားမှုများမဖြစ်ပေါ်စေရေး၊ လုပ်ငန်းရှင်များဘက်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့်အညီ ဆောင်ရွက်မှုရှိစေရေးတို့အတွက် ပြည်မြို့နယ်နှင့်ရွှေတောင်မြို့နယ်အတွင်းရှိ လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီများဖြစ်သည့် New Holland၊ G.B.S၊ Shwe Tun၊ Hpan Tee Shine၊ ဝင်းဝင်း၊ 3 Stars၊ သရဖူစိုးမြင့်စသည့် ကုမ္ပဏီများမှလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များ စုစုပေါင်း ၁၄ ဦးနှင့်တွေ့ဆုံ ဆွေးနွေးပွဲကို မေ ၁၄ ရက်တွင် ပြည်ခရိုင်စားသုံးသူရေးရာ ဦးစီးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်ခရိုင်ဦးစီး မှူး ဦးစိုးငြိမ်းက ကုမ္ပဏီလုပ်ငန်းရှင်များမှ လယ်ယာသုံးစက်ကိရိယာများ ရောင်းချရာတွင် တန်ဖိုးငွေအဆမတန် မြင့်တင်ရောင်းချခြင်းမပြုရန်၊ ထုတ်လုပ်သည့် မူလပင်ရင်းနိုင်ငံကို သိသာထင်ရှားစွာဖော်ပြပေးရန်၊ နှစ်ဦးနှစ်ဖက် မျှတသော အရောင်းအဝယ်စာချုပ်ဖြစ်စေရန်၊ After Sale Service အပိုင်းနှင့် Spare Parts ပစ္စည်းများ အလွယ်တကူ ရရှိစေရန်အာမခံပေးခြင်းတို့ကို အလေးထားဆောင်ရွက်သွားရန် စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉) ပါ အခန်း(၁၈)ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၂၀၂၀ ခုနှစ် မတ် ၁၅ ရက်တွင် စတင် အာဏာတည်မည်ဖြစ်သဖြင့် ကုန်အညွှန်းအမှတ်အသားများကို ကုန်စည်အမျိုးအစားအလိုက် ဥပဒေပါအတိုင်း သိသာထင်ရှားစွာဖော်ပြရန်၊ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် ပါဝင်သည့်အပိုဒ်(ခ) နှင့်(ဆ)တို့အား မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတစ်ခု(သို့) တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်ဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေနှင့် ကြိုတင်သိရှိ လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော သက်ဆိုင်ရာဌာနများမှ လိုအပ်သည့် အချက်အလက်များ ရှင်းလင်း ဆွေးနွေးခဲ့ပြီး ကုမ္ပဏီလုပ်ငန်းရှင်များ ကိုယ်စားတက်ရောက်လာသူများမှ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများတွင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဝန်ဆောင်မှုအပိုင်းနှင့်ပတ်သက်၍ ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ အပိုပစ္စည်းများ အလွယ်တကူရရှိစေရန် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြပြီး သိလိုသည်များမေးမြန်းခဲ့ရာ ခရိုင်ဦးစီးမှူးက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးခဲ့ပြီး စားသုံးသူကာကွယ်ရေးဥပဒေဆိုင်ရာ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းလှဲ့ဝါ(ပြည်)**

# အညာသရက်သီးများလှိုင်လှိုင်ပေါ်နေသော်လည်း အဝယ်အားနေ

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်နှင့်ရေနံချောင်းမြို့နယ်မှသရက်သီးများ လှိုင်လှိုင်ပေါ်နေပြီဖြစ်ရာ ဈေးကွက်သို့ဝင်ရောက်လျက်ရှိသော်လည်း နေအပူရှိန်နှင့် မိုးမရွာ၍ အဝယ်အေးပြီး ဈေးကျလျက်ရှိကြောင်း သိရသည်။

"နေအပူချိန်မြင့်နေတာ မိုးကလည်းမရွာတော့ သရက်သီးစားသုံးသူ အဝယ်အေးနေတာပါ။ မိုးမရွာဘဲစားရင် မိတ်ထွက်တယ်လို့ပြောပြီးမစားကြဘူး။ ယခင်နှစ် ကာလတူမှာ သရက်သီးအမျိုးအစားပေါ် မူတည်ပြီး သရက်သီးအလုံး ၁၀၀ လျှင် ကျပ် ၃၀၀၀၀၊ သရက်သီးအလုံး ၁၀၀ လျှင်ကျပ် ၂၀၀၀၀ ပေါက်ဈေးရပါတယ်။ ယခုနှစ်မှာ ကျပ် ၂၀၀၀၀၊ ကျပ် ၁၅၀၀၀ ပေါက်ဈေးရောင်းရကြောင်း၊ လက်ရှိ အသစ်လှိုင်ချိန်မှာ ဈေးကောင်းမရဖြစ်နေတာပါ"ဟု နတ်မောက်မြို့နယ်သို့ သရက်သီးလှည့်လည်ဝယ်ယူသူဦးစိုးမြင့်က ပြောသည်။

"မိုးလုံးဝမရွာသေးပါဘူး။ အပင်ပေါ် မစွတ်ဘဲ ထားတော့ နေလောင်တဲ့အတွက် ဈေးကွက်မဝင်ဘူး။ ဒါကြောင့် စွတ်ခူးပြီးသစ်ရွက်ခြောက်နှင့်အုံးပြီး အမှည့် ခံရောင်းရတယ်။ ဈေးလည်းယခင်နှစ်က ပေါ်ဦးပေါ် ဖျားမှာ သရက်အလုံး ၁၀၀ လျှင် ကျပ်၃၀၀၀၀ ရတယ်။ ဒီနှစ်တော့ကျပ် ၂၀၀၀၀ပဲရတယ်။ ဈေးက ပက်ပက်စက်စက်ကျတယ်"ဟု သရက်ခြံပိုင်ရှင် ဦးထွန်းဦးက ပြောသည်။ အထက်ပါဒေသရှိ သရက်သီးခြံအချို့ခူးစွတ်ပြီး ရောင်းချကြသလို အချို့ခြံများ ဈေးကောင်းရရန် စောင့်မျှော်နေကြကြောင်းသိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# မြန်မာ့ဆိပ်ကမ်းတွင် ၁၆.၅.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

## (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - UNI ANGEL | TEU 615 တင်ဆဲTEU 553 ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - ISEACO GENESIS | TEU 753 တင်ဆဲTEU 673 ချဆဲ |
| အလုံဆိပ်ကမ်း(၃) | - OCEAN -39 | Yellow Mize တန် ၆၅၀၀ ချဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - DONG AN | Urea (In Bulk) ၆၅၀၀ချဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - BUDVA | ဆန်တန်ချိန် ၂၃၀၀၀ တင်ဆဲ |
| MIPL ဆိပ်ကမ်း | - ZOES | Steel & Fertilizer ၂၆၄၄၆ ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - DENSA LEOPARD | Steel ၂၉၃၄၁ ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - KEN OECHID | Steel & Urea ၁၆၃၆၀ ချဆဲ |
| MMTM JETTY | - MT OCEAN GOBY | Diesel ၁၁၄၇၅ Mogas 92RON ၁၁၀၂၃ချဆဲ |

## (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MOSEL ACE | Unit Vehicle (RO/RO) ၇၂တန်ချရန် | - | ၁၇.၅.၂၀၁၉ |
| THAI BINH-99 | ဆန်တန် ၉၈၀၀ ကုန်တင်ရန် | SINGAPORE | ၁၈.၅.၂၀၁၉ |
| TRUONG MINH STAR | Urea(In Bulk) 9000 ချရန် | MALAYSIA | ၁၈.၅.၂၀၁၉ |
| MODERN LINK | Unit Vehicle (RO/RO) ၃၈၂ချရန် | JAPAN | ၁၈.၅.၂၀၁၉ |
| BISCAYNE LIGHT | ဆန်တန် ၂၀၀၀၀ တင်ရန် | EAST AFRICA | ၁၈.၅.၂၀၁၉ |
| ESENIYA | G/C+ 8 Unit Contr(Gear Less)၇၂ချရန် | RUSSIAN | ၁၉.၅.၂၀၁၉ |
| ATLANTIS DISCOVERY | Coal(In Bulk) ၂၆၀၀၀ ချရန် | RUSSIA | ၁၉.၅.၂၀၁၉ |
| MOON DANCE | Steel&Vehicle ၂၇၀၀၀ ချရန် | CHINA | ၂၀.၅.၂၀၁၉ |
| OCEAN CROSS | ဆန်တန် ၂၀၀၀၀ တင်ရန် | WEST AFRICA | ၂၀.၅.၂၀၁၉ |
| ATLANTIC TRADE | ဆန်တန် ၂၅၀၀၀ တင်ရန် | WEST AFRICA | ၂၁.၅.၂၀၁၉ |
| ZEA FAST | Vehicle & Contr ၄၄၀ ချရန် | RUSSIA | ၂၂.၅.၂၀၁၉ |
| TRUONG MINH DRAGON | Urea(In Bulk) ၁၂၅၀၀ချရန် | MALAYSIA | ၂၃.၅.၂၀၁၉ |
| JIN ZHOU HAI | Steel တန် ၂၀၀၀၀ ချရန် | CHINA | ၂၃.၅.၂၀၁၉ |
| ARION | Steel & Fertilizer တန် ၂၆၅၅၄ ချရန် | CHINA | ၂၄.၅.၂၀၁၉ |
| VENUS TRIUMPH | Steel Project Cargo ၂၇၈၈ ချရန် | COLOMBO | ၂၅.၅.၂၀၁၉ |

## (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHERRY VESTA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၆.၅.၂၀၁၉ |
| PACAO | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၇.၅.၂၀၁၉ |
| MOUNT KELLETT | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၈.၅.၂၀၁၉ |
| MAERSK WIESBADEN | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၈.၅.၂၀၁၉ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၅.၂၀၁၉ |
| IAL 001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၅.၂၀၁၉ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၅.၂၀၁၉ |
| ALS SATSUKI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၀.၅.၂၀၁၉ |
| NORD TIGER | SINGAPORE | သီလဝါ /စက်မှုဆိပ်ကမ်း | ၂၀.၅.၂၀၁၉ |
| SINAR VANGA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၅.၂၀၁၉ |
| RHL AQUA | SINGAPORE | သီလဝါ /စက်မှုဆိပ်ကမ်း | ၂၂.၅.၂၀၁၉ |
| MITRA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၅.၂၀၁၉ |
| OCEAN BROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃.၅.၂၀၁၉ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှု ဆိပ်ကမ်း | ၂၇.၅.၂၀၁၉ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၅.၂၀၁၉ |

## (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN DOLPHIN | MOGAS 92 RON | - | ၁၆.၅.၂၀၁၉ |
| MT. GLORY OCEAN | DIESEL OIL | SINGAPORE | ၁၇.၅.၂၀၁၉ |
| MT. OCEAN MARLIN | DIESEL OIL | SINGAPORE | ၁၇.၅.၂၀၁၉ |
| MT. POLE STAR | P.Oil(In Bulk) | INDONESIA | ၁၇.၅.၂၀၁၉ |
| MT.OCEAN COD | MOGAS 92 RON | SINGAPORE | ၁၇.၅.၂၀၁၉ |
| MT.VIET TIN LUCKY | P.Oil(In Bulk) | INDONESIA | ၁၈.၅.၂၀၁၉ |
| MT.ORCA PACIFIC | DIESEL OIL | SINGAPORE | ၁၉.၅.၂၀၁၉ |
| MT.YU HAI | DIESEL OIL+MOGAS 92 RON | SINGAPORE | ၁၉.၅.၂၀၁၉ |
| MT.OCEAN MORAI | MOGAS 92 RON | SINGAPORE | ၁၉.၅.၂၀၁၉ |
| MT.OCEAN JACK | MOGAS 92 RON | SINGAPORE | ၁၉.၅.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၂၀.၅.၂၀၁၉ |
| MT.VL-21 | P.Oil(In Bulk) | INDONESIA | ၂၂.၅.၂၀၁၉ |
| MT.GLORY STAR | DIESEL OIL | SINGAPORE | ၂၂.၅.၂၀၁၉ |

# ပြည်သံပရာသီး အရောင်းအဝယ်သွက်၍ ဈေးကောင်းနေ



ပြည်ဒေသထွက် သံပရာသီးဈေးကွက် ယခုနှစ်မှာ အရောင်း အဝယ်ပိုဖြစ်ပြီး ဈေးကောင်းရလျက်ရှိသည်။ ဒေသတွင်းအထွက်လည်း များပြီး၊ နှစ်စဉ် ရန်ကုန်၊ မန္တလေးသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခုနှစ် သံပုရာသီးစိုက်တောင်သူများ ဈေးကောင်းရရှိပြီး နယ်ဝယ်လက်တွေ ပိုမိုတင်ပို့ရခြင်းကြောင့် ဒေသတွင်း သံပရာသီးဈေးကွက်မှာ ဈေးကောင်းရရှိလျက်ရှိသည်။

လက်ကားသံပုရာသီး ရာချင်းဈေး တစ်လုံးလျှင် ၅၅ကျပ်၊ ၆၅ကျပ်မှ ၈၀ ကျပ်ဈေးတို့ဖြစ်ပြီး ဒေသတွင်းလက်လီဈေးမှာ တစ်လုံးလျှင် ၈၀ကျပ်၊ ၁၀၀ကျပ်၊ ၁၅၀ကျပ်တို့ဖြင့် အသီးသီး ရောင်းချလျက်ရှိနေသည်။

**နီနီဝင်း**

ကြက်သွန်

# ကျောက်ပန်းတောင်းနှင့်ရေနံချောင်းတို့တွင် ကြက်သွန်နီဈေးအေးနေ

ကျောက်ပန်းတောင်းမြို့နယ်နှင့်ရေနံချောင်းမြို့နယ် ကြက်သွန်နီများဈေးကွက်တွင် ဈေးအေးနေကြောင်းပွဲစားများ တောင်သူများထံမှသိရသည်။

လက်ရှိကြက်သွန်နီဈေးကွက်အခြေအနေက ကုန်သည် ဝယ်ရောင်းသမားနှင့် လက်လီသမားနှစ်မျိုးရှိသော်လည်း အဝယ်အေးနေသည်။ ယခင်တစ်ပတ်တွင် ကြက်သွန်နီဥကြီး တစ်ပိဿာကျပ် ၄၅၀ ဈေးရှိပြီး လက်လီဈေးအနေနှင့် ယခုတစ်ပတ်တွင် ကြက်သွန်နီတစ်ပိဿာကျပ် ၇၀၀၊ အလတ် တစ်ပိဿာကျပ် ၅၀၀ ဈေးရှိကြောင်း သိရသည်။

အညာဒေသထွက် ကြက်သွန်နီအသစ်ပေါ် ချိန် နှစ်လ ကျော်ကြာသွားပြီဖြစ်ပြီး ဈေးကွက်အနေအထားအရ မန္တလေး၊ ပြည်နှင့်ရန်ကုန်တို့မှ အဝယ်အေးနေပြီး လက်လီသမားများကိုသာ ရောင်းနေရကြောင်း ရေနံချောင်းမြို့နယ် ကြက်သွန်နီဈေးကွက်မှသိရသည်။ **ရွှေဇင်(ရေနံချောင်း)**

# ပြည်ကြက်သွန်နီ ဈေးကွက်သို့ ဝင်ရောက်မှုနည်း

ယခုတစ်ပတ် ပြည်ကြက်သွန်နီဈေးကွက်သို့ ပြည်ဒေသတစ်ဝိုက် စိုက်ပျိုးထွက်ရှိသည့် မော်ဇာ၊ ကုန်းရိုး ကြက်သွန်နီများ ဝင်ရောက်မှုမရှိတော့ဘဲ အောင်လံ၊ သရက်၊ ဆိပ်ဖြူ၊ တောင်တွင်း၊ ကံမအစရှိသည့်နယ်များမှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင် အိတ် ၃၀၀ မှ ၃၅၀ ခန့်သာ ဝင်ရောက်မှုရှိတော့သဖြင့် ယခင်တစ်ပတ် ဝင်ရောက်မှုနှင့်နှိုင်းယှဉ်လျှင် အဝင်နည်းသွားသည်။

ဈေးကွက်အတွင်း စားသုံးသူပြည်သူများမှ ဝယ်ယူသုံးစွဲမှုနည်းသွားခြင်း၊ ပွဲရုံလုပ်ငန်းရှင်များမှ မှာယူတင်သွင်းမှုနည်းသွားခြင်းတို့ကြောင့် အဝင်နည်းသွားရခြင်းဖြစ်ကြောင်းလည်း သိရသည်။ ဈေးနှုန်းများမှာ ကြက်သွန်နီတစ်ပိဿာလျှင် ပွဲရုံလက်ကားဈေး(ကြီး/ လတ်/ သေး) ကျပ် ၆၀၀/၅၅၀/၅၀၀ နှင့်လက်လီဈေးအသေးများတွင် (ကြီး/လတ်/သေး) ကျပ် ၈၀၀/၇၀၀/၆၀၀ နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေကြောင်း သိရသည်။ **ဝင်းလှဲ့ဝါ(ပြည်)**

# သာယာဝတီဈေးကွက်အတွင်း ကြက်သွန်နီ အရောင်းအဝယ်သွက်လျက်ရှိ

ယခုသီတင်းပတ်အတွင်း သာယာဝတီခရိုင်ဈေးကွက်သို့ ကြက်သွန်နီများမှာ နေ့စဉ်ပုံမှန်ဝင်ရောက်လျက်ရှိကာ ပြည်၊ အောင်လံ၊ တောင်တွင်း စသည့်နယ်များမှ နေ့စဉ်ခရိုင်အတွင်း မြို့နယ်များသို့ ပိဿာ ၃၀ ဝင် အိတ် ၅၀ ကျော် ဝင်ရောက်လျက်ရှိပြီး မိုးရာသီစာအတွက် ကြိုတင် သိုလှောင်ချိန်ကာလဖြစ်သောကြောင့် အရောင်းအဝယ်သွက်လျက်ရှိသည်။

ဈေးနှုန်းအားဖြင့် လက်လီတစ်ပိဿာလျှင်ကျပ် ၇၀၀ (လတ်၊ ကြီး)ရှယ်၊ အသေးတစ် ပိဿာလျှင်ကျပ် ၆၀၀ နှင့် အခွံကျွတ် အသေးတစ်ပိဿာလျှင် ကျပ် ၅၀၀ ခန့် အသီးသီး ရောင်းချနေသည်ကိုတွေ့ရသည်။ အရည်အသွေး သိပ်မကောင်းသည့် အခွံကျွတ်ကြက်သွန်နီ(အသေး)များကိုနေ့စဉ်အသုံးရှိသည့် စားသောက်ဆိုင်များက ဝယ်ယူသကဲ့သို့ လက်လုပ်လက်စားများ ဝယ်ယူမှုများသည့်အတွက် ပိုပြီးအရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။ **ဝေဝေဖြိုး( သာယာဝတီ)**



# တရုတ်သို့ ကြက်သွန်နီတင်ပို့မှုလျော့နည်းလာပြီး ဈေးငြိမ်

ယခုရက်သတ္တပတ်အတွင်း မေ ၈ ရက်မှ ၁၄ ရက်ထိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့တင် ပို့လျက်ရှိသော ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၄၅၀ ဝန်းကျင်ဈေးရှိသည်။

မေ ၁ ရက်မှ ၇ ရက်ထိ တင်ပို့မှုမှာ ကားအစီးရေ ၂၀၈ စီး၊ တင်ပို့တန်ချိန် ၄၀၆၇ တန်ဖြစ်ကာ ဈေးနှုန်းမှာကျပ် ၄၅၀ ဝန်းကျင်ဖြစ်သည်။ မေ ၈ ရက်မှ ၁၄ ရက်အထိ ကားစီးရေ ၁၂၁ စီး၊ တင်ပို့တန်ချိန် ၂၂၇၀ တန်အရောင်းအဝယ်ဖြစ်သဖြင့် မြန်မာမှတရုတ်သို့ ကြက်သွန်နီတင်ပို့မှု တန်ချိန်လျော့နည်းလာပြီး ဈေးနှုန်းမှာ ကျပ် ၄၅၀ ဝန်းကျင်ဖြင့် ပုံမှန်ဖြစ် နေသည်။

မေ ၈ရက်မှ ၁၄ရက်အတွင်း တရုတ်ငွေဈေးမှာတစ်ယွမ်လျှင် ၂၂၁ ကျပ်ဈေးဖြစ်ပြီး ကြက်သွန်နီတစ်တန်လျှင် မြန်မာငွေကျပ် ၂၇၈၀၀၀ - ၂၈၅၀၀၀ ရရှိသည်။ တစ်ပိဿာဈေးနှုန်းမှာ မြန်မာငွေကျပ် ၄၅၀ ဝန်းကျင်ရရှိပြီး တရုတ်ယွမ်နှစ်ယွမ်ခန့်ရရှိကြောင်း ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင် စာရင်းအရ သိရှိရသည်။

**စိုးသန္တာထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

မန်ကျည်း

# ပြည်မန်ကျည်းမှည့် ဝယ်လက်ရှိခြင်းကြောင့် အရောင်းအဝယ်ဖြစ်နေ

ပြည်မန်ကျည်းမှည့်(ပွဲရုံ)များသို့ ဟသ်ာတ၊ ကြံခင်း၊ တောင်တွင်း၊ အောင်လံနှင့် ဒေသတွင်းထွက်ရှိသည့် မန်ကျည်းမှည့်များ (ပွဲရုံ)သို့ လှိုင်လှိုင်ဝင်ရောက်နေပြီး ရန်ကုန်၊ စစ်တွေ၊ ရခိုင်ဝယ်လက်များ မေလ(တတိယပတ်)မှာ ဝယ်လက်များ အစွဲရှိလာခြင်းကြောင့် အရောင်းအဝယ်ပိုဖြစ်လာကြောင်းသိရသည်။

ယခုအပတ် ရန်ကုန်သို့ အများဆုံး တင်ပို့ရကြောင်းလည်းသိရသည်။ ဒေသတွင်းအရောင်းအဝယ်လည်း ရာသီဥတုဒဏ်ကြောင့် ပိုမိုရှိခဲ့ကြောင်းသိရသည်။ မန်ကျည်းမှည့်တစ်ပိဿာဈေး(ပွဲရုံဈေး) အစေ့လွတ် ကျပ် ၁၉၀၀ နှင့် (လက်လီဈေး)ကျပ် ၂၂၀၀ တို့ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ **နီနီဝင်း**

နနွင်း/ချင်း

# နနွင်းတန်ချိန် ၃၀၀ကျော် တင်ပို့

မေ ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း နနွင်း ၃၃၅ ဒသမ ၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံသို့ သုည ဒသမ ၈ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၇၀၊ အိန္ဒိယနိုင်ငံသို့ ၂၀၉ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နနွင်း၃၉၄ တန်ကျော်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၅၀ ကျော် တင်ပို့မှုလျော့နည်း ခဲ့ကြောင်း သိရသည်။နနွင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၉၀ ကျော်ရရှိခဲ့ပြီး နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၆၅၆၅၀ ဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

# ရှမ်းချင်း ဈေးကောင်းရနေ

ရှမ်းချင်းကတော့ဈေးကောင်းနေဆဲပါပဲ။ ဈေးကောင်းရနေပေမယ့် ဈေးကွက်မှာတော့ ပစ္စည်းလက်ကျန်နည်းနေပါတယ်။ ရာသီဥတုကပူပြင်းပြီး မိုးကလည်းမရွာနိုင်သေးတော့ ချင်းကိုဖော်လို့ မရသေးဘူးလို့ သိရပါတယ်။ ဝယ်လိုအားကရှိနေပေမယ့် ပစ္စည်းမရှိတာကြောင့် အရောင်းအဝယ်ကလည်း များများစားစားမဖြစ်ဘူးလို့ ဆိုပါတယ်။ ချင်းမှာ တစ်နှစ်လုံးနီးပါးအဆွဲသွက်နေ၍ဈေးကောင်းရနေတဲ့သီးနှံဖြစ်ပါတယ်။ သင်္ကြန်ပြီး ဒုတိယပတ်ကစပြီး အဝင်များလာသလို ဖြုန်းအားလည်းကောင်းခဲ့ပါတယ်။

ဧပြီတစ်လလုံး အရောင်းအဝယ်ကောင်းနေပြီး မေလမှာတော့ ပစ္စည်းအဝင်နည်းလာတာကြောင့် အရောင်းအဝယ်ကလည်း နည်းသွားတယ်လို့ သိရပါတယ်။ မိုးရွာရင်တော့ ချင်းကိုဖော်လို့ရရင် ဈေးကွက်မှာလည်းအပြောင်းအလဲဖြစ်လာနိုင်လို့ တောင်သူတွေကလည်း ဖော်ချင်နေကြပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာချင်းတစ်ပိဿာပေါက်ဈေးက ကျပ် ၁၅၀၀- ၁၆၀၀- ၁၇၀၀ ဈေးရှိပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာ ကျပ် ၁၅၀၀ ဈေးရှိပါတယ်။ **ဧခိုင်(တောင်ကြီး)**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းတန်ချိန် ၆၀၀ကျော်တင်ပို့

မေ ၅ ရက်မှ ၁၁ ရက်သီတင်းပတ်အတွင်း ချင်း ၆၄၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုသာ တင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ချင်း ၆၇၂ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ချင်း ၂၅ တန် တင်ပို့မှုလျော့နည်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂၆၇၀၀ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။ **သီတာဝင်း(DOT)**

မန်ကျည်း/နှမ်း

# ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုလျော့

မေ ၅ ရက်မှ ၁၁ ရက်သီတင်းပတ်အတွင်း မန်ကျည်း၇၃၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့ ၅၈တန်၊ အီရန်နိုင်ငံသို့ တန်ချိန် ၅၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၅၀၊ ပါကစ္စတန်နိုင်ငံသို့ ၃၉၈ တန်နှင့် စင်ကာပူနိုင်ငံသို့ ၇၅ တင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၁၂၂၀ ကျော်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၈၀ ကျော် တင်ပို့မှု လျော့နည်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁၉၆၅၀ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။ **သီတာဝင်း(DOT)**

# ပြည်နှမ်းဈေးကွက် အရောင်းအဝယ်အေးနေ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် ယခုတစ်ပတ်၌ နှမ်းဝင်ရောက်မှုမရှိသည့်အတွက် အရောင်းအဝယ်မှာ အနည်းငယ်သာဖြစ်နေသည်ကို တွေ့ရသည်။ ဈေးကွက်တွင် နွေနှမ်းများစိုက်ပျိုးပြီး ထွက်ရှိမှုအချိန်လိုသေးသည့်အတွက် ဈေးကွက်တွင် နှမ်းရှားခြင်း၊ ပစ္စည်းပြတ်ခြင်းတို့ကြောင့် အရောင်းအဝယ်ဖြစ်လျှင် အိတ် ၅၀-၆၀လောက်သာ အရောင်းအဝယ်ဖြစ်သည်ကိုတွေ့ရသည်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၈၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၆၃၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေသော်လည်း စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၉၁၀၀၀ ဖြင့် ဈေးအနည်းငယ်မြင့်လာတာတွေ့ရသည်။ **ဝေဝေမင်း(ပြည်)**

# ကုန်ပစ္စည်းအတုပြဿနာကြောင့် ပြည်သူ့နစ်နာ ဆုံးရှုံးမှုမဖြစ်ပေါ်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး




**နိုင်ဦး(DOCA)**

ငယ်ငယ်တုန်းက ဖတ်ခဲ့ဖူးသော ချိုတကူးနှင့် ဂုဏ်ရည်မတူ ဇာတ်လမ်းလေးကို မှတ်မှတ်ရရဖြစ်မိသည်။ ဘယ်သူကမွေး၍ ဒီကို ရောက်လာမှန်းမသိသော တိုင်းတစ်ပါးသား ချိုတကူးလေးသည် အမိ၊ အဖ ဘယ်သူမှန်းမသိ၊ မိမိ ဒီကိုဘယ်လိုရောက်လာမှန်းမသိ ခက်ခဲ ပင်ပန်းကြမ်းတမ်းစွာ ဘဝကိုရုန်းကန်လှုပ်ရှားခဲ့ရသည်ကို ဝမ်းနည်းရမှန်း မသိခဲ့သော်လည်း ဂုဏ်ရည်မတူရုပ်ရှင်ကားကြည့်မိသော အခါ သရုပ်ဆောင်ကောင်းလွန်းသောကြောင့် ချိုတကူးလေးဝမ်းနည်းကြေကွဲစွာ မျက်ရည်ကျခဲ့သည်။ ဘဝစစ်ကို ကြေကွဲစရာလို့မမြင်ဘဲ သဏ္ဍာန်လုပ် သရုပ်တူစွာ သရုပ်ဆောင်နေသောဘဝတုကိုကြည့်ပြီး မျက်ရည်ကျခဲ့သည်။ တစ်ခါကလည်း ပင်စင်ယူသွားသည်မှာ အနှစ် ၂၀ လောက်ရှိပြီဖြစ်သော ဆရာသမားတစ်ဦးထံသို့ ဆရာသမား နေ့စဉ် ဆေးဖြစ်ဝါးဖြစ်မှီဝဲသော အသားတံဆိပ်ပါ ရမ်အရက်အစစ် သုံးလုံးကိုသွားရောက်ဂါရဝပြုခဲ့သည်။ နှစ်လလောက်ကြာ၍ အိမ်သွားလည်သောအခါ မင်းပေးတဲ့ ရမ်အရက်တွေက အတုတွေတဲ့၊ ဒါတွေကမှ အစစ်တဲ့ကွ။ အဲဒါနဲ့ ကျွန်တော်လည်း လက်နဲ့စမ်းကြည့်တော့ ဆရာသမားအစစ်ဆိုတဲ့တံဆိပ်တွေမှာ အသားတံဆိပ်ပါမလာဘူး။ ဒါ့ကြောင့် အတုတွေဖြစ်မှန်း ကျွန်တော်ချက်ချင်းသိခဲ့တယ်။ အတုရော၊ အစစ်ရော အားလုံးပုလင်းခွံတွေပဲကျန်တော့တာပဲ။ ကျွန်တော်လည်း မငြင်းခုံတော့ပါဘူး။ အတုတွေသောက်တာများလာတော့ အတုတွေကိုအစစ်လို့ထင်လာပြီး အစစ်တစ်ခါတစ်ရံ သောက်မိတော့ အတုလို့ထင်တာ မမှားပါဘူးလေ။

တစ်ချိန်က မြန်မာနိုင်ငံတွင်ထုတ်လုပ်သော နာမည်ကြီး ရွှေဝါ ဆပ်ပြာသည် လူသုံးများ၊ အရောင်းတွင်ကျယ်လာသောအခါ ရွှေငါ၊ ရွှေပါတံဆိပ်ဖြင့် ဆပ်ပြာအတုများပေါ် ပေါက်ခဲ့ဖူးသည်။ ပို၍ဆိုးသည်မှာ အဆိုပါဆပ်ပြာအတုများကို အမြတ်ကြီးစားစီးပွားရေးသမားများက ယမ်းမီးခြစ်ဆံခေါင်းလေးနဲ့စာလုံးများကို ရွှေဝါဟုပြင်ကာ ရွှေဝါဆပ်ပြာနှင့်ဈေးနှုန်းအတူတူ ရောင်းချခဲ့ကြသည်ကို ကြုံတွေ့ခဲ့ရသည်။ ယခုအချိန်တွင် အတုပြဿနာသည် တစ်ကမ္ဘာလုံးနှင့် အကျုံးဝင်ပတ်သက်လာနေသည်။ အလှကုန်အတုများကြောင့် အလှပျက်ခဲ့တာတွေ၊ ဆေးဝါးအတုတွေကြောင့် သေဆုံးခဲ့ရတာတွေ၊ စားဆီအတုတွေကြောင့် ရောဂါဖြစ်ရတာတွေ၊ စက်ဆီအတုတွေကြောင့် စက်ပစ္စည်းတွေ အချိန်မတန်ဘဲ ပျက်စီးခဲ့ရတာတွေ၊ ဘိလပ်မြေအတုတွေကြောင့် အဆောက်အအုံပြိုကျပျက်စီး၍ သေဆုံးခဲ့ရတာတွေ၊ အစားအစာအတုတွေကြောင့် နာတာရှည်ရောဂါများ ဖြစ်ပွားခဲ့ရတာတွေ၊ ဓာတ်မြေဩဇာအတု၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးအတုတွေကြောင့် လယ်ယာထွက်ကုန် ပစ္စည်းတွေ ထိခိုက်ခဲ့ရတာတွေ စသည်ဖြင့် စုံလို့ပါပဲ။ ဒါပေမယ့် အတုတွေကတော့ ပန်းပန်လျက်ဆဲပင်၊ ပျော်ရွှင် ရယ်မောနေဆဲပင်ဖြစ်သည်။ အတုမျိုး စုံဈေးကွက်သည် ဆင်းရဲနွမ်းပါး၍ တစ်ဦးချင်းဝင်ငွေ နည်းပါးသော နိုင်ငံများတွင်ပို၍ များပြားလာနေသည်ကိုလည်း ပညာရှင်များက ထောက်ပြကြသည်။ အတုကိုအတုမှန်းသိလျက် ဈေးနှုန်းချိုသာမှု တစ်ခုတည်းကိုသာ ကြည့်ကာ ဝင်ငွေနှင့်ချိန်ထိုး၍ ဝယ်အသုံးပြုနေကြ၍ဖြစ်သည်။

ထို့ကြောင့် ကုန်ပစ္စည်းအတု ပြုလုပ်ရောင်းချသူများသည် အဆမတန်အကျိုးအမြတ်များ ရရှိလာကြသည်။ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သောလုပ်ငန်းများကို အန္တရာယ်ပေးလာကြသည်။ အနှစ်နှစ်အလလက ပြုစုပျိုးထောင်ခဲ့သော ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသော လုပ်ငန်းများအောင်မြင်စပြုချိန်၊ အကျိုးအမြတ်ရခါနီးအချိန်တွင် ဒုတိယဖိုးစိန်ဟု အရပ်တွင်ခေါ်သော၊ နိုင်ငံတကာတွင် အညိုရောင်ဈေးကွက် (gray market)ဟုခေါ်သော မသမာစီးပွားရေးလုပ်ငန်းများက အဆိုပါပစ္စည်းအတုများကို ထုတ်လုပ်၍ ဈေးပေါပေါဖြင့် အများကြီးရောင်း၊ အကျိုးအမြတ် မြန်မြန်ယူကာ ဆောင်ရွက်နေသဖြင့် တရားမျှတသန့်ရှင်းစွာ ကောင်းရောင်း၊ ကောင်းဝယ်ဆောင်ရွက်သော လုပ်ငန်းရှင်များကိုများစွာ အထိနာစေခဲ့သည်။

အတုပြဿနာများသည် ကမ္ဘာ့ကုန်သွယ်ရေးလောကတွင် နိုင်ငံတိုင်းရင်ဆိုင်နေရသော စိန်ခေါ်မှုကြီး ဖြစ်လာနေသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှလည်း ကုန်ပစ္စည်းအတုအပများကို ထိရောက်စွာ နှိမ်နင်းရန် နည်းလမ်းရှာဖွေလျက်ရှိသည်။ ဆွေးနွေးညှိနှိုင်းအဖြေရှာလျက်ရှိသည်။ ကုန်ပစ္စည်းအတုနှင့် ကုန်အမှတ်တံဆိပ် အတုပြဿနာများမှာ ပို၍ပင်ကြီးထွားလာသည်။ အကျိုးအမြတ်များစွာရရှိ၍ ရဲတင်းလာကြသည်။ အတုပြဿနာများကိုခွဲခြမ်း၍ အကြမ်းဖျင်းခွဲခြားလျှင် အမျိုးအစားလေးမျိုးရှိနေသည်ကို တွေ့ရှိရသည်။ ကုန်ပစ္စည်းအတုပြုလုပ်ခြင်းနှင့် ရောင်းချခြင်း၊ ကုန်အမှတ်တံဆိပ် အတုပြုလုပ်ခြင်းနှင့် ရောင်းချခြင်း၊ ကုန်အမှတ်တံဆိပ် ဆင်တူယိုးမှားသုံးစွဲခြင်း၊ ကုန်အမှတ်တံဆိပ်ကို ယှဉ်ပြိုင်တင်သွင်းခြင်းနှင့် သုံးစွဲခြင်းနှင့်ဖြစ်သည်။

တချို့သောနိုင်ငံများတွင် အတုပြဿနာများကို နှိမ်နင်းရန် ဥပဒေများရေးဆွဲရန် ဆောင်ရွက်နေဆဲဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ အသင့်ပြဋ္ဌာန်းထားသော ဥပဒေများရှိပြီးဖြစ်သည်။ အချို့သောဥပဒေများသည် လွတ်လပ်ရေးမရခင်ကပင် ကြိုတင်ရေးဆွဲထားပြီးဖြစ်သည်ကို ထူးခြားစွာတွေ့ရှိရပါသည်။ အချို့ သောဥပဒေများသည် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီလိုအပ်၍ ကြိုတင်မျှော်တွေးကာ ရေးဆွဲ၍ပြဋ္ဌာန်းကျင့်သုံးလျက်ရှိပါသည်။ ရာဇသတ်ကြီး ဥပဒေ၊ အကောက်ခွန်ဥပဒေ၊ အမျိုးသားအစားအသောက် ဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ အမျိုးသားဆေးဝါးဥပဒေ၊ ဗဟိုဘဏ်ဥပဒေ၊ စားသုံးသူကာကွယ်ရေး ဥပဒေများသည် ထင်ရှားသည်။ အခြားပြဋ္ဌာန်းထားသော ဥပဒေများသည်လည်း အလားတူအသက် ဝင်၍ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ စီးပွားရေးကျင့်ဝတ်နှင့်အညီဆောင်ရွက်သော လုပ်ငန်းရှင်များကို ကာကွယ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ အတုပြဿနာများကို ဥပဒေများအရ ဖြေရှင်းရန်၊ နှိမ်နင်းရန် ဆောင်ရွက်လျက်ရှိသည်။

ကုန်ပစ္စည်းအတုပြုလုပ်ခြင်းနှင့် ရောင်းချခြင်းများနှင့် ပတ်သက်၍ ပေါ်ပြူလာအဖြစ်ဆုံးမှာ ငွေစက္ကူအတုပြဿနာများပင် ဖြစ်သည်။ ငွေစက္ကူအတုလုပ်လျှင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ(၁၀၆)အရ အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ ထောင်ဒဏ် ၂၀ နှစ်အထိ ချမှတ်ခံရမည်ဖြစ်ပြီး ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၈၉(က)အရ ငွေစက္ကူအတုပြုလုပ်ခြင်း၊ ၄၈၉(ခ) အရ ငွေစက္ကူအတုသုံးစွဲခြင်း၊ ၄၈၉(ဂ)အရ ငွေစက္ကူအတု လက်ဝယ်ထားရှိခြင်း၊ ၄၈၉(ဃ)အရ ငွေစက္ကူအတုပြုလုပ်သော စက်ကိရိယာလက်ဝယ်ထားရှိခြင်းတို့အရ အရေးယူလေ့ရှိပြီး ထောင်ဒဏ် ၁၀ နှစ်မှ တစ်သက်တစ်ကျွန်းအထိပြစ်ဒဏ်များ သတ်မှတ်ထားကြောင်း တွေ့ရှိရသည်။ ဆေးဝါးအတုများပြုလုပ်ရောင်းချပါက အမျိုးသားဆေးဝါးဥပဒေအရ ငွေဒဏ်ကျပ် ၅၀၀၀ မှ ၅၀၀၀၀ ထိဖြစ်စေ၊ ထောင် ဒဏ်ခုနစ်နှစ်ထိဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ သတ်မှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ အစားအသောက်အတုပြုလုပ်လျှင် အမျိုးသားအစားအသောက်ဥပဒေအရ ငွေဒဏ်ကျပ် ၃၀၀၀၀ (သို့မဟုတ်)ထောင်ဒဏ် သုံးနှစ်ထိဖြစ်စေ ချမှတ်နိုင်ကြောင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ပစ္စည်းအတုများကို စားသုံးသူပြည်သူများ သုံးစွဲ၍အသက်သေဆုံးခြင်း၊ အဆိပ်မိခြင်း၊ နာတာရှည်ရောဂါဖြစ်ပွားခြင်းများ ကြုံတွေ့ရပါကမူ ရာဇသတ်ကြီးဥပဒေအရ ပိုမိုကြီးလေးသော ပြစ်ဒဏ်များကို ခံကြရပေမည်။ လက်ရှိတွင်ဆေးဝါးအတု၊ အရက်အတု၊ အစားအသောက်အတုများ ဈေးကွက်တွင် နေရာမရစေရေး ပူးပေါင်းဆောင်ရွက်ရန် အချိန်ကျရောက်ပါပြီ။ ဘယ်သူသေသေ ငတေမာလျှင်ပြီးရော၊ အကျိုးအမြတ်များများရလျှင်ပြီးရော သဘောမျိုးဖြင့် စီးပွားရေးကျင့်ဝတ်နှင့်အညီ မဆောင်ရွက်သော ပစ္စည်းအတုရောင်းချသူများကို ဥပဒေအရရော၊ စားသုံးသူများကပါ လက်မခံဘဲ ကျူးလွန်သူများကို ဖော်ထုတ်ကြရန်လိုပါသည်။ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုပါသည်။ သို့မှသာ လူသုံး၊ အိမ်သုံးပစ္စည်းများကို အတုပြုလုပ်ရောင်းချသောသူများ ပေါ်ပေါ်တင်တင် ရဲရဲတင်းတင်း လုပ်နေရာမှ တဖြည်းဖြည်း ကွယ်ပျောက်သွားမည်ဖြစ်သည်။

ကုန်အမှတ်တံဆိပ် ပစ္စည်းအတုများရောင်းချခြင်း၊ သုံးစွဲခြင်းများနှင့်ပတ်သက်၍ ဈေးကွက်တွင် ကောင်းသောနာမည်ဂုဏ်သတင်းဖြင့် ကျော်ကြားသော လူသုံး၊ အိမ်သုံးပစ္စည်းများကို ကုန်အမှတ်တံဆိပ်တုပ၍ လိမ်လည်ရောင်းချခြင်းဖြစ်ပါသည်။ လွန်ခဲ့သောငါးနှစ်ကျော်ခန့်က စတိုးဆိုင်တစ်ခုရှိ ရှိုးကေ့စ်ထဲတွင် ဘလက်လေဘယ်လ်ပုံစံတူ တစ်လီတာဝင် ပုလင်းသုံးမျိုးကို ပြသထား၍ ကြည့်ဖြစ်သည်။ ဈေးနှုန်းကို ကြည့်မိတော့မတူညီသဖြင့် မေးကြည့်ရာ ကျပ် ၁၁၀၀၀ တန်က အတု၊ ကျပ် ၁၅၀၀၀ တန်ကအတုနဲ့အစစ်က တစ်ဝက်စီ၊ ၂၂၀၀၀ တန်က အစစ်တဲ့။ သူတို့မပြောလျှင် သိနိုင်မည်မထင်ပေ။ ထိုသို့ထုတ်လုပ်သဖြင့် ရာဇသတ်ကြီးဥပဒေပုဒ်မ (၄၈၆)အရ ကုန်ပစ္စည်းအတုများရောင်းချခြင်းကို ကျူးလွန်လျှင် ထောင်ဒဏ်တစ်နှစ်ထိ ကျခံရမည့်အပြင် ပစ္စည်းကိုလည်း နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်သည်ကိုမသိ၍ပဲလား။ အကျိုးအမြတ်များများရရှိ၍ပဲလား မသိနိုင်ပေ။ အဆိုပါပစ္စည်းအတုများကို ပြည်ပနိုင်ငံကတင်သွင်းလာလျှင်လည်း ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေပုဒ်မ (၁၆၇)အရ ပစ္စည်းသိမ်းပြီး တန်ဖိုးသုံးဆအထိ ငွေဒဏ်တပ်ရိုက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ကုန်အမှတ်တံဆိပ်အတုနှင့် လူသုံး၊ အိမ်သုံးပစ္စည်းသည် မူရင်းလူသုံး၊ အိမ်သုံးပစ္စည်းလောက် အရည်အသွေးမမီသည်မှာ သေချာလှသည်။ ထို့ကြောင့် မူရင်းပစ္စည်းထက်ဈေးလျှော့ ရောင်းချနိုင်သည်။ ဈေးချိုသဖြင့် ဝင်ငွေနည်းစားသုံးသူများအကြိုက်တွေ့ကြသည်။

**စာမျက်နှာ ၂၇ သို့**

> တချို့သောနိုင်ငံများတွင်
> အတုပြဿနာများကို
> နှိမ်နင်းရန် ဥပဒေများရေးဆွဲရန်
> ဆောင်ရွက်နေဆဲဖြစ်သော်လည်း
> မြန်မာနိုင်ငံတွင်မူ အသင့်ပြဋ္ဌာန်းထားသော
> ဥပဒေများရှိပြီး ဖြစ်သည်

## ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ၉၀၀၀၀ ကျော်ဝင်

မေ ၅ ရက်မှ ၁၁ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၈၂၁၇၇၀၀ တန်ဖိုးရှိ ဒီဇယ် ၅၀၀၂၆ ဒသမ ၁၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၆၀၆၄၅၉၀ တန်ဖိုးရှိ ဓာတ်ဆီ ၄၆၉၆၃ ဒသမ ၀၃ တန်၊ စုစုပေါင်း၉၆၉၈၉ ဒသမ ၂၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က ဓာတ်ဆီတန်ချိန် ၂၇၀၇၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၉၈၈၀ ကျော် ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့သည့် ဒီဇယ်တန်ချိန် ၅၉၂၄၀ ကျော်နှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၉၂၁၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ်ဓာတ်ဆီ တန်ချိန်အဝင်ပိုခဲ့ပြီး ဒီဇယ်တန်ချိန် အဝင်လျော့ခဲ့ကြောင်း သိရသည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၀၅၆၉၉ တန်ဖိုးရှိ ဓာတ်ဆီ ၁၁၀၁ ဒသမ ၃၆ တန်နှင့် အမေရိ ကန်ဒေါ်လာ ၅၂၉၀၃၃ တန်ဖိုးရှိ ဒီဇယ် ၈၅၆ ဒသမ ၇၅ တန် တင်သွင်းခဲ့ကြောင်းလည်း သိရသည်။

**သီတာဝင်း(DOT)**

## မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ တရုတ်သို့ သရက်သီးတင်ပို့မှုများလာပြီး ဈေးကောင်းရနေ

ယခုရက်သတ္တပတ်အတွင်း မူဆယ်(၁၀၅)မိုင်သစ်သီးဝလံကုန်စည်ဒိုင်မှ တရုတ်သို့ သစ်သီးဝလံများ တင်ပို့လျက်ရှိရာ ဖရဲသီးတင်ပို့မှုအနေဖြင့် ဖရဲကျားသီး၊ ဖရဲဖြူသီး၊ ဖရဲအဝိုင်းကျားသီးတို့ တင်ပို့ခဲ့ကြပြီး ဖရဲတင်ပို့မှုမှာနည်းသွားသော်လည်း ဈေးကောင်းရနေကာ သခွားတင်ပို့မှုလုံးဝမရှိဘဲ သရက်သီးတင်ပို့မှုများလာကာ ဈေးကောင်းရနေသည်။

မေ ၈ ရက်မှ ၁၄ ရက်အထိ ဖရဲ ကား ၂၅၈ စီး၊ တန်ချိန် ၃၀၆၈ တန်၊ သရက်သီး ၈၁၉ စီး၊ တန်ချိန် ၄၉၇၀ တန်၊ ကန်စွန်းဥ ၁၃ စီး၊ တန်ချိန်၁၉၂တန် တင်ပို့ရောင်းချခဲ့ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှ သိရှိရသည်။ ဖရဲတွင် ဖရဲဖြူသီးမှာတစ်တန်လျှင် ယွမ် ၂၃၀၀-၄၃၀၀၊ ကျပ် ၅၀၀၀၀၀ - ၉၃၄၀၀၀၊ ဖရဲကျားသီးမှာ တစ်တန်လျှင် ယွမ်၂၀၀၀-၄၃၀၀၊ ကျပ် ၄၃၄၀၀၀-၉၃၄၀၀၀၊ ဖရဲအဝိုင်းကျားသီးမှာ တစ်တန်လျှင် ယွမ် ၂၀၀၀-၃၆၀၀၊ ကျပ် ၄၃၄၀၀၀-၇၈၂၀၀၀ ရရှိကြောင်း သိရှိရသည်။

ကန်စွန်းဥ တင်ပို့မှုမှာ တစ်တန်လျှင် ယွမ် ၁၀၀၀-၁၅၀၀၊ ကျပ် ၂၁၇၄၀၀-၃၂၆၀၀၀ ရရှိသည်။ သရက်သီးတင်ပို့မှုမှာ များလာပြီး တစ်တန်လျှင် ယွမ် ၂၀၀၀-၉၈၀၀၊ ကျပ် ၄၃၄၀၀၀ -၂၁၃၀၀၀၀ ဖြင့် ဈေးကောင်းရနေသည်။ သရက်သီး တင်ပို့မှုတွင် စိန်တလုံး၊ ရွှေဟင်္သာ၊ မယ်သီး၊ ရင်ကွဲသရက်များဖြစ်ပြီး အရည်အသွေးကောင်းသည့် ရွှေဟင်္သာနှင့် စိန်တလုံးသရက်များမှာ အမြင့်ဈေးရရှိပြီး မယ်သီးနှင့် ရင်ကွဲသရက်မှာ အနိမ့်ဈေးရရှိကြောင်း သိရပါသည်။

တစ်ပတ်အတွင်း ငွေဈေးနှုန်းမှာ တစ်ယွမ် ၂၂၁ ကျပ်မှ ၂၂၆ ကျပ်ထိ ပေါက်ဈေးရှိကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှ လေ့လာသိရှိရသည်။

**စုစုသာ(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

## Energy NYMEX 17-5-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 62.94 | 0.07 | 0.11 |
| Brent Crude Futr (USD/bbl) | 72.62 | 0.00 | 0.00 |
| Gasoline Rbob Fut (Cent/gal) | 206.48 | 0.30 | 0.15 |
| Natural Gas Futr (USD/MMBtu) | 2.64 | 0.00 | 0.11 |
| Heating Oil Futr (Cent/gal) | 212.27 | -0.05 | -0.02 |

## ပြည်တွင်းငွေလဲနှုန်း အတက်ဈေးဖြင့် ဈေးငြိမ်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်းဈေးနှုန်း ဆက်လက်မြင့်တက်ခဲ့ကြောင်းပြည်တွင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ယခင်ရက်သတ္တပတ်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၁ ကျပ်သတ်မှတ်ခဲ့ရာမှ ယခုရက်သတ္တပတ်တွင် ၁၅၃၆ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်၌ ယခုရက်သတ္တပတ်တွင်အမေရိကန်ဒေါ်လာ ရောင်းလိုအားများသော်လည်း ဝယ်လိုအားနည်းနေခြင်းကြောင့် ဈေးမြင့်နေသော်လည်း အရောင်းအဝယ်နည်းပါးကြောင်း၊ တရုတ်ယွမ်ငွေသည်လည်း ဈေးမြင့်တက်လာခဲ့ကြောင်း၊ တရုတ်- အမေရိကန်ကုန်သွယ်ရေးတင်းမာမှုပြန်လည်ဖြစ်ပေါ်လာခဲ့ခြင်းကြောင့် ကမ္ဘာ့ကုန်သွယ်ရေးလောကမှာ စိုးရိမ်မှုများ မြင့်တက်လာကြောင်း၊ ပြည်တွင်းစီးပွားရေးလောကတွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်စေရန် ဆွေးနွေးပွဲများပြုလုပ်လျက်ရှိရာ စီးပွားရေးကောင်းမွန်လာသည်နှင့်အမျှ မြန်မာကျပ်ငွေတန်ဖိုးလည်း မြင့်တက်လာနိုင်မည်ဖြစ်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် မေ ၁၃ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၃၄ကျပ်၊ဝယ်ဈေး ၁၅၃၀ ကျပ်မှ မေ ၁၆ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၃၅ကျပ်၊ ဝယ်ဈေး ၁၅၃၁ကျပ်သို့ မြင့်တက်ခဲ့သော်လည်း ရက်သတ္တပတ်ကုန်ဆုံးချိန် မေ ၁၇ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၂၉ကျပ်၊ ဝယ်ဈေး ၁၅၂၅ကျပ်သို့ပြန်လည်ကျဆင်းခဲ့ကြောင်း သတင်းရရှိသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေး ဆက်လက်မြင့်တက်

ယခုလဆန်းပိုင်းမှစ၍ဈေးမြင့်ခဲ့သော ပြည်တွင်းရွှေသည် ယခုရက်သတ္တပတ်တွင်လည်း ဈေးဆက်လက်မြင့်တက်ခဲ့ပြီး ယခင်တစ်ပတ်က ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၀၀၀၀ရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ကျပ် ၁၀၅၃၀၀၀သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးက ဒီတစ်ပတ်ထဲမှာ အတက်အကျကြမ်းခဲ့တယ်။ အဓိကကတော့ လက်ရှိကာလက ပြည်တွင်းစီးပွားရေးလောကမှာ ဘယ်ကုန်စည်အရောင်းအဝယ်ကောင်းမလဲ စောင့်ကြည့်နေတုန်းမှာ တရုတ်-အမေရိကန် ကုန်သွယ်ရေးတင်းမာမှုတစ်ကျော့ပြန်လာတာကြောင့် ပြည်တွင်းရွှေရောကမ္ဘာ့ရွှေရောပါ ဈေးနှုန်းအတက်အကျကြမ်းခဲ့တယ်။ နိုင်ငံတကာအခြေအနေကလည်း နိုင်ငံရေး၊စီးပွားရေးတင်းမာမှုတွေဖြစ်နေတာကြောင့် ဈေးကွက်တွေ၊ ဈေးနှုန်းတွေ အပြောင်းအလဲကြီးကြီးမားမား ဖြစ်သွားတယ်။ ရေနံဈေးက ဆက်တက်လာတဲ့အတွက် ရွှေဈေးကပြန်တန့်သွားတာမျိုးလည်းရှိတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မေ ၁၃ရက်ကအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၅၁၀၀၀ရှိခဲ့ရာပြီး မေ ၁၅ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၇၀၀၀သို့မြင့်တက်ခဲ့ပြီး မေ၁၇ရက်တွင် ကျပ်၁၀၅၃၀၀၀ဖြင့်ဈေးပိတ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ မေ ၁၃ ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ၁၂၈၄ ရှိခဲ့ရာမှ မေ၁၅ရက်တွင် တစ်အောင်စလျှင်အမေရိကန်ဒေါ်လာ၁၂၉၈သို့ဈေးမြင့်ခဲ့ပြီး မေ ၁၇ ရက်တွင်လည်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၆ဒေါ်လာဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## ရန်ကုန်စတော့ဈေးကွက်ရှိ အစုရှယ်ယာဈေး အနည်းငယ်ကျဆင်း

ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက်ရှိ အစုရှယ်ယာများမှာ ယခုရက်သတ္တပတ် ဈေးကွက်ပိတ်ချိန်တွင် ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း(YSX)က ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ယခုရက်သတ္တပတ်အတွင်း မေ ၁၃ရက်တွင် အရောင်းအဝယ်ဖြစ်ခဲ့သော အစုရှယ်ယာအရေအတွက်မှာ ၂၈၅၀၄ စုဖြစ်ပြီး မေ ၁၄ရက်တွင် ၁၇၄၈၄စု၊ မေ ၁၅ရက်တွင် ၁၄၉၉၇စု၊ မေ ၁၆ရက်တွင် ၁၉၂၁၄စုနှင့် မေ ၁၇ ရက်တွင် ၈၃၄၀စု အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ ယခုရက်သတ္တပတ်ဈေးကွက်ပိတ်ချိန်တွင် FMIအစုရှယ်ယာတစ်စုလျှင်ကျပ် ၁၀၅၀၀၊ MTSHအစုရှယ်ယာတစ်စုလျှင် ကျပ် ၃၁၀၀၊MCBအစုရှယ်ယာတစ်စုလျှင် ကျပ် ၇၃၀၀၊ FPB အစုရှယ်ယာတစ်စုလျှင် ကျပ် ၂၁၅၀၀နှင့် TMHအစုရှယ်ယာတစ်စုလျှင် ကျပ် ၂၉၅၀ဖြင့် ဈေးပိတ်ခဲ့ရာ ယခင်ရက်သတ္တပတ်ဈေးကွက်ပိတ်ချိန်နှင့် နှိုင်းယှဉ်ပါက FMI အစုရှယ်ယာသည် ကျပ် ၁၅၀၀၊MTSH အစုရှယ်ယာသည် ကျပ် ၅၀၊ MCB အစုရှယ်ယာသည် ကျပ် ၁၀၀၊ FPB အစုရှယ်ယာသည် ကျပ် ၁၅၀၀နှင့် TMH အစုရှယ်ယာသည် ကျပ် ၅၀စသည်ဖြင့် ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အစုရှယ်ယာဈေးကွက်၏အခြေအနေနှင့် အနာဂတ်အလားအလာများနှင့် စပ်လျဉ်း၍ "Myanmar Stock Market Outlook & Trend 2019"ဆွေးနွေးပွဲကိုလည်း မေ ၁၇ ရက်က ရန်ကုန်စတော့အိတ်ချိန်း၌ ပြုလုပ်ခဲ့သည်။

**သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 13-May | 14.67 | 2736.49 | 1760.99 | 6074.00 | 850.00 |
| 14-May | 14.77 | 2714.01 | 1767.61 | 6049.54 | 860.00 |
| 15-May | 14.77 | 2751.47 | 1798.02 | 6072.02 | 854.00 |
| 16-May | 14.75 | 2743.09 | 1804.64 | 6046.01 | 843.00 |
| 17-May | 14.50 | 2727.23 | 1805.74 | 6005.24 | 828.00 |

## Currency Exchange Rate

May 17, 2019
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.45 |
| BDT | Bangladesh Taka | 84.68 |
| CAD | Canada Dollars | 1.34 |
| CNY | China Yuan Renminbi | 6.90 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.84 |
| I NR | India Rupees | 70.18 |
| I DR | Indonesia Rupiahs | 14461.57 |
| JPY | Japan Yen | 109.62 |
| MYR | Malaysia | 4.17 |
| PKR | Pakistan Rupees | 145.87 |
| PHP | Philippines Pesos | 52.61 |
| RUB | Russia Rubles | 64.72 |
| SGD | Singapore Dollars | 1.37 |
| KRW | South Korea Won | 1195.41 |
| LKR | Sri Lanka Rupe | 175.75 |
| THB | Thailand Baht | 31.72 |
| GBP | United Kingdom Pounds | 0.78 |
| VND | VietnamDon | 23391.75 |

*Source:xe.com*

## World Gold Price

May- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 13 | 1288 | 1286 | 1286 |
| 14 | 1302 | 1299 | 1300 |
| 15 | 1297 | 1296 | 1296 |
| 16 | 1299 | 1298 | 1298 |
| 17 | 1290 | 1289 | 1289 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 13-5- 2019 | 1053.00 | 1052.30 |
| 14-8- 2019 | 1059.00 | 1058.50 |
| 15- 5- 2019 | 1057.50 | 1057.50 |
| 16-5- 2019 | 1055.50 | 1054.00 |
| 17-5- 2019 | 1050.50 | 1050.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 13 | 6.85 | 31.68 | 84.26 | 70.14 |
| 14 | 6.87 | 31.46 | 84.48 | 70.44 |
| 15 | 6.86 | 31.60 | 84.65 | 70.19 |
| 16 | 6.87 | 31.58 | 84.37 | 70.27 |
| 17 | 6.90 | 31.72 | 84.68 | 70.18 |

## ဘိလပ်မြေ

# ရေလမ်းမှဘိလပ်မြေတန်ချိန် ၂၀၀၀၀ကျော်ဝင်

မေ ၅ ရက်မှ ၁၁ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၆၆၉၆၄ ဒေါ်လာ တန်ဖိုးရှိ ဘိလပ်မြေ ၂၄၇၃၆ ဒသမ ၄၆၅ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် စင်ကာပူနိုင်ငံမှ သုညဒသမ ၀၂၅ တန်၊ ဗီယက်နမ် နိုင်ငံမှ ၅၈ ဒသမ ၄၄ တန်၊ ထိုင်းနိုင်ငံမှ ၇၅ တန်နဲ့ မလေးရှားနိုင်ငံမှ ၂၄၆၀၃တန် တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ အများဆုံး တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေ ၁၁၉ တန်ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၇၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

မေ ၄ ရက်မှ ၁၀ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၁၃၅၆ တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၁၄၂၃၉ တန်ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၂၈၈၀ ကျော် အဝင်လျော့ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ ရေလမ်းမှ တင်သွင်းမှုပိုခဲ့ပြီး နယ်စပ်လမ်းမှ တင်သွင်းမှု လျော့ခဲ့ကြောင်းသိရသည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ



**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့နှစ်ကောင် (အပြာ)ကျပ် ၆၂၀၀၊ ဆင်မြန်မာ ကျပ်၆၃၀၀၊ ကြံ့နှစ်ကောင်(နီ)(စိမ်း) ကျပ် ၆၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်နေကြောင်း သိရသည်။ ယခုတစ်ပတ် ကြံ့နှစ်ကောင်ဘိလပ်မြေက ကျပ် ၄၀၀၊ ခရောင်းဘိလပ်မြေက ကျပ် ၄၀၀ ဈေးမြင့်ခဲ့ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့် ဈေးမှာ အေသုံးလုံး ကျပ် ၅၀၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၅၀၀၊ အယ်လ်ဖာ ကျပ် ၅၁၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၆၀၀၊ အပါချီကျပ် ၅၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ကြံ့ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀ နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ယခုတစ်ပတ် အပါချီနဲ့ကမ္ဘောဇဘိလပ်မြေက ကျပ်၄၀၀ဈေးမြင့်လာပြီး ကျန် ဘိလပ်မြေများက ယခင်ဈေးနှင့်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၄၀၀၊ ကမ္ဘောဇ ကျပ် ၅၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# နိုင်ငံစုံမှ မြေသြဇာတန်ချိန် ၃၀၀၀၀ ကျော်ဝင်

မေ ၅ ရက်မှ ၁၁ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၆၆၀၂၁၀ တန်ဖိုးရှိ မြေသြဇာ ၃၃၆၃၃ ဒသမ ၂၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၃၁၀၇ ဒသမ ၅ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၇၀၀၊ တရုတ်နိုင်ငံမှတန်ချိန် ၁၅၈၀၂ ဒသမ ၇ တန်၊ အီဂျစ်နိုင်ငံမှ ၁၀၉၀ ဒသမ ၉၆တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၂၇၀၊ အီရန် နိုင်ငံမှ ၇၃၁တန်၊ အစ္စရေးနိုင်ငံမှတန်ချိန် ၁၂၀၊ ဂျပန်နိုင်ငံမှ ၅၁ ဒသမ ၄၈ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၂၀၄၉ ဒသမ ၅၆ တန်၊ ယူကေမှ တန်ချိန် ၅၀၀နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ် တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ဘီလာရုစ်နိုင်ငံမှ ဒုတိယအများဆုံး တင်သွင်းခဲ့ကြောင်းသိရသည်။ တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယား ဆာလဖိတ်၊ အမိုးနီးယားကလိုရိုဒ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း(၂၀း၁၀း၁၀)၊ အော်ဂဲနစ်နဲ့ ယူရီးယား(၄၆%)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၂၇၁၉၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၆၄၄၀ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

# မြေသြဇာဈေးကွက် အရောင်းအေး

မေ ၄ ရက်မှ ၁၀ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန် ၁၈၁၁၀ ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာတန်ချိန် ၁၄၇၃၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၃၃၈၀ ကျော်အဝင်ပိုခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့်မော်လမြိုင်၊ မကွေး၊ တောင်ကြီးနှင့်မန္တလေးမှာ အရောင်းအေးကြောင်း သိရသည်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်အေးကြောင်းသိရသည်။ ယခုတစ်ပတ် ကွန်ပေါင်း(၁၆း၁၆း၈)က ဈေးနည်းနည်းမြင့်ပြီး ကျန်မြေသြဇာ ဈေးတွေငြိမ်နေကြောင်းသိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး(ထိုင်း)မြင်းပျံ ကျပ် ၂၉၀၀၀၊ ပုလဲ-မြန်မာ (အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ (ရွှေတောင်-တရုတ်) ကျပ်၃၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅) ကျပ် ၅၀၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (ထိုင်း)ကျပ် ၄၀၅၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈) (မြင်းပျံ-ထိုင်း) ကျပ်၄၇၀၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ပိုတက် (မြန်မာသြဘာ)ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက် (အာမို) ကျပ် ၃၁၅၀၀နဲ့ အရောင်းအဝယ်ဖြစ်နေကြောင်းသိရှိရသည်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်အေးကြောင်း သိရသည်။ ယခုတစ်ပတ် တီစူပါ(၁၅)ပတ်လည်က ကျပ် ၅၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ဈေးငြိမ်နေကြောင်းသိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၃၀၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၅၆၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုတက် (တရုတ်)ကျပ် ၃၀၀၀၀၊ ယူရီးယား (ယူအေအီး)ကျပ် ၂၉၀၀၀၊ မြားကမ္ဘာကျပ်၁၉၅၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်းကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

**မကွေးဈေးကွက်မှာ**အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၇၇၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၇၅၀၀၊အာမို၁၅း၁၅း၁၅ကျပ် ၄၀၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၈၅၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ကျပ်၁၉၃၀၀၊ မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊ တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၃၀၀၊ တက်တိုးကျပ် ၂၂၃၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီနှင့် နို့မှုန့် တန်ချိန် ၁၄၀ ကျော်အဝင်လျော့

မေ ၅ ရက်မှ ၁၁ ရက်အတွင်း အမေရိကန်ဒေါ်လာ ၆၀၅၈၁၁ ဒေါ်လာ တန်ဖိုးရှိနို့ဆီ ၅၃၂ ဒသမ၇၆၄ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၉၅ ဒသမ ၀၀၄ တန်နှင့် စင်ကာပူနိုင်ငံမှ ၄၃၇ ဒသမ ၇၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် တင်သွင်းခဲ့သော တံဆိပ်များမှာ တီးပေါ့၊ ဒွန်း၊ အိုကေနှင့် Hwak တို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီ ၆၇၄ တန်ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၅၆၂၂၈၀ တန်ဖိုးရှိ နို့မှုန့် ၁၉၅ ဒသမ ၂၅၆ တန်လည်း တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှသာ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့မှုန့်တန်ချိန် ၂၅၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းသော နို့မှုန့်တန်ချိန်နှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၆၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီရော နို့မှုန့်ပါ တင်သွင်းမှုလျော့နည်းခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၄ မှ ၁၀/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၄ မှ ၃/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၆.၃၀ | ၃၉.၁၀ | (+) | ၁၇.၂၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၂၅.၀၀ | - | (+) | ၁၂၅.၀၀ |
| ၅။ | တာချီလိတ် | ၃၇၅၀.၀၀ | ၉၈၀၀.၀၀ | (-) | ၆၀၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၅၀.၀၀ | (-) | ၅၀.၀၀ |
| ၈။ | မြိတ် | ၇၄၂၅.၀၀ | ၄၃၅၀.၀၀ | (+) | ၃၀၇၅.၀၀ |
| | စုစုပေါင်း | ၁၁၃၅၆.၃၀ | ၁၄၂၃၉.၁၀ | (-) | ၂၈၈၂.၈၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၄/၄ မှ ၁၀/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၄ မှ ၃/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၅၅၄.၅၀ | ၃၉၄၇.၇၅ | (+) | ၁၆၀၆.၇၅ |
| ၂။ | လွယ်ဂျယ် | - | ၆၅၅.၀၀ | (-) | ၆၅၅.၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၆၀၂.၀၅ | ၄၉၅၈.၄၉ | (-) | ၁၃၅၆.၄၄ |
| ၄။ | ကန်ပိုက်တီ | ၄၉၄၁.၀၀ | ၃၃၇၂.၀၀ | (+) | ၁၅၆၉.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | ၁၉.၉၄၀ | - | (+) | ၁၉.၉၄၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၄၀၀၀.၀၀ | ၁၈၀၀.၀၀ | (+) | ၂၂၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၈၁၁၇.၄၉ | ၁၄၇၃၃.၂၄ | (+) | ၃၃၈၄.၂၅ |

ခင်မိုးသူ

# စစ်တွေကုန်သွယ်ရေးစခန်းမှ ၂၀၁၉ခုနှစ် ဧပြီလ ကုန်သွယ်မှု လျာထားချက်အပေါ် ၂၃၁ ဒသမ ၅၇ ရာခိုင်နှုန်းဆောင်ရွက်နိုင်

စစ်တွေကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဧပြီလအတွင်း ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် သုည ဒသမ ၄၅၀ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၂၅၀ ဒေါ်လာ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ သုည ဒသမ ၇၀၀ ဒေါ်လာသန်းဖြစ်ပြီး အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁ ဒသမ ၆၁၉ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၀၂ ဒေါ်လာသန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၁ ဒသမ ၆၂၁ ဒေါ်လာသန်းဆောင်ရွက်နိုင်ခဲ့၍ ဧပြီလကုန်သွယ်မှု လျာထားချက်အပေါ် ရာခိုင်နှုန်းအနေဖြင့် ၂၃၁ ဒသမ ၅၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။ အနီးစပ်ဆုံးကာလ မတ်လနှင့်နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ သုည ဒသမ၈၀၂ ဒေါ်လာသန်း ပိုမိုဆောင်ရွက်နိုင်ပြီး ကာလတူ ၂၀၁၈ခုနှစ် ဧပြီလနှင့်နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ သုည ဒသမ ၆၄၁ ဒေါ်လာသန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

ကာလတူ ၂၀၁၈ ခုနှစ်၊ ဧပြီလထက် ပိုမိုတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းများတွင် ကွမ်းသီး၊ မြေပဲဆန်၊ မန်ကျည်းဖတ်(အစေ့ပါ)၊ ကုလားပဲ၊ ကုလားပဲလုံး၊ ရေထွက်ပစ္စည်းများတွင် ငါးသလောက်၊ သစ်တောထွက်ပစ္စည်းများတွင် သစ်ခေါက်၊ တိရစ္ဆာန်ထွက်ပစ္စည်းများတွင်ဒေသထွက် နွား(အရှင်)၊ စက်မှုကုန်ချောပစ္စည်းများတွင် ဆီးယိုထုပ်တို့ပိုမိုတင်ပို့ခဲ့ကြောင်း သိရှိရသည်။ အလားတူအနီးစပ်ဆုံးကာလ မတ်လနှင့်နှိုင်းယှဉ်ပါက ပိုမိုသည့် ပို့ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းများ မန်ကျည်းစေ့၊ မန်ကျည်းဖတ်၊ ဆီးသီးခြောက်၊ ကုလားပဲ၊ ကုလားပဲလုံး၊ ရေထွက်ပစ္စည်းများ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ သစ်တောထွက်ပစ္စည်းများ သစ်ခေါက်၊ တိရစ္ဆာန်ထွက်ပစ္စည်းများ ဒေသနွား(အရှင်)၊ စက်မှုကုန်ချောပစ္စည်းများ ဆီးယိုထုပ်တို့ ပိုမိုတင်ပို့ခဲ့ကြောင်း သိရှိရသည်။

ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဧပြီလတွင် ပို့ကုန်အများဆုံး တင်ပို့နိုင်ခဲ့သောလဖြစ်ကြောင်း သိရှိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇)အရ ပြည်ပသို့ ကျွဲ၊ နွား(အရှင်)များအား တင်ပို့ခွင့်ပြုခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝယ်လိုအား ဖြစ်ပေါ်နေခြင်းကြောင့် စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့၌ ရုံးချုပ်ပို့ကုန်လိုင်စင်ဖြင့် ယနေ့အထိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နွား(အရှင်) တင်ပို့မှု အရေအတွက်မှာ အကောင်ရေ ၁၆၅၅ ကောင်၊ တန်ဖိုး ၁ ဒသမ ၉၈၆ ဒေါ်လာသန်းဖိုးတင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။ ၎င်းတင်ပို့သည့် နွား(အရှင်)များသည် ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်အတွင်းမှ နွားများကို အဓိကဝယ်ယူ စုဆောင်းတင်ပို့ခဲ့ခြင်းဖြစ်ပြီး ဆက်လက်တင်ပို့နိုင်ရေးအတွက်လည်း ကုန်သည်လုပ်ငန်းရှင်များက ကြိုးစားလျက်ရှိကြောင်း၊ ရခိုင်ဒေသသည် ရေထွက်ပစ္စည်းများ အဓိကထွက်ရှိသည့်ဒေသဖြစ်သည့်အတွက် မကြာမီရောက်ရှိတော့မည့် မိုးဦးကာလတွင် ရေထွက်ပစ္စည်းများ ယခုထက် ပိုမိုတင်ပို့လာနိုင်ကြောင်း ရေထွက်ကုန်ပစ္စည်းများ တင်ပို့သည့်လုပ်ငန်းရှင်များ၊ ကုန်သည်များထံမှသိရှိရသည်။

စစ်တွေကုန်သွယ်ရေးစခန်းအနေဖြင့် ပုံမှန်တင်ပို့နေသော ပို့ကုန်ပစ္စည်းများနှင့် သွင်းကုန်ပစ္စည်းများ ကွယ်ပျောက်မသွားစေရေး၊ တစ်ဖက်နိုင်ငံဈေးကွက်လိုအပ်ချက်ရှိသည့် ပို့ကုန်အမယ်များ ဆက်လက်တင်ပို့နိုင်ရေး၊ ပို့ကုန်အမယ်သစ်များ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေး၊ စစ်တွေကုန်သွယ် ရေးစန်း၏ ကုန်သွယ်မှုပမာဏတိုးတက်စေရေးတို့အတွက် လစဉ်ပြုလုပ်သည့်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးတွင် လုပ်ငန်းရှင်များအား ချပြခြင်း၊ စည်းရုံးခြင်း၊ ဆွေးနွေးတိုက်တွန်းခြင်းဆောင်ရွက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနမှ ကျင်းပသည့် အစည်းအဝေးများတွင် တင်ပြဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ညီညီအောင်(စစ်တွေ)**

# ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ) Form E စတင်ထုတ်ပေး

ပို့ကုန်သွင်းကုန်ရုံး (ကျိုင်းတုံ)အနေဖြင့် ၂၀၁၉ ခုနှစ် ဧပြီလအတွက် ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်ဒေါ်လာသန်း သုည ဒသမ ၆၀၊ သွင်းကုန် သုည ဒသမ ၂၀ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏဒေါ်လာသန်း သုည ဒသမ ၈၀ ဖြစ်ပြီး ဧပြီလအတွင်း ပို့ကုန် ၂ ဒသမ ၃၄၇ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၆၉ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၂ ဒသမ ၄၁၆ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

အဓိကပို့ကုန်မှာ ရော်ဘာဖြစ်ပြီး ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)တွင် ရော်ဘာတင်ပို့မှုအနေဖြင့် ၂၀၁၈ ခုနှစ်မှ ဆောင်ရွက်ခဲ့သော်လည်း Form E ထုတ်ပေးမှုမရှိခဲ့ဘဲ ရော်ဘာပို့ကုန်၏ တန်ချိန် ၃၁ ဒသမ ၅ တန်အား ၂၀၁၉ ခုနှစ် မေ ၂၄ ရက်စွဲဖြင့် ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)၏ ပထမဆုံးအကြိမ်အဖြစ် အာဆီယံ-တရုတ် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form E)ကို စတင်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်လတ်(ကျိုင်းတုံ ပို့/သွင်းရုံး)**

# သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များ၌ လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရောင်းချနေသူများနှင့် တွေ့ဆုံဆွေးနွေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် ခရိုင်ဦးစီးမှူး၏လမ်းညွှန်မှုဖြင့် လယ်ယာသုံး စက်ကိရိယာရိတ်သိမ်းခြွေလှေ့စက်များ ထုတ်လုပ်ရောင်းချနေသူများနှင့်တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေး ကွင်းဆင်း ဆွေးနွေးဟောပြောပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

စားသုံးသူရေးရာဦးစီးဌာန၊ သာယာဝတီခရိုင်အတွင်းရှိ မြို့နယ် တာဝန်ခံများသည် ၂၀၁၉ ခုနှစ် မေလ ဒုတိယပတ်နှင့် တတိယပတ်များတွင် ရိတ်သိမ်းခြွေလှေ့စက်များအား ဈေးနှုန်းအဆမတန် ရောင်းချမှုရှိ/မရှိ၊ ထုတ်လုပ်သည့်နိုင်ငံဖော်ပြ အသိပေးပြီး ရောင်းချခြင်းရှိ/မရှိ၊ နှစ်ဦးနှစ်ဖက် မျှတသော အရောင်းအဝယ်စာချုပ် ဖြစ်/မဖြစ်၊ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးမည့်အစီအစဉ်များအား ကတိကဝတ်ချုပ်ဆိုမှုရှိ/မရှိများကို ကွင်းဆင်းဆွေးနွေးဟောပြောခဲ့သည်။

၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သောစားသုံးသူကာကွယ်ရေးဥပဒေအခန်း(၁၀)ပါ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ၊ ကုန်စည်နှင့်စပ်လျဉ်း၍ အာမခံချက် ပေးခြင်း၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ကုန်စည်(သို့)ဝန်ဆောင်မှုလုံခြုံစိတ်ချရမှုများကို လုပ်ငန်းရှင်များအား အသိပညာပေးကွင်းဆင်းဟောပြောဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခိုင်ခိုင်ရီ(သာယာဝတီ)**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၇-၅-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၀၀၀ | ၆၀၀၀ | □ | ၆၆၀၀ | ၆၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၇-၅-၂၀၁၉ US$/Ton

| အမျိုးအစား | မေပထမပတ် | မေဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၁၅.၅၀ | ၄၉၆.၅၀ | ▽ |
| **RBD P.Olein** | ၅၁၃.၅၀ | ၅၀၀.၅၀ | ▽ |
| **RBD P.Stearin** | ၄၈၄.၀၀ | ၄၅၅.၅၀ | ▽ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၇-၅-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၇၇•၇၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀•၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀•၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃•၄၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆•၈၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇•၃၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄•၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၈•၉၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀•၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀•၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၁•၄၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇•၅၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၁၉•၀၅၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၇-၅-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 550 ဒေါ်လာနှင့် USD ဈေး ၁၅၃၃ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၇-၅-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၃ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ထုံခါ-သဲဖြူ-မောတောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိနေသည့် ထုံခါ-သဲဖြူ-မောတောင် လမ်း(နှစ်လမ်းသွား) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၈နာရီ ၁၅မိနစ်တွင် ထုံခါ-သဲဖြူ-မောတောင် လမ်း ၁၀ ကီလိုမီတာ သိန်းခွန်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးကျော်လင်းက အမှာစကားပြောကြားခြင်း၊ တနင်္သာရီတိုင်းအစိုးရအဖွဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးအောင်သူရနှင့် မြိတ်အများပိုင်ကော်ပိုရေးရှင်လီမိတက် ဥက္ကဋ္ဌဦးလှသန်းတို့က ဆောင်ရွက်ပြီး လမ်းပိုင်တည်ဆောက်မှု မှတ်တမ်းဗီဒီယိုကို ရှင်းလင်း ပြသခဲ့ကာ ထုံခါ-သဲဖြူ-မောတောင်လမ်းပိုင်း ကတ္တရာလမ်းဖော်ဆောင်ပေးမှုအပေါ် ဒေသခံပြည်သူ ဦးစိုးရီက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။

ဆက်လက်၍ လမ်းပိုင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဆောင်ရွက်ခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးအောင်သူရ၊



တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်ဟိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဝင်းထွန်း၊ တနင်္သာရီမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေ၊ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက် ဥက္ကဋ္ဌ ဦးလှသန်းနှင့် မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးစိုးဝင်းတို့မှ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထုံခါ-သဲဖြူ-မောတောင်လမ်းပိုင်းသည် ၄၈ မိုင် ၂ ဖာလုံ ကွာဝေးပြီး ၂၀၁၂ ခုနှစ်မှစ၍ မြေသား ပြုပြင်ဆောင်ရွက်ခဲ့ကာ ၂၀၁၇ ခုနှစ်တွင် ကတ္တရာလမ်းစတင်ခင်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအကုန်တွင် လမ်းခင်းပြီးစီးခဲ့သည်။

ထုံခါ-သဲဖြူ-မောတောင်လမ်းပိုင်းသည် ယခင်က မိုးရာသီ မှာ ခက်ခဲစွာ သွားလာခဲ့ရပြီး ယခုလို ကတ္တရာလမ်းသစ် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာသွားလာနိုင်သည့်အပြင် မြိတ်ဒေသထွက် ရေထွက်ကုန်ပစ္စည်း တွေကို ထိုင်းနိုင်ငံ မဟာချိုင်ဈေးကွက်အထိ မောတောင်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် အချိန်တိုအတွင်း တင်ပို့နိုင်တော့မည်ဖြစ်သည်။ **ကသရ(မြိတ်)**

# Kick-Off Workshop New Tourism Products အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းတို့ ပူးပေါင်း၍ ဆွစ်ဇာလန်နိုင်ငံအစိုးရ၏အထောက်အပံ့ဖြင့် အင်းလေးကန်အနီးတစ်ဝိုက်တွင် ဉယျာဉ်ခြံမြေနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးချိတ်ဆက်လုပ်ကိုင်မှုများ မြှင့်တင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ရန် အစိုးရ၊ ပုဂ္ဂလိက၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများပါဝင်သော ( Kick-Off Workshop: New/ Upscaled Tourism Products In Southern Shan State )အလုပ်ရုံဆွေးနွေးပွဲကို မေ ၈ ရက် နံနက် ၉နာရီတွင် ဟဲဟိုးမြို့ ( Royal Airstrip Hotel )၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းရှိ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ၊ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များစုစုပေါင်း ၅၉ ဦးတက်ရောက်ခဲ့ကြသည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ရှမ်းပြည်နယ် ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က အမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ်တောင်ပိုင်းသည် အရှေ့ပိုင်းနှင့်မြောက်ပိုင်းတို့ထက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ကြောင်း International Trade Center ( ITC ) မှ အင်းလေးဒေသတစ်ဝိုက်တွင် Tourism Product လျာထားမှု ၁၀ ခုအနက်မှနှစ်ခု ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ITCမှ Ms.EmilieDaironနှင့် Ms. GisuliaMacola တို့က ITC မှ မြန်မာနိုင်ငံတွင် လုပ်ဆောင်လျက်ရှိသော Other Tourism Project များအား ရှင်းလင်းပြောကြားခဲ့သည်။

ITC မှ Dr. Nicole Haeusler က ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် Tourism Products များအရည်အသွေး မြှင့်တင်ခြင်းအတွက် နေရာ ၁၀ ခု ရွေးချယ်ထားပြီး ၎င်းတို့အနက်မှနှစ်ခုကို ITC မှ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက အဖွဲ့လိုက်ဆွေးနွေးကြပြီး နေရာ ၁၀ခု အား မေ ၁၀ ရက်ထိ ကွင်းဆင်းကြည့်ရှုလေ့လာပြီးနောက် နေရာနှစ်ခုအား ရွေးချယ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၉၂ ဘီလီယံထုတ်ချေးရန်လျာထား

၂၀၁၉ ခုနှစ် မိုးစပါးရာသီ ဧရာဝတီတိုင်းဒေသကြီး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တိုင်းအတွင်းရှိတောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၉၂ ဘီလီယံထုတ်ချေးပေးရန် လျာထားကြောင်း မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိရေးအတွက် မြို့နယ် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများနှင့်ဆက်သွယ်၍ သတ်မှတ်ကာလအတွင်း ချေးငွေများထုတ်ယူရန် ကြော်ငြာချက်များလည်း ထုတ်ပြန်ထားသည်။

ငွေချေးယူမည့်တောင်သူများသည် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုပုံစံ (၇)မူရင်း၊စိုက်ပျိုးရေးဦးစီးဌာနမှစိုက်ပျိုးသီးနှံမှန်ကန်ကြောင်း ထောက်ခံချက်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာနမှ မြေယာပိုင်ဆိုင်မှုထောက်ခံချက် လိုအပ်သည့် အထောက်အထားများ ပြည့်စုံစွာယူဆောင်လာရန်နှင့်မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို တိုင်းအတွင်း ၂၆ မြို့နယ်ရှိ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများက မေ ၆ ရက်တွင်စတင်ပြီး ထုတ်ချေးပေး လျက်ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တိုင်းဒေသကြီး မန်နေဂျာဦးသန်းဌေးအောင်က ပြောသည်။

စိုက်ပျိုးစရိတ်ထုတ်ချေးမည့်တောင်သူများအား ယခင်နှစ်များက ကြွေးကျန်ကို ယခုနှစ် စက်တင်ဘာ ၁၅ ရက်နောက်ဆုံးထားပြီး ပေးဆပ်မှသာ ယခုနှစ်အတွက်ချေးငွေအသစ် ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ၂၀၁၉ခုနှစ်၊ မိုးစပါးချေးငွေများကို မေ ၆ ရက်မှ ၁၄ ရက် အထိကျေးရွာအုပ်စု ၄၆ စု၊ တောင်သူ ၂၆၄၆ ဦး၊ စိုက်ဧက ၁၉၁၈၅ ဧကအတွက် တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ချေးငွေ ၂၈၇၇ ဒသမ ၇၅ ကျပ်သန်း နှစ်ဘီလီယံကျော်ထုတ်ချေးပေးပြီး ကျန်ရှိနေသော တောင်သူများကို ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် မိုးစပါးရာသီအတွက်စိုက်ပျိုး စရိတ်ချေးငွေများကို စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မန်နေဂျာဦးသန်းဌေးအောင်က ဆက်လက်ပြောကြားသည်။

**ဧရာမြေ**

## တည်ငင်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိတည်ငင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ မေ ၆ ရက်မှ ၁၂ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့်ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၁၃၃၀ မှ ၁၄၆၀ အတွင်း၊ ခရမ်းချဉ်သီး(ကိုင်း) ကျပ် ၉၀၀ ၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၅၅၀ မှ ၉၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်)ကျပ် ၇၀၀ မှ ၈၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၆၅၀၊ မုန်လာဥဖြူ(စီး)ကျပ်၃၅၀၊ မုန်လာဥနီ(ပိဿာ) ကျပ် ၁၂၀၀၊ ရွှေဖရုံသီး(လုံး) ကျပ် ၁၅၀၀ မှ ၂၀၀၀ အတွင်း၊ ဘူးသီး(လုံး)ကျပ် ၅၀၀ မှ ၁၀၀၀ အတွင်း၊ မုန်ညင်း(ထုပ်)ကျပ် ၂၀၀၀၊ ကြက်သွန်နီ(မြစ်သား) (ပိဿာ) ကျပ် ၈၀၀၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၁၃၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) (ပိဿာ) ကျပ် ၂၆၀၀ မှ ၂၇၀၀ အတွင်း၊ ချင်း(ပိဿာ) ကျပ် ၂၂၀၀၊ ဆလတ်ရွက် (စီး) ကျပ် ၁၅၀၊ ရုံပတီသီး (တောင့်) ကျပ် ၁၀ မှ ၂၅ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၁၈၀ မှ ၂၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး) ကျပ် ၇၀၊ ခရမ်းသီး(မီးဖုတ်ခရမ်း)(လုံး) ကျပ်၁၅၀ မှ ၂၅၀ အတွင်း၊ သံပရာသီး (လုံး)ကျပ် ၄၀ မှ ၆၀ အတွင်း၊ ပဲသီး(စီး) ကျပ် ၂၀၀ မှ ၄၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၁၃၀၀ မှ ၁၇၀၀ အတွင်း ဈေးအသီးသီးရှိကြောင်း သိရသည်။

ယခုရက်သတ္တပတ်အတွင်း ငရုတ်သီးစိမ်း (ကျောက်စိမ်း)၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ပဲသီးနှင့် ကြက်သွန်ဖြူ(ကြူကုတ်)တို့၏ ဈေးနှုန်းများမှာ အနည်းငယ်ဈေးတက်နေပြီး ခရမ်းချဉ်သီး (ကိုင်း)၊ အာလူး၊ မုန်လာဥ(ဖြူ/နီ)၊ ကြက်သွန်နီ(မြစ်သား)၊ ကြက်သွန်ဖြူ(ရှမ်း)၊ မုန်ညင်း၊ ချင်း၊ ဆလတ်ရွက်၊ ချဉ်ပေါင်ရွက်တို့၏ ဈေးနှုန်းများမှာ ဈေးအတက်/အကျမရှိ ဈေးနှုန်းတည် ငြိမ်နေကြောင်းသိရသည်။

တည်ငင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီးအလုံးပေါင်း ၈၈၀၀၀ ကျော်၊ ခရမ်းသီး (မီးဖုတ်ခရမ်း)(လုံး) ၄၇၀၀၀ကျော်၊ ဘူးသီးအလုံးပေါင်း ၂၄၀၀၀ ကျော်၊ ရွှေဖရုံသီး အလုံးပေါင်း ၁၀၀၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၄၀၉၀၀ ကျော်၊ ပန်းဂေါ်ဖီ(ထုပ်)ပေါင်း ၂၈၈၀၀ ကျော်နှင့် မုန်ညင်း (ထုပ်)ပေါင်း ၃၅၇၀ ကျော် ကုန်အဝင်ရှိကြောင်း သိရသည်။

ဖရဲသီးဝင်ရောက်မှုမရှိဘဲ နာနတ်သီးနှင့် ပေါ်ဦးပေါ်ဖျားသရက်သီးတို့ အနည်းငယ်စတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **ခိုင်ရွှေ(ရန်ကုန်)**

# ၂၀၁၈ခုနှစ် တရုတ်နိုင်ငံ၏ ပဲပုပ်တင်သွင်းမှု ပထမဦးဆုံးအကြိမ် ကျဆင်းခဲ့

[ဒေါက်တာနနခိုင်]

တရုတ်နိုင်ငံ အကောက်ခွန်ဌာန၏အဆိုအရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ တရုတ်နိုင်ငံ၏ ပဲပုပ်တင်သွင်းမှုမှာ တန်၇ဒသမ၃၈ မီလီယံဖြစ်ပြီး ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ၏ တန်ချိန် ၅ဒသမ၇၂ မီလီယံထက် ၃၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်အတွင်း တရုတ်နိုင်ငံသည် ပဲပုပ်တန် ၈၈ဒသမ၀၃၁ မီလီယံတင်သွင်းခဲ့ပြီး တန်၇ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ (၇) နှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အကြီးဆုံး ပဲပုပ်တင်သွင်းသည့်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ ပဲပုပ်ကုန်သွယ်မှုမတည်ငြိမ်မှုအခြေအနေများသည် ကမ္ဘာ့ပဲပုပ်ကုန်သွယ်မှုများကိုလည်း အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ လက်တွေ့တွင် တရုတ်နိုင်ငံအတွင်း ပဲပုပ်လိုအပ်ချက် လျော့နည်းလာခြင်းကြောင့် ပဲပုပ်တင်သွင်းမှုကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

## yJykfwifoGif;rIrmP us;qif;&jcif\aemufcH

ပဲပုပ်အဓိကထုတ်လုပ်သည့်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ယခင်က ပဲပုပ်အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ စာရင်းဇယားများအရ ၁၉၉၄-၉၅ ဘဏ္ဍာနှစ် မတိုင်မီ တရုတ်နိုင်ငံသည် ပဲပုပ်တင်ပို့သည့် နိုင်ငံဖြစ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ် အရောက်တွင် များပြားလှသည့်လိုအပ်ချက်များကြောင့် တရုတ်ပဲပုပ် တင်သွင်းမှုပမာဏကို တရိပ်ရိပ်မြင့်တက်စေခဲ့ပါသည်။၁၉၉၉-၂၀၀၀ဘဏ္ဍာနှစ် တရုတ်ပဲပုပ်တင်သွင်းမှုပမာဏမှာ တန် ၁၀ မီလီယံ ကျော်လွန်ခဲ့သည်။ ထို့နောက် ၂၀၀၉-၁၀ ဘဏ္ဍာနှစ် တရုတ်ပဲပုပ် တင်သွင်းမှုပမာဏမှာ တန် ၅ ဒသမ ၃၄ မီလီယံသို့ ရောက်ရှိခဲ့ပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ် တရုတ်ပဲပုပ်တင်သွင်းမှု ပမာဏ တန်၉၃ ဒသမ ၅ မီလီယံသို့ ရောက်ရှိမြင့်တက်ခဲ့ကြောင်း တွေ့ရသည်။

၂၅ နှစ်တာခန့် အချိန်ကာလအတွင်း တရုတ်နိုင်ငံသည် ယခင် ပဲပုပ် အဓိကတင်ပို့သည့်နိုင်ငံအဖြစ်မှ ကမ္ဘာ့အကြီးဆုံး ပဲပုပ်တင်သွင်းသည့် နိုင်ငံအဖြစ်သို့ ပြောင်းလဲခဲ့ပြီး တင်သွင်းမှုပမာဏမှာ ကမ္ဘာ့ပဲပုပ်ကုန်သွယ်မှုပမာဏ၏ ၆၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ပဲပုပ်တင်သွင်းသည့် အဓိက ထိပ်တန်းနိုင်ငံအဖြစ် တည်ငြိမ်စွာရပ်တည်နေပြီဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

တရုတ်၏ ပဲပုပ်တင်ပို့သည့် နိုင်ငံမှ ပဲပုပ် တင်သွင်းသည့်နိုင်ငံအဖြစ် ပြောင်းလဲမှု၏ နောက်ကွယ်၌ အဓိက အရေးကြီးသည့်အချက်မှာ ပြည်တွင်းရှိပြည်သူများ၏ Animal Source Protein လိုအပ်ချက်တိုးပွားလာမှုများကြောင့်ဖြစ်ကြောင်း၊ အဆိုပါ လိုအပ်ချက်တိုးပွားလာမှုများကြောင့် တရုတ်၏ မွေးမြူရေးလုပ်ငန်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာအောင် လှုံ့ဆော်ခဲ့သည်။

၂၀၁၆၊ ၂၀၁၇ ခုနှစ်များအတွင်း ဝက်မွေးမြူရေးပမာဏ လျင်မြန်စွာ ချဲ့ထွင်လာခဲ့ပြီး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မှုများကိုလည်း တွန်းအားပေးရာ ရောက်ခဲ့သည်။ ၂၀၁၈ ခုနှစ်၏ အဓိက ကိစ္စရပ်ကြီးများဖြစ်သည့် အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲနှင့် အာဖရိကန် ဝက်တုပ်ကွေးရောဂါကိစ္စရပ်များသည် ပဲပုပ်တင်သွင်းမှု အပေါ် ရိုက်ခတ်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့သည်။

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် တရုတ်နိုင်ငံသည် (New Edition of Livestock and Poultry Group Standard) ကို စတင်ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တိရစ္ဆာန်အစားအစာ ဖော်စပ်ရာတွင် အသုံးပြုသည့် ပရိုတင်း အသုံးပြုမှုပမာဏကို လျှော့ချ ရန်နှင့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်သည့်လုပ်ငန်းများ၏ သင့်တော်သည့် အစာဖော်စပ်မှု နည်းလမ်းများကိုတက်ကြွစွာကြိုးကြပ်ဆောင်ရွက်ခဲ့သည်။

ယခုနှစ်များအတွင်း တရုတ်ပြည်တွင်း တိရစ္ဆာန်အစားအစာအတွင်း အသုံးပြုသည့် ပရိုတင်းမှာ အဓိကအားဖြင့် ပဲပုပ်မှ ရရှိခြင်းဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲပုပ်တင်သွင်း မှုမှာ ၉၃ဒသမ၅ မီလီယံတန်သို့မြင့်တက်ခဲ့ပြီး ၂၀၀၇-၀၈ ဘဏ္ဍာနှစ် ပဲပုပ်တင်သွင်းမှု ပမာဏမှာတန် ၃၇ဒသမ၈၂ မီလီယံဖြစ်ကာ (၁၀)နှစ်တာကာလ အတွင်း ၁ ဒသမ ၄၇ဆ မြင့်တက်ခဲ့သည်။



New Edition of Livestock and Poultry Group Standard ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်မှု၏ နောက်ကွယ်တွင် Livestock and poultry breeding industry လုပ်ငန်းများအနေဖြင့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်မှုနည်းပညာနှင့် အစာထုတ်လုပ်မှု အတွင်း အသုံးပြုသည့် Crude Protein နှင့် phosphorus ၏ အဆင့်ပမာဏကို လျှော့ချရန်ဖြစ်ကြောင်း၊ ထို့ပြင် အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် ပဲပုပ်တင်သွင်းရာတွင် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကိုလည်း ထုတ်လုပ်မှုတွင် ထည့်သွင်းစဉ်းစားရန် အရေးတကြီး လိုအပ်မည်ဖြစ်ကြောင်း လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရသည်။

ကနဦး လေ့လာသုံးသပ်ချက်များအရ အာဖရိကန်ဝက်တုပ်ကွေးကြောင့် လာမည့်နှစ်တွင် ဝက်သားထုတ်လုပ်မှု ကျဆင်းမည်ဖြစ်ကြောင်း၊ ဝက်အစာ လိုအပ်မှုပမာဏ ကျဆင်းလာမှုကြောင့် ပဲပုပ်လိုအပ်ချက်ပမာဏလည်း လျော့နည်းလာမည်ဖြစ်ကြောင်းနှင့် ၂၀၁၉ခုနှစ် ပဲပုပ်လိုအပ်ချက်ပမာဏ တန် ၃ဒသမ၅-၄ဒသမ၅မီလီယံ လျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အနာဂတ်တွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် တိရစ္ဆာန် အစာဖော်စပ်ရာတွင် ပရိုတင်းပါဝင်မှုပမာဏ လျှော့ချခြင်းဖြင့် သီအိုရီအရ ပဲပုပ်တင်သွင်းမှု ပမာဏအများဆုံး တန်၁၀-၁၂ မီလီယံ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ကြိုတင်လေ့လာခန့်မှန်းမှုများအရ အကယ်၍ တရုတ်နိုင်ငံအနေဖြင့် ဝက်အစာအတွင်းရှိပဲပုပ်ပါဝင်မှု ပမာဏအား နိုင်ငံတကာအဆင့်နှင့်အညီ လျှော့ချနိုင်မည်ဆိုပါက နှစ်စဉ်ပဲပုပ်လိုအပ်ချက် ပမာဏ တန်၂၇ မီလီယံ လျော့နည်းလာမည်ဖြစ်ကြောင်း သိရသည်။

## urÇmhukefoG,frIay:ay:ifvjcif

၂၀၁၈ ခုနှစ် ပဲပုပ်တင်သွင်းမှုပမာဏမှာ (၇)နှစ်တာကာလ အတွင်း တန်၈၈ဒသမ၀၃၁ မီလီယံဖြင့် ပထမဦးဆုံးအကြိမ် ကျဆင်းခဲ့သော်လည်း စားနပ်ရိက္ခာတင်သွင်းမှု စုစုပေါင်း ပမာဏအချိုး၏ ရာခိုင်နှုန်း ၈၀ ကျော်လွန်မြဲဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီး၊ အမေရိကန်၊ အာဂျင်တီးနား အစရှိသည့် နိုင်ငံများသည် တရုတ်နိုင်ငံ၏အဓိကသွင်းကုန်တင်သွင်းသည့် ထိပ်တန်း သုံးနိုင်ငံဖြစ်ပြီး တင်သွင်းမှုမှာ စုစုပေါင်း ပဲပုပ်တင်သွင်းမှု ပမာဏ၏ ၉၅ ရာခိုင်နှုန်းနီးပါးခန့်ဖြစ်ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်မှစ၍ ဘရာဇီးနိုင်ငံသည် အမေရိကန်ကိုကျော်လွန်၍ တရုတ်နိုင်ငံ၏ အများဆုံး ပဲပုပ် တင်သွင်းသည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီးနောက် ဘရာဇီးနိုင်ငံအနေဖြင့် ပဲပုပ်ထုတ်လုပ်မှု ပမာဏနှင့် ဈေးနှုန်း ရရှိအားသာမှုများမှာလည်း တစ်စတစ်စမြင့်တက်လာခဲ့ကာ တရုတ်ဈေးကွက်အတွင်း စဉ်ဆက်မပြတ် စိုးမိုးနိုင်ခဲ့သည်။

သို့သော် အာဂျင်တီးနားနိုင်ငံအနေဖြင့် နိုင်ငံအတွင်းရှိ ပဲပုပ်တင်ပို့မှုမူဝါဒနှင့် ပြည်တွင်းရှိ မြေနေရာ၊ ရာသီဥတု၊ အရင်းအမြစ်အစရှိသည့် အကြောင်းတရားများကြောင့် နိုင်ငံအတွင်း ပဲပုပ်ထုတ်လုပ်နိုင်မှုအပေါ် ရိုက်ခတ်မှုမှာ ကြီးမားပြီး နှစ်စဉ်တရုတ်နိုင်ငံသို့ ပဲပုပ် တန် ၅-၁၀ မီလီယံတင်ပို့ကြောင်း တွေ့ရသည်။

ကုန်သွယ်ရေးစစ်ပွဲမစတင်မီအချိန်က တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ ပထမအများဆုံးပို့ကုန်ဈေးကွက်အဖြစ် ရပ်တည်ခဲ့ပြီး အမေရိကန်နိုင်ငံအနေဖြင့် ၆၂ ရာခိုင်နှုန်းခန့်ရှိသည့် ပဲပုပ်များကို တရုတ်နိုင်ငံသို့တင်ပို့ရောင်းချခဲ့ကာ အမေရိကန်-တရုတ်တို့၏ပဲပုပ်ကုန်သွယ်မှုတွင် အပြန်အလှန် အရေးထားမှုမှာလည်းကြီးမားခဲ့သည်။ သို့သော် နှစ်နိုင်ငံ ကုန်သွယ်ရေးစစ်ပွဲစတင်ပြီးနောက်တွင် “ပဲပုပ်”သည် နှစ်နိုင်ငံကုန်သွယ်မှုအတွင်း ရိုက်ခတ်မှု အများဆုံးဖြစ်သည့် ကုန်ပစ္စည်းတစ်ခုဖြစ်ခဲ့သည်။

စာရင်းဇယားများအရ ၂၀၁၈ ခုနှစ်တွင် ဘရာဇီးနိုင်ငံမှ တရုတ်နိုင်ငံသို့ ပဲပုပ် တန်ချိန် ၆၆ဒသမ၁ မီလီယံ တင်ပို့ခဲ့ပြီး ၃၀ ရာခိုင်နှုန်းတိုးတက်လာကာ တရုတ်နိုင်ငံ၏ စုစုပေါင်းပဲပုပ်တင်သွင်းမှု ပမာဏ၏ တန်၇၅ဒသမ၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အမေရိကန်မှ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှု မှာ တန်၁၆ဒသမ၆၄ မီလီယံသာရှိပြီး ၄၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် တရုတ်နိုင်ငံ စုစုပေါင်း ပဲပုပ်တင်သွင်းမှုပမာဏ၏ ၁၈ဒသမ၉ ရာခိုင်နှုန်းသာရှိကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း အာဂျင်တီးနားနိုင်ငံ၏ ပဲပုပ်ထုတ်လုပ်မှုကျဆင်းလာခြင်းကြောင့် တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှုပမာဏမှာ သိသိသာသာ ကျဆင်းခဲ့ကြောင်း၊ အလားတူပင် ကနေဒါနိုင်ငံ၏ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှု ပမာဏမှာလည်း သိသာစွာ ကျဆင်းခဲ့ကြောင်းနှင့် ဥရုဂွေး၏ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှုပမာဏမှာ တည်ငြိမ်လျက်ရှိကြောင်း တွေ့ရသည်။

ရုရှား၊ ယူကရိန်းနှင့် အိန္ဒိယနိုင်ငံတို့၏ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှုမှာ သိသာစွာတိုးတက်ခဲ့သော်လည်း တင်ပို့သည့် အခြေခံပမာဏ နည်းပါးခြင်းကြောင့် တင်ပို့မှုမှာ တရုတ်နိုင်ငံ စုစုပေါင်း ပဲပုပ်တင်သွင်းမှုပမာဏအချိုးအားဖြင့် မကြီးမားကြောင်း တွေ့ရသည်။

အချုပ်အားဖြင့်ဆိုပါက ၂၀၁၈ ခုနှစ် တရုတ်နိုင်ငံ၏ ဘရာဇီးနှင့် အမေရိကန်နိုင်ငံတို့မှ စုစုပေါင်း ပဲပုပ်တင်သွင်းမှုမှာ တရုတ်နိုင်ငံ စုစုပေါင်းပဲပုပ်တင်သွင်းမှု၏ ၉၄ ရာခိုင်နှုန်း ဖြစ်ကြောင်းတွေ့ရသည်။ ရုရှား၊ အိန္ဒိယ၊ အာဂျင်တီးနားနှင့် ဥရုဂွေး အစရှိသည့်နိုင်ငံများမှ တင်သွင်းသည့် ပဲပုပ်စုစုပေါင်းပမာဏမှာ ခန့်မှန်းအားဖြင့် အလားတူကာလ စုစုပေါင်း ပဲပုပ်တင်သွင်းမှု ပမာဏ၏ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းပဲပုပ် ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြည်တွင်းပဲပုပ်ထုတ်လုပ်နိုင်မှု မြင့်တင်ရေးတို့ကို တတ်ကြွစွာ တွန်းအားပေးဆောင်ရွက်လျှက်ရှိသော်လည်း ပြည်တွင်းမြေဧရိယာ အကန့်အသတ်များရှိခြင်း၊ ပဓာနကျကျ ထောက်ပံ့ပေးနိုင်သည့် တည်ငြိမ်မှုရှိသည့် ဦးစားပေးအာမခံမှုများ လိုအပ်ခြင်းများကြောင့် ပြည်တွင်းပဲပုပ်လိုအပ်ချက်များကို ထောက်ပံ့ပေးနိုင်ရန်အတွက် ပဲပုပ်တင်သွင်းမှုကို ပိုမိုလိုအပ်နေရခြင်းဖြစ်ကြောင်း သိရသည်။

အနာဂတ်တွင် တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ် ပဲပုပ်တင်သွင်းမှု နည်းဗျူဟာနှင့်အတူ ကမ္ဘာ့ပဲပုပ် ကုန်သွယ်မှုပုံစံမှာ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်များအဆိုအရ သိရသည်။

ကာလတိုအနေဖြင့် ကြည့်မည်ဆိုပါက တောင်အမေရိကတိုက်သည် အဓိက ပဲပုပ်တင်သွင်းသည့်ဒေသအဖြစ် ရပ်တည်နေဆဲဖြစ်ပြီး အထူးသဖြင့် ဘရာဇီးနိုင်ငံဖြစ်သည်။ နောင်လာမည့် (၅) နှစ်တွင် ဘရာဇီးပဲပုပ်သည် တရုတ်နိုင်ငံ ပဲပုပ်တင်သွင်းမှုပမာဏ၏ ၆၀-၇၅ ရာခိုင်နှုန်းအကြားတွင်လည်းကောင်း၊ တောင်အမေရိကတစ်ခုလုံးမှ ပဲပုပ်သည် တရုတ်နိုင်ငံ စုစုပေါင်းပဲပုပ်တင်သွင်းမှုပမာဏ၏ ၇၀-၈၅ ရာခိုင်နှုန်းအကြားတွင်လည်းကောင်း အသီးသီးရပ်တည်နေမည်ဖြစ်ကြောင်း လေ့လာသုံးသပ်မှုများအရ သိရသည်။

ပဲပုပ်ထုတ်လုပ်မှုများမှာ အဓိကအားဖြင့် အမေရိကတိုက်ဘက်ရှိ နေရာဒေသများဖြစ်သော်လည်း ကမ္ဘာတွင် ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်သည့် နေရာဒေသများမှာလည်း အလွန်ပေါများပါသည်။

ဥပမာ- အရှေ့ဥရောပ၊ အာဖရိကတိုက် အစရှိသည့် ဒေသများဖြစ်ပြီး ၎င်းဒေသများမှာ ဈေးကွက်နည်းပါးကြောင်းသိရသည်။ အဆိုပါဒေသများအနေဖြင့်လည်း တရုတ်နိုင်ငံ၏ ရိုက်ခတ်မှုများကြောင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုဧရိယာများ တိုးချဲ့လာနိုင်မည်ဟု ခန့်မှန်းကြောင်း ဖော်ပြအပ်ပါသည်။

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေကို လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မေ ၁၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၉၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ရုရှား၊ အီဂျစ်၊ ကင်ညာ၊ ကူဝိတ်၊ နယူးဇီလန်နှင့် တောင်အာဖရိကစသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၁ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့်နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ အိန္ဒိယ၊ အီတလီ၊ နော်ဝေနှင့် ကနေဒါ စသည့် နိုင်ငံပေါင်း ၂၇ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၇၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မေ ၁၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့်ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိ ရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မေ ၁၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၅ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၄၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဘာဘေဒို၊ အီဂျစ်၊ အီတလီ၊ ကင်ညာ၊ ကူဝိတ်နှင့် တောင်အာဖရိက စသည့်နိုင်ငံများ အပါအဝင် ၆၄ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ အိန္ဒိယ၊ ရုရှား၊ ဆွီဒင်၊ နော်ဝေနှင့် နယူးဇီလန် စသည့်နိုင်ငံ ၂၃ နိုင်ငံသာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မေ ၁၃ ရက်တွင် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့်ဈေးနှုန်းမြင့်တက်ခဲ့ကာ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့်ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မေ ၁၃ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၃ | ၀.၆၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၂ | ၀.၈၆ |
| ၃ | ထိုင်း | လီတာ | ၁.၁၇ | ၀.၈၈ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် မေ ၁၃ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၅ ဒေါ်လာဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၁ ဒေါ်လာဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၅ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့် မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ ဒေါ်လာဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဒေါ်လာဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ဧည့်မထ ၅ မှတ်နှင့် ၂၅ မှတ်ဆန်နှင့် ပေါင်းဆန် ဈေးနှုန်းများ အနည်းငယ်ဈေးမြင့်တက်ခဲ့ပြီး ဗီယက်နမ် နိုင်ငံတွင် ဧည့်မထ ၅မှတ် ဆန်ဈေးကျဆင်းခဲ့ကာ ဧည့်မထ ၂၅ မှတ် ဆန် ဈေးနှုန်းများ ဈေးမြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။ ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ ၅ မှတ်ဈေး အနည်းငယ် ဈေးမြင့်တက်ခဲ့ပြီး ၂၅ မှတ်ဆန်မှာ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်မှာ ဈေးတည်ငြိမ်နေခဲ့ပြီး ပေါင်းဆန်အမျိုးအစားမှာ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့်စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ဗီယက်နမ်ပြည်တွင်း၌ ဆန်ဝယ်လိုအား မြင့်တက်လာခြင်းနှင့် ဗီယက်နမ်၏ ဆန်အိုးကြီးဟုခေါ်သော မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ၌ ရေရှားပါးနိုင်ခြင်းတို့ကြောင့် ဗီယက်နမ် ဆန်ပို့ကုန်ဈေးများ သီတင်းခြောက်ပတ်အတွင်း ပထမအကြိမ် မြင့်တက်လာခဲ့သည် ကို တွေ့ရှိရသည်။ ဆန်ဝယ်လိုအား မြင့်တက်နေပြီး ပို့ကုန်သမားများအနေဖြင့် နှစ်ဦးပိုင်းက စာချုပ်ချုပ်ဆိုထားသည့် ဆန်စာချုပ်များအတွက် ဖြည့်ဆည်းရောင်းချနိုင်ရန် တောင်သူများထံမှ ဆန်ကို ဆက်တိုက်ဝယ်ယူလာကြောင်း ဟိုချီမင်းစီးတီးမြို့ အခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်ကိုသိရှိရသည်။ တောင်သူများ စပါးပြန်လည်စတင်စိုက်ပျိုးနေချိန်တွင် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ၌ ရေရှားပါးမှုကြုံနေရသဖြင့်လည်း ဆန်ဈေးမြင့်တက်ခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၌ ဧည့်မထ ၂၅ မှတ်ဆန်မှာ ဈေးတည်ငြိမ်နေခဲ့ပြီး ငါးမှတ်ပေါင်းဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၇-၃၈၀ နှုန်းတွင်ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈-၃၇၅ ဒေါ်လာသို့ကျဆင်းလာခဲ့ကြောင်းသိရှိရပါသည်။ အိန္ဒိယမှ ဆန်ဈေးကို ဈေးလျှော့ချထားသော်လည်း အာဖရိကနှင့် အာရှဝယ်လက်များထံမှ ဝယ်လိုအားနည်းလာကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာဖရိကဝယ်လက်များထံသို့ ဆန်ဟောင်းလက်ကျန်များ တွန်းထိုးရောင်းချနေခြင်းကလည်း ဆန်ဈေးကိုကျဆင်းစေခြင်းဖြစ်သည်ဟု ပို့ကုန်လုပ်ငန်းရှင်များက သုံးသပ်ပြောကြားကြသည်ကိုသိရှိရသည်။ ထို့ပြင် ရူပီးဈေးမှာ ခုနစ်ပတ်အတွင်း အနိမ့်ဆုံးကျဆင်းလာခြင်းသည်လည်း အိန္ဒိယဆန်ပို့ကုန်ဈေးကို လျှော့ကျစေခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပြည်တွင်းဆန်ဈေးကွက်တွင် ဆန်ကြမ်းဈေးနှုန်းမှာ သုံးနှစ်အတွင်း အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိလာကြောင်း၊ ပြည်ပတင်ပို့သည့် ၂၅ မှတ် ဆန်တစ်အိတ်လျှင်၃၀ ရာခိုင်နှုန်းခန့်ကျဆင်းသည့်အခြေအနေကို ရန်ကုန်ဈေးကွက်တွင် ကြုံတွေ့နေရပြီး ၂၅ မှတ် ဆန်ကြမ်းတစ်အိတ် ဈေးနှုန်းမှာ ကျပ် ၁၉၀၀၀ ခန့်မှ ကျပ် ၁၆၅၀၀ သို့ကျဆင်းလာခဲ့သည်ကို သိရှိရသည်။

လက်ရှိ ရန်ကုန်ဈေးကွက်ရှိ ဈေးနှုန်းများသည် တောင်သူများကို စိတ်ပျက်စေကြောင်း၊ သို့သော် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူထားသော ချေးငွေများ အလျင်အမြန် ပြန်လည်ပေးဆပ်နိုင်ရန် တောင်သူများအနေဖြင့် နွေစပါးများကို တွန်းရောင်းနေခြင်းကလည်း ဈေးနှိမ်ခံရသည့်အခြေအနေဖြင့် ကြုံတွေ့နေရခြင်းဖြစ်ကြောင်း၊ နွေစပါးပေါ်ချိန် စပါးဈေးများကျဆင်းမှုကို အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံတင်ပြခြင်းတို့ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဆောင်ရွက်လျက်ရှိပြီး အသင်းချုပ်အနေဖြင့် ဝယ်လိုအားမြင့်တက်သည့် နည်းလမ်းမျိုးစုံအပေါ် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေလင်းကပြောကြားခဲ့သည်ကို သိရှိရသည်။

လက်ရှိ ဆန်ဈေးကျဆင်းနေမှု အခြေအနေမှ ကျော်လွှားနိုင်ရေးအတွက် တရုတ်နိုင်ငံသာမက မည်သည့်နိုင်ငံမဆို ဆန်သားသီးသန့်သာမက လုံးတီးဆန်၊ ကုန်ကြမ်းစပါး ဝယ်ယူရန် တရားဝင်ကမ်းလှမ်းမှုရှိပါက အသင်းချုပ်အနေဖြင့် စိစစ်သုံးသပ်ပြီး ခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် ဆန်ထုတ်လုပ်မှု နှစ်စဉ်တန်ချိန် ၁၄ သန်းခန့်ရှိပြီး ပိုလျှံဆန်တန်ချိန် လေးသန်း ခန့်ကို ပြည်ပသို့တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ ပြည်ပဆန်တင်ပို့မှု တန်ချိန် ၂ ဒသမ ၄ သန်းခန့်သာ တင်ပို့နိုင်ခဲ့ပြီး ပြည်တွင်း၌ ဆန်တန်ချိန် လက်ကျန်တစ်သန်းကျော် ကျန်ရှိနေသည်ကို သိရှိရသည်။

ဆယ်စုနှစ်တစ်ခုအတွင်း တစ်ဟုန်ထိုး ဝယ်လိုအား တက်လာသည့် တရုတ်နိုင်ငံသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်ပြီး နယ်စပ်မှ ဆန်တင်သွင်းမှုကို တားမြစ်လာခြင်းကြောင့် ခုနစ်လအတွင်း မူဆယ်မြို့၌ ဆန်တန်ချိန် ခြောက်သောင်းကျော် ပိတ်မိနေခဲ့ပြီး ထိုအခြေအနေကို ဖြေရှင်းနိုင်ရန် သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကုန်ပစ္စည်းဖလှယ်သည့်စနစ်ဖြင့် နယ်စပ်မှ ဆန်တင်ပို့ရေးလည်း စီစဉ်နေကြောင်းသိရှိရသည်။ ထို့ပြင် တရားဝင် ခွဲတမ်းရရှိထားသော ဆန်တန်ချိန် တစ်သိန်း ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူများက ပြောကြားခဲ့သည်ကိုသိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် မေ ၁၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၂၃ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၂၀၅၁၅ မှ ၂၀၇၄၀ ကျပ်အထိ ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် မေ ၁၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၆ | ၀.၇၇ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၀ | ၁.၃၃ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၉ | ၀.၈၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၉ | ၀.၈၅ |
| ၉ | လာအို | လီတာ | ၁.၂၅ | ၁.၀၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် မေ ၁၃ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၃ ဒေါ်လာနှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ ဒေါ်လာရှိပြီး စက်သုံး ဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၃ ဒေါ်လာနှုန်းဖြင့် ၂၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်းတစ်လီတာ သုည ဒသမ ၆၅ ဒေါ်လာနှုန်းဖြင့် ၂၆ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၂၀ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | Monaco | လီတာ | ၁.၉၇ |
| ၃ | အီရန် | လီတာ | ၀.၂၉ | နော်ဝေ | လီတာ | ၁.၉၆ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | Iceland | လီတာ | ၁.၉၅ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | ဒိန်းမတ် | လီတာ | ၁.၉၅ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Monaco | လီတာ | ၁.၉၀ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Iceland | လီတာ | ၁.၈၈ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၈၂ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဟောင်ကောင် | လီတာ | ၁.၈၂ |
| ၅ | Ecuador | လီတာ | ၀.၂၇ | UK | လီတာ | ၁.၇၅ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၉ | ၀.၉၈ |
| ၂ | ဂျပန် | လီတာ | ၁.၃၄ | ၁.၁၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၅ | ၀.၉၇ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၀.၅.၂၀၁၉ | စည် | ၆၁.၇၀ |
| ၂ | ၁၃.၅.၂၀၁၉ | စည် | ၆၁.၀၄ |
| ၃ | ၁၄.၅.၂၀၁၉ | စည် | ၆၁.၇၈ |
| ၄ | ၁၅.၅.၂၀၁၉ | စည် | ၆၂.၀၂ |
| ၅ | ၁၆.၅.၂၀၁၉ | စည် | ၆၂.၈၇ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ်၊ မတ် ၁၈ ရက်မှ ၂၀၁၉ ခုနှစ် မေ ၁၃ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်း ဈေးနှုန်းပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း မြင့်တက်လာခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာလည်း မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်း ပြန်လည်မြင့်တက်လာကြောင်း သိရှိရ ပါသည်။ ပြည်တွင်းရွှေဈေးနှုန်းအနေဖြင့် မေ ၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၃၈၅၀၀ ဖြစ်ပေါ်ခဲ့ရာမှ မေ ၁၄ ရက်တွင်ကျပ် ၁၀၅၉၀၀၀၊ မေ ၁၅ရက်တွင် ကျပ် ၁၀၅၇၅၀၀ မေ ၁၆ ရက်တွင်ကျပ် ၁၀၅၂၅၀၀ သို့ အသီးသီးဖြစ်ပေါ်ခဲ့ပြီး နှစ်ပတ်အတွင်း ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၄၀၀၀ ခန့် မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

ကမ္ဘာ့ရွှေဈေးမှာ မေ ၁ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၂၈၂ ဒေါ်လာဖြစ်ပေါ်ခဲ့ရာမှ မေ ၁၅ ရက်တွင် ၁၂၉၈ဒေါ်လာ၊ မေ ၁၆ ရက်တွင် ၁၂၉၅ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး နှစ်ပတ်အတွင်း ရွှေတစ်အောင်စလျှင် ၁၃ ဒေါ်လာခန့် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ရွှေဈေးနှုန်းမှာ ခန့်မှန်းရခက်ခဲနေပြီး ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးနှုန်းနှင့် အမေရိကန်ဒေါ်လာ အတက်အကျပေါ်မူတည်ပြီး ပြောင်းလဲနိုင်ကြောင်း အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၁၉ ခုနှစ် မေ ၁ ရက်မှ ၁၆ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၅.၂၀၁၉ | ၁၀၃၈၅၀၀ | ၁၂၈၂ |
| ၂ | ၂.၅.၂၀၁၉ | ၁၀၃၆၀၀၀ | ၁၂၇၁ |
| ၃ | ၄.၅.၂၀၁၉ | ၁၀၃၉၀၀၀ | ၁၂၇၉ |
| ၄ | ၅.၅.၂၀၁၉ | ၁၀၃၈၀၀၀ | ၁၂၇၉ |
| ၅ | ၆.၅.၂၀၁၉ | ၁၀၄၃၀၀၀ | ၁၂၈၂ |
| ၆ | ၇.၅.၂၀၁၉ | ၁၀၄၃၀၀၀ | ၁၂၈၁ |
| ၇ | ၈.၅.၂၀၁၉ | ၁၀၄၈၀၀၀ | ၁၂၈၈ |


စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သောနိုင်ငံများမှ International Sugar Organization (ISO) website တွင် ဖော်ပြချက်စာရင်းများအရ ဘရာဇီး၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ပါကစ္စတန်၊ မက္ကဆီကို၊ ကိုလံဘီယာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အမေရိ ကန်ပြည်ထောင်စုတို့ဖြစ်ကြသည်။ ၂၀၁၈ ခုနှစ်တွင် သကြား တင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ ပြင်သစ်၊ အိန္ဒိယ၊ ဂျာမနီ၊ မက္ကဆီကို၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဂွါတီမာလာ၊ ပါကစ္စတန်၊ တောင်အာဖရိက၊ ပိုလန်၊ ကိုလံဘီယာ၊ Eswatini နှင့် ကျူးဘားနိုင်ငံတို့ဖြစ်ကြပြီး၊ ကမ္ဘာ့သကြား တင်သွင်းမှု အများဆုံးနိုင်ငံများမှာ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ မလေးရှား၊ အီတလီ၊ အယ်လ်ဂျီးရီးယား၊ တောင်ကိုရီးယား၊ UAE ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် စပိန်နိုင်ငံတို့ဖြစ်ကြသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် သကြားအများဆုံး လိုအပ်လျက်ရှိသည့်နိုင်ငံတစ်ခုဖြစ်ပြီး သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့်နိုင်ငံများစာရင်းတွင် သုံးနိုင်ငံမြောက်အဖြစ် ပါဝင်ကာ နှစ်စဉ်ပျမ်းမျှ သကြားတန်ချိန် ၁၀ သန်းကျော်

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 15-May-19 | 12.40 cts/lb | 12.51 cts/lb | 328.80 $/T | 14.91 cts/lb |
| 14-May-19 | 12.49 cts/lb | 12.55 cts/lb | 330.40 $/T | 14.99 cts/lb |
| 13-May-19 | 12.41 cts/lb | 12.58 cts/lb | 328.35 $/T | 14.89 cts/lb |
| 10-May-19 | 12.28 cts/lb | 12.60 cts/lb | 325.75 $/T | 14.78 cts/lb |
| 9-May-19 | 12.33 cts/lb | 12.65 cts/lb | 326.80 $/T | 14.82 cts/lb |
| 8-May-19 | 12.24 cts/lb | 12.67 cts/lb | 324.15 $/T | 14.70 cts/lb |
| 7-May-19 | 12.51 cts/lb | 12.70 cts/lb | 330.45 $/T | 14.99 cts/lb |
| 3-May-19 | 12.58 cts/lb | 12.76 cts/lb | 330.05 $/T | 14.97 cts/lb |
| 2-May-19 | 12.77 cts/lb | 12.78 cts/lb | 332.20 $/T | 15.07 cts/lb |
| 1-May-19 | 12.77 cts/lb | 12.79 cts/lb | 334.05 $/T | 15.15 cts/lb |




Source: www.isosugar.org

ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့်ဖြစ်သည့်အတွက် တန်ချိန် ခြောက်သန်းခန့် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာ့ သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကိုလေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် မေ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၄ ဒသမ ၀၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး မေ ၁၅ ရက်တွင် သကြားဖြူ (White Sugar)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဒသမ ၈၀ ဖြစ်ပေါ် ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

၂၀၁၉ ခုနှစ်၊ မေလ တတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၈၀ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ ဒေါ်လာ ၂၃၃၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၃၅-၄၅၉၊

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၃) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် . . . မှအဆက်

အရည်အသွေးနှင့် ရင်းနှီးမြုပ်နှံမှုချေးငွေများအတွက် JICA နှင့်ဆက်သွယ်ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် "သဇင်နွယ်"ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်သန်းသန်းဆွေက တင်ပြဆွေးနွေးရာ ယခုနှစ်တွင်သရက်သီးဈေးကွက်ကောင်းမွန်လာကြောင်း၊ သရက်စိုက်ခြံအထိဆင်း၍ ဝယ်ယူမှုများရှိလာကြောင်း၊ တောင်သူများအားလုံး ညီညီညွတ်ညွတ်နှင့် စုစည်း၍ Contract Farming စနစ်အကောင် အထည်ဖော် ဆောင်ရွက်လိုကြောင်းနှင့် မန္တလေးမြို့တွင် Wholesale Market တစ်ခုဖော်ဆောင်နိုင်ပါက နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများလည်း တိုးတက်လာနိုင်ပြီး ရောင်းသူဈေးကွက်တစ်ခု ပေါ်ပေါက်လာနိုင်မည်ဟု မျှော်လင့်မိပါကြောင်းနှင့် သရက်စိုက်တောင်သူများအနေဖြင့် သွင်းအားစုများအတွက် ငွေကြေးအရင်းအနှီးများ လိုအပ်လျက်ရှိပြီး ကာလတိုချေးငွေထက် နှစ်ရှည်ချေးငွေ အနည်းဆုံး နှစ်နှစ်နှင့် အများဆုံးငါးနှစ်ကာလများအထိ ချေးပေးနိုင်ပါက တောင်သူများအတွက် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ တောင်သူများမှလည်း အခြားသိရှိလိုသည်များ တင်ပြဆွေးနွေးခဲ့ကြပြီး "သဇင်နွယ်"ကုမ္ပဏီ၏ သရက်သီး Value Added ထုတ်လုပ်ပုံ အဆင့်ဆင့်များကို ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က စက်ရုံအတွင်း ကြည့်ရှုလေ့လာခဲ့ကြပြီး တက်ရောက်လာသူများနှင့် မှတ်တမ်းတင် အမှတ်တရဓာတ်ပုံများရိုက်ကူး၍ ဆွေးနွေးပွဲကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

**ခင်မြင့်မြင့်သန်း(မန္တလေး)**

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၅၃-၅၇၁ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အိန္ဒိယ၊ တရုတ်၊ ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၄၈ ဒေါ်လာဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ်၊ မေလလယ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန် ဒေါ်လာ ၆၄၇ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၈၀ ဒေါ်လာပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၃၃ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၃ ဒေါ်လာဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၇ ဒေါ်လာဝန်းကျင် ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ် များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့် ဆုံးဖြစ်ပေါ်နေပြီး၊ တောင်ကြီး၊ ဘားအံ၊ ပျဉ်းမနားနှင့် ကလေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို တစ် ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်၊ မေ ၁၆ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းတည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာ နိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ မေလလယ်အတွင်း ပြည်တွင်းသကြားဈေးနှုန်းများမှာ အတက်အကျအပြောင်း အလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | မေ ၁၀ | မေ ၁၃ | မေ ၁၄ | မေ ၁၅ | မေ ၁၆ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၁ | နေပြည်တော် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၂ | ကလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |

Source:DACA-Domestic

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်


| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၈ | ၉.၅.၂၀၁၉ | ၁၀၄၉၅၀၀ | ၁၂၈၅ |
| ၉ | ၁၀.၅.၂၀၁၉ | ၁၀၄၉၅၀၀ | ၁၂၈၆ |
| ၁၀ | ၁၂.၅.၂၀၁၉ | ၁၀၅၁၀၀၀ | ၁၂၈၆ |
| ၁၁ | ၁၃.၅.၂၀၁၉ | ၁၀၅၁၅၀၀ | ၁၂၈၄ |
| ၁၂ | ၁၄.၅.၂၀၁၉ | ၁၀၅၉၀၀၀ | ၁၂၉၈ |
| ၁၃ | ၁၅.၅.၂၀၁၉ | ၁၀၅၇၅၀၀ | ၁၂၉၈ |
| ၁၄ | ၁၆.၅.၂၀၁၉ | ၁၀၅၂၅၀၀ | ၁၂၉၅ |

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၈၀ ရာခိုင်နှုန်း၊ Annual Rate of Inflation ၇ ဒသမ ၂၈ ရာခိုင်နှုန်း၊ Year on Year Inflation ၇ ဒသမ ၉၂ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာဈေးသည် မေ ၂ ရက်တွင် ၁၅၂၃ ကျပ် ဖြစ်ပေါ်ခဲ့ရာမှ ပြန်လည်မြင့်တက်လာခဲ့ပြီး မေ ၁၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၁ ဒသမ ၆၀ ကျပ်၊ မေလ ၁၃ ရက်တွင် ၁၅၃၇ ဒသမ၉၀ ကျပ်၊ မေ ၁၅ ရက်တွင် ၁၅၄၃ ကျပ်နှင့် မေ ၁၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၉ ဒသမ ၂၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ပြင်ပဒေါ်လာဈေးကွက်တွင်လည်း အရောင်းအဝယ်မှာ အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်နေပြီး မေ ၁၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၆ ကျပ်၊ မေလ ၁၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၃ ကျပ်၊ မေ ၁၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၇ ကျပ်၊ မေ ၁၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၄ ကျပ်၊ မေ ၁၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၁ ကျပ် စသည်ဖြင့် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် မေ ၂ ရက်မှ ၁၆ ရက်အထိ နေ့အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများကို တစ်ဖက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




Source: Central Bank of Myanmar

၂၀၁၉ ခုနှစ် မေ ၁၀ ရက်မှ ၁၆ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ မေလ ၁၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၃၁ ဒသမ ၆၀ ကျပ်ရှိခဲ့ရာမှ မေလ ၁၆ ရက်တွင် ၁၅၃၉ ဒသမ ၂၀ ကျပ်သို့မြင့်တက်လာခဲ့ပြီး တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၅၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ငွေဈေးတည်ငြိမ်မှုသည်လည်း အရေးကြီးလိုအပ်ချက် တစ်ရပ်ဖြစ်ပြီး အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုး တည်ငြိမ်ရေး ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့၍ စဉ်ဆက်မပြတ် အကျိုးသက်ရောက်မှုရှိစေမည့် စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ပြည်တွင်းဒေါ်လာနှင့် ရွှေဈေးကွက်အပေါ်ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား စဉ်ဆက်မပြတ်စောင့်ကြည့်၍ လိုအပ်သည့် ထိန်းကျောင်းမှုများ ဆောင်ရွက်သွားသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၀-၅-၁၉ | ၁၃-၅-၁၉ | ၁၄-၅-၁၉ | ၁၅-၅-၁၉ | ၁၆-၅-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၃၁.၆ | ၁၅၃၇.၉ | ၁၅၄၃ | ၁၅၄၃.၀ | ၁၅၃၉.၂ | ၀.၅၀ | ⬆ |
| ၂ | Thai Baht | THB | ၃၁.၅၅၅ | ၃၁.၆၇၀ | ၃၁.၅၁၀ | ၃၁.၅၇၀ | ၃၁.၅၈၅ | ၀.၁၀ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၆၂ | ၁.၃၆၈ | ၁.၃၆၈ | ၁.၃၆၈ | ၁.၃၆၈ | ၀.၄၄ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၅၇ | ၄.၁၆၆ | ၄.၁၇၀ | ၄.၁၇၄ | ၄.၁၆၅ | ၀.၁၉ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၃၂၅ | ၁၄၃၂၀ | ၁၄၄၃၀ | ၁၄၄၆၅ | ၁၄၄၅၀ | ၀.၈၇ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၈၁၆ | ၆.၈၇၈ | ၆.၈၈၂ | ၆.၈၇၂ | ၆.၈၈၀ | ၀.၉၄ | ⬆ |
| ၇ | Indian Rupee | INR | ၆၉.၇၈၆ | ၇၀.၃၇၂ | ၇၀.၃၃၁ | ၇၀.၂၁၀ | ၇၀.၁၂၃ | ၀.၄၈ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၉.၈၂၄ | ၁၀၉.၆၆၂ | ၁၀၉.၆၆၆ | ၁၀၉.၄၇၁ | ၁၀၉.၅၄၄ | -၀.၂၅ | ⬇ |
| ၉ | Austrialia Dollar | AUD | ၁.၄၂၉ | ၁.၄၃၄ | ၁.၄၄၀ | ၁.၄၄၄ | ၁.၄၄၃ | ၀.၉၈ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၉၀ | ၀.၈၉၁ | ၀.၈၉၀ | ၀.၈၉၂ | ၀.၈၉၁ | ၀.၁၁ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၉ | ၀.၇၆၉ | ၀.၇၇၂ | ၀.၇၇၄ | ၀.၇၇၉ | ၁.၃၀ | ⬆ |

Source– Central Bank of Myanmar

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံး ဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ပြည်တွင်း စက်သုံးဆီဈေးနှုန်းများသည် မတ်လဆန်းကစ၍ ဆက်တိုက်မြင့်တက်နေရာ မေလဒုတိယပတ်တွင် ဒီဇယ်ဆီနှစ်မျိုး ဈေးပြန်လည်ကျဆင်းလာကြောင်း သိရှိရသည်။ စက်သုံးဆီ ရန်ကုန်အထိုင်ဈေးကွက်ရှိ ဆိုင်အများစုတွင် မေလ ၁၀ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၈၉၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၉၇၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၁၀၀၀ နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ကျပ် ၁၀၁၀ နှုန်းဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးနှုန်းများအရ ဒီဇယ်ဆီနှစ်မျိုးသည် ဧပြီ ၃၀ ရက်ထက် တစ်လီတာလျှင် ၁၀ ကျပ်စီကျဆင်းပြီး အောက်တိန်းဆီနှစ်မျိုးမှာ ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။ ကမ္ဘာ့ဒီဇယ်ဈေးနှုန်း ပြန်လည်ကျဆင်းနေခြင်းကြောင့် ပြည်တွင်းဈေးကွက်မှာပါ ဒီဇယ်ဈေးနှုန်း အပြောင်းအလဲဖြစ်လာကြောင်း သိရှိရသည်။ ဒီဇယ်ဈေးနှုန်းမှာ တစ်လီတာလျှင် ကျပ် ၁၀၀၀ အောက်ပြန်ရောက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း စက်သုံးဆီဈေးကွက်ကျွမ်းကျင်သူတစ်ဦးထံမှ သိရှိရသည်။ ကမ္ဘာ့ စက်သုံးဆီ ဒီဇယ်ဈေးနှုန်းသည်လည်း ယခုရက်ပိုင်းအတွင်း တစ်စည်လျှင် နှစ်ဒေါ်လာခန့်ကျဆင်းကြောင်း ဈေးကွက်သတင်းများတွင် ဖော်ပြထားသည်ကို သိရှိရသည်။

ယခုတစ်ပတ်တွင် အာရှဒေသနိုင်ငံများဖြစ်သော ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့တွင် စက်သုံးဆီဈေးနှုန်းများမြင့် တက်ခဲ့ပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ နီပေါနှင့် ပါကစ္စတန်နိုင်ငံများဈေးနှုန်းများမှာ တည်ငြိမ်နေကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီး များ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် တည်ငြိမ်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | |
|---|---|---|---|---|---|---|
| | | ဓာတ်ဆီ | | | | |
| | | မေ ၁၀ | မေ ၁၃ | မေ ၁၄ | မေ ၁၅ | မေ ၁၆ |
| ၁ | မြစ်ကြီးနား | ၄၅၆၃ | ၄၅၆၃ | ၄၅၆၃ | ၄၅၉၀ | ၄၅၉၀ |
| ၂ | လားရှိုး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ |
| ၃ | ကျိုင်းတုံ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ |
| ၄ | တောင်ကြီး | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ |
| ၅ | လွိုင်ကော် | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၆ | ဘားအံ | ၄၂၀၈ | ၄၂၀၈ | ၄၂၀၈ | ၄၂၀၈ | ၄၂၀၈ |
| ၇ | မော်လမြိုင် | ၄၅၂၂ | ၄၅၂၂ | ၄၅၆၇ | ၄၅၆၇ | ၄၅၆၇ |
| ၈ | ထားဝယ် | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၉ | မြိတ် | ၄၃၂၀ | ၄၃၂၀ | ၄၃၂၀ | ၄၃၂၀ | ၄၃၂၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၁ | ပုသိမ် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၁၂ | စစ်တွေ | ၄၁၆၀ | ၄၁၆၀ | ၄၁၆၀ | ၄၁၆၀ | ၄၁၆၀ |
| ၁၃ | ဟားခါး | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၁၄ | မုံရွာ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ |
| ၁၅ | မန္တလေး | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ |
| ၁၆ | ပခုက္ကူ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၇ | မကွေး | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ |
| ၁၈ | ပြည် | ၄၃၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ |
| ၁၉ | ပဲခူး | ၄၁၂၀ | ၄၁၂၀ | ၄၁၂၀ | ၄၁၂၀ | ၄၁၂၀ |
| ၂၀ | ပျဉ်းမနား | ၄၃၇၅ | ၄၃၇၅ | ၄၃၇၅ | ၄၃၇၅ | ၄၃၇၅ |
| ၂၁ | နေပြည်တော် | ၄၃၇၅ | ၄၃၇၅ | ၄၃၇၅ | ၄၃၇၅ | ၄၃၇၅ |
| ၂၂ | ကလေး | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | |
|---|---|---|---|---|---|---|
| | | ဒီဇယ်ဆီ | | | | |
| | | မေ ၁၀ | မေ ၁၃ | မေ ၁၄ | မေ ၁၅ | မေ ၁၆ |
| ၁ | မြစ်ကြီးနား | ၄၆၈၉ | ၄၆၈၉ | ၄၆၈၉ | ၄၇၀၂ | ၄၇၀၂ |
| ၂ | လားရှိုး | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၀၀ | ၄၈၀၀ |
| ၃ | ကျိုင်းတုံ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ |
| ၄ | တောင်ကြီး | ၄၈၀၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ |
| ၅ | လွိုင်ကော် | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၆ | ဘားအံ | ၄၇၀၂ | ၄၇၀၂ | ၄၇၀၂ | ၄၇၀၂ | ၄၇၀၂ |
| ၇ | မော်လမြိုင် | ၄၇၉၂ | ၄၇၉၂ | ၄၇၄၇ | ၄၇၄၇ | ၄၇၄၇ |
| ၈ | ထားဝယ် | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ |
| ၉ | မြိတ် | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၀ | ရန်ကုန် | ၄၅၉၂ | ၄၅၉၂ | ၄၅၉၂ | ၄၅၉၂ | ၄၅၉၂ |
| ၁၁ | ပုသိမ် | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၂ | စစ်တွေ | ၄၇၂၀ | ၄၇၂၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ |
| ၁၃ | ဟားခါး | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ |
| ၁၄ | မုံရွာ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၆ | ပခုက္ကူ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၁၇ | မကွေး | ၄၇၉၅ | ၄၇၉၅ | ၄၇၉၅ | ၄၇၉၅ | ၄၇၉၅ |
| ၁၈ | ပြည် | ၄၇၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၀၀ | ၄၈၀၀ |
| ၁၉ | ပဲခူး | ၄၅၂၀ | ၄၅၂၀ | ၄၅၂၀ | ၄၅၂၀ | ၄၅၂၀ |
| ၂၀ | ပျဉ်းမနား | ၄၇၉၀ | ၄၇၉၀ | ၄၇၉၀ | ၄၇၉၀ | ၄၇၉၀ |
| ၂၁ | နေပြည်တော် | ၄၇၉၀ | ၄၇၉၀ | ၄၇၉၀ | ၄၇၉၀ | ၄၇၉၀ |
| ၂၂ | ကလေး | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |

Source : DOCA-Domestic

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရှိရသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန် အဓိကတင်သွင်းသောနိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၇၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၄ ဒသမ ၅၀၀သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀ သန်း ၊ EU နှစ်သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၂၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၁၅ သန်း၊ မိုဇမ်ဘစ် သုည ဒသမ ၆၇၅ သန်း၊ နိုင်ဂျီးရီးယား ၂ ဒသမ ၂၀၀ သန်း၊ ဖိလစ်ပိုင် ၂ ဒသမ ၆၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၅၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ ဒသမ ၁၀၀ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊US သုည ဒသမ ၉၀၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများ၏ တင်ပို့နိုင်မည့်ပမာဏမှာ အိန္ဒိယ ၁၂ သန်း၊ ထိုင်း ၁၀ သန်း၊ ဗီယက်နမ် ခုနစ်သန်း၊ US ၃ ဒသမ ၀၅၀ သန်း၊ တရုတ် ၂ ဒသမ ၅၀၀ သန်း၊ ကမ္ဘောဒီးယား ၁ ဒသမ ၂၀၀ သန်း၊ ဥရုဂွေး သုည ဒသမ ၈၀၀ သန်း၊ ဘရာဇီးလ် သုည ဒသမ ၇၅၀ သန်း၊ ပါရာဂွေး သုည ဒသမ ၆၅၀ သန်း၊ ဂိုင် ယာနာ သုည ဒသမ ၅၀၀ သန်း၊ အာဂျင်တီးနား သုည ဒသမ ၃၈၀ သန်း၊ EU သုည ဒသမ ၃၀၀ သန်း၊ ရုရှား သုည ဒသမ ၁၆၀ သန်း၊ တောင်အာဖရိက သုည ဒသမ ၁၂၅ သန်းနှင့် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၂ ဒသမ ၈၀၀ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များ အရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မေ ၁၀ ရက်မှ ၁၆ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၁၀.၅.၂၀၁၉ | ၁၃.၅.၂၀၁၉ | ၁၄.၅.၂၀၁၉ | ၁၅.၅.၂၀၁၉ | ၁၆.၅.၂၀၁၉ |
| ၁ | ကရင်မ | 90(Raw) | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၂ | ကရင်မ | 80(Raw) | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ |
| ၃ | ကရင်မ | 70(Raw) | ၁၈၅၀၀ | ၁၈၅၀၀ | ၁၈၄၀၀ | ၁၈၄၀၀ | ၁၈၄၀၀ |
| ၄ | ကရင်မ | 65(Raw) | ၁၇၄၀၀ | ၁၇၄၀၀ | ၁၇၈၀၀ | ၁၇၅၀၀ | ၁၇၅၀၀ |
| ၅ | ဧယာ/ဧည့်မထ | 90(Raw) | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၈၈၀၀ |
| ၆ | ဧယာ/ဧည့်မထ | 80(Raw) | ၁၈၃၀၀ | ၁၈၃၀၀ | ၁၈၃၀၀ | ၁၈၃၀၀ | ၁၈၃၀၀ |
| ၇ | ဧယာ/ဧည့်မထ | 70(Raw) | ၁၇၈၀၀ | ၁၇၈၀၀ | ၁၇၇၀၀ | ၁၇၈၀၀ | ၁၇၈၀၀ |
| ၈ | ဧယာ/ဧည့်မထ | 65(Raw) | ၁၇၄၀၀ | ၁၇၄၀၀ | ၁၇၄၀၀ | ၁၇၅၀၀ | ၁၇၅၀၀ |

တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၂၀၀ နှင့်ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်နှင့်တောင်ကြီးမြို့တို့တွင် ဧည့်မထဆန်တစ်ပြည်လျှင်ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့်ဈေးကွက်သစ်များရှာဖွေနိုင်ရန် အရေးတကြီး လုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိသည်။

နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင်ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်၊ အထွက်နှုန်း၊ နည်းပညာ၊သုတေသန၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တောင်သူများပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကြုံတွေ့လာရသည့် စိန်ခေါ်မှု အခက်အခဲများစွာမှ သင်ခန်းစာယူပြီး စနစ်တကျပူးပေါင်းဖြေရှင်း၍ နိုင်ငံတကာဈေးကွက်ဝယ်လိုအား အဆင့်အတန်းစံသတ်မှတ်ချက်များ စံချိန်စံညွှန်းပြည့်မီရေးတက်ညီလက်ညီ ဆောင်ရွက်နိုင်ရေး ပိုမိုတွန်းအားပေးလုပ်ဆောင်ကြရမည်ဖြစ် သည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၅၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ခုနှစ် မေလတတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၁၀.၅.၂၀၁၉ | ၁၃.၅.၂၀၁၉ | ၁၄.၅.၂၀၁၉ | ၁၅.၅.၂၀၁၉ | ၁၆.၅.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၃၀၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၄ | တောင်ကြီး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၁၉၀၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ | ၁၈၅၀ |
| ၆ | ဘားအံ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၇ | မော်လမြိုင် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၉ | မြိတ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၁ | ပုသိမ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၂ | စစ်တွေ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၃ | ဟားခါး | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၉ | ပဲခူး | ၁၀၅၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၂၀ | ပျဉ်းမနား | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၂၁ | နေပြည်တော် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၂၂ | ကလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |

Source–DOCA–Domestic

## iNet Systems
Network Solutions Provider

- IT Consultation Services
- System Integration
- Structured Cabling (ISO 11802)
- System Maintenance Services
- Data Security / Recovery Services

Add : Room No.(M-3), Building(5), 2nd Floor, MICT Park, Ward(12), Hlaing Township, Yongon.

PH : 01-507217, 09-5163488.









# မြင့်မြတ်တော်ဝင်

## ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ ဆေးရုံ

(၂၄) နာရီဖွင့်လှစ်သည်။

G-13/15, Pyay Rd.,
Diamond Condo,
Tower-B, Kamayut Tsp., Yangon.
Ph : 0932006350



MAVERICK Management

Condominium Agency &
Distributor of Cooling Towers







Call 24 Hours Hot Line Now !!!
09 441 555 621 / 09 441 555 625

# Never old

မြန်မာနိုင်ငံသားများဖြင့် စုစည်းတည်ထောင်ထားသော **NEVER OLD TRADING CO.,LTD** မှ နိုင်ငံတကာအဆင့်မှီ အရည်အသွေးဖြင့် **STRUCTURAL INSULATED PANEL** များကို မြန်မာပြည်အနှံ့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေသည် ဖြစ်ပါ၍ လုပ်ငန်းရှင် မိတ်ဆွေတို့ အနေဖြင့် နိုင်ငံခြားမှ မှာယူတင်သွင်းရန် မလိုအပ်တော့ပဲ အချိန်တိုတိုအတွင်းမှာ ပြည်တွင်းဖြစ်ထုတ်ကုန်များကို လိုအပ်သည့် အချိန်တိုင်းမှာ မှာယူရရှိနိုင်ပါပြီ။

## SPECIFICATIONS
TYPICAL PHYSICAL PROPERTIES

| PROPERTY | RESULTS |
|---|---|
| Injected Overall Density (Kg/m³) | 42 ± 2 |
| Thermal Conductivity (W/m²K) | 0.022 - 0.024 |
| Tensile Strength (KPa) | 300 - 500 |
| Bending Strength (KPa) | 550 - 560 |
| Shear Strength (KPa) | 120 - 300 |
| Water Absorption (volume change %) | <2 |
| Closed Cell content (%) | >90 |
| Water Vapor Transmission | 1.8 - 3.8 |
| Flash Point (°C) | 300 |

## Product Application








- Industrial Coldroom & Hot Room.
- Electronic/Pharmaceutical Clean Room.
- Food Processing Plant/ Factory.
- Polatry Farms.
- Telecommunication Cabins.
- Schools.
- Mining & Platation Quarters.
- Modular Systems.
- Prefabricated Houses & Buildings.

*Make local Standard Global*

Office Address: No. 8/9, 3rd Floor, Thanthumar Street, Gagyi Ward, Thingangyun Township,Yangon, Myanmar.
Ph : 09773179881, 09773179882, 09773179883, 09773179884, 09773179886, 09773179887.
Email : info@neverild.com.my
Website : www.neverold.com.my

## ROYAL GOLDEN DRAGON

Construction and Trading Co.,Ltd.
No.259, Kyonggyi Street, (3)Ward,
Mawtin Lanmadaw Township,Yangon.
Phone- 09763588998, 09763588989
Email- info.royalgoldendragon@gmail.com

- Our Services

Royal Golden Dragon Construction and Trading Co., Ltd (RGD) offers a comprehensive package of services designed to allow the client to work with one of our project manager and create a project the company can carry forward to completion. Some of the services RGD offers are:

Building and Construction Service
-Site preparation
-Fencing works
-Infra-structure works (RC Road, Drain, Side Walk, Street Light)
-Construction of buildings
-Painting


Mechanical and Electrical Service
-Fire protection system (Design and Build)
-Fire alarm system (Design and Build)
-Air-conditioning and mechanical ventilation system (Design and Build)
-Plumbing and utilities services
-Electrical system

Other Service
-Removal of trees

Painting Works





Building Works

Infra-Structure Works



M&E Works

## YSS. TRADING CO.,LTD

**LARSSON** LARSSON Elevator & Escalator

❖ Home Elevator ❖ Passenger Elevator ❖ Cargo Elevator
❖ Car Platform Lift ❖ Escalator and Moving Walk



No.(12), San Yay Twin St., Sanchaung Tsp., Yangon.
N0. (65), 32 St., Between 71 x 72 St., Mandalay.
Tel : +95-9 255944778 Email : yss.trading16@gmail.com

# သီးနှံများဓာတုဓာတ်ကြွင်းကင်းစေရာ

# ဘက်စုံနည်းဖြင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းပါ

အောင်ဆန်း (စိုက်ပျိုးရေး)

ယခုအခါတွင် ရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် သီးနှံများကို အရှိန်အဟုန်ဖြင့် ထုတ်လုပ်လာကြသည်။ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း၊ ဈေးကောင်းရနိုင်သည့် မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးလာကြသည်။ သီးနှံထုတ်လုပ်သူများသည် မိမိသီးနှံအရည်အသွေးမြင့်မားပြီး အထွက်နှုန်းကောင်းစေရန်အတွက် အားသန်လာကြသည်။ ဈေးကွက်တွင် ကြီးထွားဖွံ့ဖြိုးပြီး ပိုးမွှားရောဂါကင်းသည့် သီးနှံများအဖြစ် အပြိုင်အဆိုင်ဖြစ်လာကြသည်။ သို့အတွက် ဓာတ်မြေသြဇာများ၊ အပင်အားတိုးဆေးများ၊ ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများကို အလွန်အကျွံသုံးစွဲလာကြသည်။ ထိုမှတစ်ဆင့် အပျော့စားဆေးများမှသည် အပြင်းစား ဆေးများအထိ လက်လွန်လာကြသည်ကို တွေ့ရှိရသည်။

ဓာတုဆေးဝါးများတွင် ဓာတ်ပြိုကွဲမှုမရှိဘဲ ဓာတ်ကြွင်းအာနိသင်များသောဆေးများနှင့် ဓာတ်ပြိုကွဲမှုမြန်သော်လည်း အဆိပ်သင့်မှုပြင်းထန်သော ဆေးများလည်းပါဝင်နေသည်။ ဓာတ်ကြွင်းအာနိသင်ရှိသော ဆေးများသည် တစ်နေရာမှ တစ်နေရာသို့ မိုင်ပေါင်းများစွာ ရွေ့လျားနိုင်သည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေသည်။ တစ်နည်းနည်းဖြင့် သက်ရှိတို့၏ ခန္ဓာကိုယ်တွင်းဝင်လာပြီး အဆီတစ်ရှူးများတွင် စုပုံလာသည်။ ဤမှအစပြု၍ သက်ရှိတို့ကို အဆိပ်သင့်မှုဖြစ်ပေါ်စေသည်။ ဓာတုဓာတ်ကြွင်းများ စုဝေးခိုအောင်းနိုင်သော နေရာများမှာ သီးနှံများ၊ မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်သမုဒ္ဒရာရေများ၊ လူတိရစ္ဆာန်တို့၏ အဆီတစ်ရှူးများ၊ နို့စားသတ္တဝါများ၏ နို့အုံနှင့် နို့များ၊ ငါး၊ ပုစွန်နှင့် ရေသတ္တဝါများတို့ပင်ဖြစ်သည်။

ဓာတုဆေးများ၏ ခန္ဓာကိုယ်တွင်း ဝင်ရောက်နိုင်မှုနှုန်းကို အမေရိကန်နိုင်ငံ ကယ်လိုဖိုးနီးယားပြည်နယ် ဆေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာဟိုဝက်မာဘက်က ပါရာသီယွန်ဓာတုပိုးသတ်ဆေး ခန္ဓာကိုယ်တွင်းဝင်ရောက်မှုကို စမ်းသပ်ခဲ့ရာ လက်ဖျံမှ တစ်မိနစ်တွင် ၂ ရာခိုင်နှုန်း၊ ၁၅ မိနစ်တွင် ၅ ရာခိုင်နှုန်း၊ တစ်နာရီတွင် ၈ ရာခိုင်နှုန်း၊ ရှစ်နာရီအတွင်း ၁၆ရာခိုင်နှုန်း ဝင်ရောက်နိုင်ကြောင်း တွေ့ရှိသည်ဟုဆိုသည်။ ယင်းစမ်းသပ်တွေ့ရှိချက်အရ နဖူးပြင်မှ ဝင်ရောက်မှုသည် လက်ဖျံမှ ဝင်ရောက်မှုထက် (၇)ဆနှင့် ဦးခေါင်းမှ ဝင်ရောက်မှုသည် လက်ဖျံမှ ဝင်ရောက်မှုထက် (၄)ဆ ဖြစ်သည်ဟု ဆိုပါသည်။

ဓာတုဆေးများကို မလိုလားအပ်သေးဘဲ အသုံးပြုပါက သက်ရှိတို့ အဆိပ်သင့်ခံရမှု အန္တရာယ်ကြီးမားသည့်အပြင် သဘာဝ ပတ်ဝန်းကျင်ဂေဟစနစ်(Ecosystem)လည်း ပျက်သုဉ်းစေသည်။ သီးနှံဖျက်ပိုးမွှားရောဂါနှင့် ၎င်းတို့ကို တန်ပြန်စားသောက်သော မိတ်ဆွေပိုးမွှားရောဂါများ၏ သဘာဝညီမျှခြေ(Natural equili -brium) ကိုလည်း ပျက်စီးစေပါသည်။ သီးနှံဖျက်ဆီးသော ပိုးမွှားရောဂါများသည် မိတ်ဆွေပိုးမွှားများထက် အကြမ်းအတမ်းခံ ရပ်တည်ရှင်သန်နိုင်ကြသည်။ မြန်မြန်နှင့်များများ ပွားများနိုင် ကြသည်။ ဓာတုဆေးများကို မလိုအပ်သေးဘဲ သုံးစွဲခြင်းဖြင့် ရန်သူ သီးနှံဖျက်ပိုးမွှားရောဂါများ ရောမိတ်ဆွေပိုးမွှားရောဂါများပါ သေကျေပျက်စီးကုန်ကြသည်။ သို့သော် ရန်သူသီးနှံဖျက်ပိုးမွှားရော ဂါများသည် ချက်ချင်းခေါင်းထောင်ထ၍ပွားများရှင်သန်နိုင်ကြသဖြင့် ရန်သူပိုးမွှားရောဂါများ ပွားများရန် အခွင့်အလမ်းအသာစီးရ သွားသည်။ ရန်သူပိုးမွှားရောဂါများ များများမြန်မြန်ပွားများလာသဖြင့် ပိုးမွှားအလွန်အကျွံကျရောက်မှုမှအဆင့်ထိ ကြုံလာရပြီး ကာကွယ်နှိမ်နင်းရန် ခက်ခဲလာသည်။ သီးနှံများပေါ် သို့ ပိုးမွှားရောဂါ ကျရောက်ခံရပါက စီးပွားရေးကျော်လွန်စည်းမျဉ်း (Economic Threshold Level=ETL)အဆင့် အတွင်း ကာကွယ်နှိမ်နင်းရန် မလိုအပ်သေးပေ။ (ဥပမာ သီးလုံးဖောက်ပိုး လောက်ကောင် ၁၀ ပင်တွင် နှစ်ကောင်ရှိနေသေးလျှင် မြေပဲရွက်လိပ်ရွက်ကပ်ပိုး ၁၀ ပင်တွင် တစ်ကောင်သာ ရှိနေသေးလျှင်) သီးနှံဖျက်ပိုးမွှားရောဂါများ စီးပွားရေးထိခိုက်အဆင့်(Economic Injuary Level=EJL)ရောက်မှသာ ဓာတုပိုးသတ်ဆေးများ အသုံးပြုကာကွယ်နှိမ်နင်းရန် လိုအပ်သည်။

သီးနှံပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးခံရခြင်းသည် စီးပွားရေးကျော်လွန်စည်းမျဉ်း စီးပွားရေးထိခိုက်အဆင့်များကို သိရှိနိုင်ရန်အတွက် တောင်သူ လယ်သမားကြီးများသည် သီးနှံစိုက်ခင်းများဆီသို့ မပြတ်ကွင်းဆင်း၍ သီးနှံဖျက်ပိုးမွှားရောဂါအမျိုးအစား၊ ဦးရေ၊ ဖျက်ဆီးခံရမှုပမာဏ၊ မိတ်ဆွေပိုးမွှားများ အမျိုးအစားဦးရေတို့ကို စစ်တမ်းကောက်ယူပြီး လေ့လာနေရန်လိုပါသည်။ စီးပွားရေး ထိခိုက်အဆင့်ရောက်မှသာ ကာကွယ်နှိမ်နင်းရန်လိုအပ်သည်။

သီးနှံဖျက်ပိုးမွှားရောဂါများကို ကာကွယ်နှိမ်နင်းရာတွင် ဓာတုဓာတ်ကြွင်းများကင်းစင်စေရန်အတွက် ဓာတုဆေးများတစ်ခုတည်းသာ အသုံးပြုခြင်းမပြုဘဲ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းစနစ် (Integrated Pest Management=IPM)ကို အသုံးပြုရန်လိုအပ်ပါသည်။ ဤစနစ်သည် ယခုအခါ နိုင်ငံတကာတွင် ကျယ်ကျယ်ပြန့်ပြန့်ကျင့် သုံးလျက်ရှိသောနည်းစနစ်ဖြစ်သည်။ ဤစနစ်ကို ကျင့်သုံးလိုက်နာပါက ဓာတုဆေးများသုံးစွဲရမှု ပမာဏကို လျှော့ချ(သို့)လုံးဝ အသုံးမပြုရတော့သဖြင့် သီးနှံများ ဓာတုဓာတ်ကြွင်းကင်းစင်မှုကို အကျိုးပြုစေပါသည်။

ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးစနစ်တွင် ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးကောင်းမျိုးသန့်များကို အသုံးပြုခြင်း၊ သီးနှံပုံစံများပြောင်းလဲစိုက်ပျိုးခြင်း၊ မြေယာပြုပြင်မှု စနစ်ကောင်းများကျင့်သုံးခြင်း၊ ရေနေရေထိုင်ကောင်းအောင်ထိန်းသိမ်းခြင်း၊ စိုက်ခင်းပတ်ဝန်းကျင်တွင် ပိုးမွှားရောဂါများ ခိုအောင်းနေနိုင်သော ပေါင်း၊ မြက်၊ ခြုံနွယ်များရှင်းလင်းခြင်း၊ ဓာတုဆေးများအစားဇီဝ၊ သဘာဝပိုးသတ်ဆေးများအသုံးပြုခြင်း၊ မိတ်ဆွေပိုးမွှားများ ပွားများနိုင်အောင် ဖန်တီးပေးခြင်း၊ မီးရောင်ထောင်ချောက်ထွန်းညှိခြင်းစနစ်များ ပါဝင်ပါသည်။

သီးနှံတစ်ခုချင်း၏ ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိသော မျိုးကောင်းမျိုးသန့် သီးနှံမျိုးများကို လေ့လာစူးစမ်းကြည့်မိပါသည်။ စပါးသီးနှံတွင် ဖြုတ်ကြောဖြူပိုးခံနိုင်ရည်ရှိသော အင်းမရဲဘော်၊ ကျော်ဇေယျ၊ ရွှေဝါထွန်း၊ မှော်ဘီ(၂)၊ ဆင်းသွယ်လတ်၊ ရေဆင်း(၁)၊ ဆင်းသုခမျိုးများကို တွေ့ရသည်။ စပါး ဆစ်ပိုးဒဏ်ခံနိုင်သော မျိုး(၁၀)မျိုး မွေးထုတ်ထားပြီးဖြစ်သည်။ စပါး ဗက်တီးရီးယားရွက်ခြောက်ရောဂါဒဏ်ခံနိုင်သော ရတနာအောင်၊ ဆင်းသုခ၊ ဆင်းသွယ်လတ်၊ ရေးဆင်း(၂)၊ ရေဆင်း(၃)၊ ဆင်းသီရိ၊ ဆင်းဧကရီ-၃၊ ဆင်းဧကရီ-၄ မျိုးများကို တွေ့ရှိရသည်။ စပါးဂုတ်ကျိုးရောဂါဒဏ်ခံနိုင်သော ဧရာမင်း၊ မှော်ဘီ-၂၊ ရေဆင်း-၁၊ ရေဆင်း-၂၊ မနောသုခ၊ ဆင်းသုခ၊ ဆင်းသိင်္ဂီ၊ ဆင်းဧကရီ-၁၊ ဆင်းဧကရီ-၃၊ မှော်ဘီ-၁၊ စပါးမျိုးများကို တွေ့ရသည်။ စပါးရွက်ဖုံးခြောက်ရောဂါဒဏ်ခံနိုင်သော မနောသုခ၊ ဆင်းသုခ၊ ဧရာမင်း၊ ဆင်းသီရိ၊ ကျော်ဇေယျမျိုးများကို တွေ့ရှိရသည်။ စပါးနှံစုတ်ပိုးဒဏ်ခံနိုင်ရည်ရှိသော ဆင်းသုခ၊ ဆင်းသွယ်လတ်၊ မနောသုခ၊ မှော်ဘီ-၂၊ ဆင်း ဧကရီ-၃ မျိုးများကို တွေ့ရှိရသည်။

အစေ့ထုတ်ပြောင်းသီးနှံတွင် ရွက်ဖုံးခြောက်ရောဂါဒဏ်ခံနိုင်သော ရေဆင်းစပ်မျိုး(၁၀)၊ ပြောင်းဖူးစားပိုးဒဏ်ခံနိုင်သော ရေဆင်းရွှေဝါ-၂၊ ပြောင်းစေ့ထိုးပိုးဒဏ်ခံနိုင်သော ရေဆင်းရွှေဝါ-၄၊ ရွှေဝါ-၁၁၊ ပင်စည်ပုတ်ရောဂါဒဏ်ခံနိုင်သော ရေဆင်းရွှေဝါ-၁၀၊ ရွှေဝါ-၁၁၊ Dowemy Mildewရောဂါဒဏ်ခံနိုင်သော ရေဆင်းရွှေဝါ-၁၊ ရေဆင်းရွှေဝါ-၄မျိုးတို့ကို တွေ့ရှိရသည်။

မြေပဲသီးနှံတွင် ရွက်လိပ်ရွက်ကပ်ပိုးဒဏ်ခံနိုင်သော၊ သံချေးရောဂါနှင့် ရွက်ပြောက်ရောဂါဒဏ်ခံနိုင်သော ဆင်းပဒေသာ-၅၊ ဆင်းပဒေသာ-၆၊ ဆင်းပဒေသာ-၇မျိုးများကိုတွေ့ရှိရသည်။ ထပ်မံ၍ ရေဆင်းသုတေသနဦးစီးဌာနမှ မြေပဲရွက်လိပ်ရွက်ကပ်ပိုး ဒဏ်ခံနိုင်ရည်ရှိသော မျိုး ၁၈ မျိုးကို လည်းကောင်းမြေပဲ ရွက်ပြောက်ရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးခြောက်မျိုးကိုလည်းကောင်း၊ ဖိုးလမင်းကျိုင်းကောင်ဒဏ်ခံနိုင်သော မြေပဲမျိုး သုံးမျိုးကိုလည်းကောင်း စမ်းသပ်တွေ့ရှိထားပြီးဖြစ်ပါသည်။

နှမ်းသီးနှံတွင် နှမ်းဖိုရောဂါဒဏ် ခံနိုင်ရည်ရှိသော ဆင်းရတနာ-၂၊ ဆင်းရတနာ-၄၊ ရေတာရှည်၊ ရှိုးစိမ်း၊ ကြယ်မရှောင်၊ နှမ်းနီ ၂၅/၁၆၀၊ ဆင်းရတနာ-၁၊ မကွေးနှမ်းနီ-၅၀-၂၀-၁-၂၊ ရှမ်းကလေးမျိုးများကို တွေ့ရသည်။ နှမ်းရိုးမဲဒဏ် ခံနိုင်ရည်ရှိသော မျိုး(၅)မျိုးကိုလည်း သုတေသနပြု ထုတ်လုပ်လျက်ရှိနေပြီဖြစ်ပါသည်။ နေကြာသီးနှံတွင် ရွက်ခြောက်ရောဂါဒဏ်ခံနိုင်သော ရေဆင်းစပ်မျိုး-၁၊ နေကြာစေ့စားပိုးဒဏ်ခံနိုင်ရည်ရှိသော ဆင်းရွှေကြာမျိုးများကို တွေ့ရှိရသည်။

ပဲတီစိမ်းသီးနှံတွင် ရွက်စားပိုးဒဏ်ခံနိုင်ရည်ရှိသော စိုက်ပျိုးရေး-၁၊ ပဲတီရွှေဝါ၊ အဝါရောင်မိုစေ့ရောဂါဒဏ်ခံနိုင်ရည်ရှိသော ရေဆင်း-၁၀၊ ရေဆင်း-၁၁၊ ရေဆင်း-၁၄၊ ခရမ်းချဉ်သီးနှံတွင် အဝါရောင်ရွက်တွန့်ဗိုင်းရပ်စ်ရောဂါဒဏ်ခံနိုင်ရည်ရှိသော မိုးရာသီ AVTOV-1008၊ AVTOV-1009၊ ဆောင်းရာသီ AVTOV-1010 မျိုးများကို တွေ့ရှိရသည်။ ပဲတီစိမ်းတွင် အထွက်နှုန်းကောင်းပြီး ပျပိုး၊ ကိုက်စားပိုးဒဏ်ခံနိုင်ရည်ရှိသော ရေဆင်း-၁၊ ရေဆင်း-၂၊ ရေဆင်း-၃၊ ရေဆင်း-၄၊ ရေဆင်း-၅ မျိုးများကို တွေ့ရှိရသည်။

မတ်ပဲသီးနှံတွင် Downey Mildew ဒဏ်ခံနိုင်ရည်ရှိသော ရေဆင်း-၁၊ ရေဆင်း-၂မျိုးများကို တွေ့ရှိရသည်။ ကုလားပဲ သီးနှံတွင် ညှိုးသေဒဏ်ခံနိုင်ရည်ရှိသော ICCV 03078. ICCV 88202၊ ကာရာချီ၊ ရွှေကြေးမုံ၊ ICCV2မျိုးတို့ကို တွေ့ရှိရသည်။ ပဲပုပ်သီးနှံတွင် သံချေးရောဂါဒဏ်ခံနိုင်ရည်ရှိသော GM-1၊ GM-8၊ SB-45၊ CRAW FORD၊ MALABAR မျိုးများကို တွေ့ရှိရသည်။

ဂျုံသီးနှံများတွင် နန္ဒင်းရောဂါဒဏ် ခံနိုင်ရည်ရှိသော ဇလုပ်ဖြူ-၁၊ ဇလုပ်ဖြူ-၂၊ ဇလုပ်ဖြူ-၄၊ ရေဆင်း-၈၊ ရေဆင်း-၉၊ ရေ ဆင်း-၁၀မျိုးများကို တွေ့ရှိရသည်။ ကြံသီးနှံတွင် ပင်စည်ထိုးပိုးဒဏ်ခံနိုင်ရည်ရှိသော ရေဆင်း-၅၊ အူနီရောဂါ ဒဏ်ခံနိုင်ရည်ရှိသော ရေဆင်း-၁ ကြံမျိုးများကို တွေ့ရှိရသည်။

၎င်းပြင်စပါးသီးနှံတွင် ကျရောက်သော ဗက်တီးရီးယားရွက်ခြောက်ရောဂါကို ရောဂါသတ်ဆေးအသုံးမပြုဘဲ ပိုတက်(ရှ်)မြေသြဇာကို ကောက်လှန်ချိန်၊ ပင်ပွားချိန်၊ နုကပ်ချိန်တွင် တစ်ဧက ၂၈ ပေါင်ကို တစ်ကြိမ်လျှင် ၉ ပေါင်ကျော်ခန့် (၃)ကြိမ်ကျွေးပါက ရောဂါဖြစ်မှု ၃၂ရာခိုင်နှုန်းလျှော့ချနိုင်ကြောင်း ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနက နည်းပညာဖြန့်ဝေထားပါသည်။ ရေဆင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ပိုးမွှားရောဂါ ဒဏ်ခံနိုင်ရှိသော သစ်သီးဝလံ၊ ဟင်းသီး ဟင်းရွက်မျိုးကောင်းမျိုးသန့်များ၊ ပဲမျိုး စုံမျိုးများ၊ ဆီထွက် သီးနှံမျိုးများစွာကို သုတေသနပြုထုတ်လုပ်၍ ဖြန့်ဖြူးပေးထားပြီးဖြစ်ပါသည်။ ဆက်လက်သုတေသနပြု စမ်းသပ်မှုများလည်း ပြုလုပ်လျက်ရှိပါသည်။

အထက်ဖော်ပြပါ ပိုးမွှားနှင့်ရောဂါဒဏ် ခံနိုင်ရည်ရှိသော သီးနှံမျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးပါက ဓာတုဆေး များ သုံးစွဲရမှုကို လျှော့ချနိုင်ပြီး သီးနှံများ ဓာတုဓာတ်ကြွင်း ကျန်ရှိမှုများကို ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးခြင်းစနစ်တွင် သီးနှံပုံစံတစ်မျိုးတည်းကိုပင် နှစ်စဉ်ဆက်တိုက် စိုက်ပျိုးလာပါက ပထမသီးနှံရော၊ ဒုတိယသီးနှံပါ ပိုးမွှားရောဂါ လွန်ကဲစွာကျရောက်ဖျက်ဆီးခံရခြင်းအပြင် မြေဆီလွှာအာဟာရခန်းခြောက်ခြင်းဒဏ်ကိုလည်း ခံစားလာကြရသည်။ (ဥပမာ-စပါးဆစ်ပိုး၊ ကြက်သွန်မိတ်ပိုး၊ ဘက်တီးရီးယားရွက်ခြောက်ရောဂါ၊ ရွက်ဖုံးခြောက်ရောဂါ)ဤသို့ဖြစ်ပေါ်လာပါက သီးနှံတစ်နှစ်လှပ်ထားခြင်း(သို့)သီးနှံပုံစံပြောင်းလဲ စိုက်ပျိုးခြင်းဖြင့် ပိုးမွှားရောဂါကျရောက်မှု ဘဝစက်ဝန်းပြတ်တောက်သွားကာ ဓာတုဆေးများအသုံးပြုရန် မလိုအပ်တော့ဘဲ ကာကွယ်နှိမ်နင်းပြီးဖြစ်စေပါသည်။

မြေသားပြုပြင်မှု စနစ်ကောင်းများ ကျင့်သုံး ခြင်းတွင် မြေတွင်းခိုအောင်းနေသော ပိုးမွှား ရုပ်ဖုံးများ(ဆစ်ပိုး၊ ရွက်လိပ်အိမ်ပိုး၊ မြေပဲဖိုးလမင်း ကျိုင်း၊ ကုလားပဲ ညှိုးသောရောဂါဖြစ်စေသက်ရှိ၊ ပဲစဉ်းငုံ မြစ်ပုတ်ပုတ်မှို)စပါးပင်အကြွင်းအကျန် ကောက်ရိုး၊ ရိုးပြတ် တွင် ခိုအောင်းနေသော ပိုးမွှား၊ လောက်ကောင်၊ ရုပ်ဖုံးများ၊ သံဓာတ်အဆိပ်သင့်ခြင်းများကို စပါးရိတ်သိမ်းပြီး ရိုးပြတ်မီးရှို့ခြင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ ရိတ်သိမ်းပြီး ပင်ကြွင်းပင်ကျန်များ မီးရှို့ခြင်း၊ နွေဆယ်ရေထိုး၍ မြေလှန်ထားခြင်းအားဖြင့် ပိုးမွှားရောဂါ သေကျေပျက်စီး ကျ၊ ဘဝစက်ဝန်းပျက်စေပြီး ဓာတုဆေးများ မသုံးစွဲရဘဲ ကာကွယ်နှိမ်နင်း ပြီးဖြစ်စေသည်။

စပါးစိုက်ခင်း၏ မြေမျက်နှာပြင်ကိုညီအောင် ညှိ၍ ရေနေရေထိုင်ကောင်းမွန်အောင် ဆောင် ရွက်ပေးပါက ပိုးမွှားရောဂါများကို ကာကွယ် နှိမ်နင်းပြီးဖြစ်စေပါသည်။

စာမျက်နှာ (၂၇)သို့

# t rsK;cbm;ajrOya'ay:aygufa&;

# အမျိုးသား မြေအသုံးချမှုကောင်စီက ကြိုးပမ်းအားထုတ်နေသည်

|မောင်လွင်ပြင်|

မြန်မာနိုင်ငံတွင် မြေယာများကို စနစ်တကျ စီမံခန့်ခွဲ အသုံးချနိုင်ရေးအတွက် ရည်ရွယ်ပြီး "အမျိုးသားမြေအသုံးချမှု ကောင်စီ"ကို ဖွဲ့စည်းထားသည်။ အမျိုးသားမြေအသုံးချမှုကောင်စီသည် အမျိုးသားမြေအသုံးချမှုမူဝါဒအရ ပေါ်ပေါက်လာခြင်းဖြစ်သည်။ကောင်စီ၏ဥက္ကဋ္ဌသည် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူဖြစ်သည်။ အဖွဲ့ဝင်များက ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီး ဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်တို့ ဖြစ်ကြသည်။

အမျိုးသားမြေအသုံးချမှုမူဝါဒကို လေ့လာကြည့်သည်။ အမျိုးသားမြေအသုံးချမှု မူဝါဒကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း တွေ့ရသည်။ အမျိုးသားမြေအသုံးချမှု မူဝါဒရေးဆွဲရခြင်းမှာ နိုင်ငံတော်၏ မြေသယံဇာတများကို စဉ်ဆက်မပြတ် စီမံအုပ်ချုပ်အသုံးချနိုင်ရေးအတွက် လိုအပ်လျက်ရှိသည့် မူဝါဒပိုင်းဆိုင်ရာကြောင့် ရေးဆွဲရခြင်းဖြစ်သည်ဟု သိရ၏။ အမျိုးသားမြေအသုံးချမှုမူဝါဒတွင် ရည်ရွယ်ချက်များပါရှိသည်။ မြို့ပြ၊ ကျေးလက်များအပါအဝင် နိုင်ငံတော်အတွင်းရှိ မြေအသုံးချမှုများနှင့် လုပ်ပိုင်ခွင့်များကို မူဝါဒပါ ရည်ရွယ်ချက်များနှင့်အညီ စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မြေနှင့် ပတ်သက်သည့် တည်ဆဲဥပဒေများ၏ ညီညွတ်မျှတမှု၊ ယင်းဥပဒေများကို အကောင်အထည်ဖော်မှုအပါအဝင် အမျိုးသားမြေဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက် မူဝါဒရေးဆွဲရခြင်းလည်းဖြစ်သည်။ မြေအသုံးချမှု သို့မဟုတ် မြေလုပ်ပိုင်ခွင့်တို့နှင့် ပတ်သက်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံးက အဆုံးအဖြတ်ပေးရမည့် ကိစ္စရပ်များအတွက်လည်း လမ်းညွှန်ဖြစ်စေရမည် ရည်ရွယ်ပြီး မူဝါဒ ရေးဆွဲရခြင်းဖြစ်သည်ဟု သိရသည်။

၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂ ရက်တွင် အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာ ဖိုရမ်တစ်ရပ်ကျင်းပခဲ့သည်။ ဖိုရမ်ကျင်းပရခြင်းက အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ဆွေးနွေးညှိနှိုင်းရန်၊ အမျိုးသားမြေအသုံးချမှု မူဝါဒကို အခြေခံပြီး အမျိုးသားမြေဥပဒေရေးဆွဲရန်၊ မြေအရင်းအမြစ်များ စီမံခန့်ခွဲရေးကိစ္စများ ညှိနှိုင်းဆွေးနွေးရန်စသည့် ရည်ရွယ်ချက်များနှင့် ကျင်းပခဲ့ခြင်းဖြစ်၏။ အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာ ဖိုရမ်မှ ရလဒ်များ ပေါ်ထွက်ခဲ့သည်။ ယင်းရလဒ်များကို အခြေခံပြီး အမျိုးသားမြေအသုံးချမှုကောင်စီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ကျင်းပခဲ့သည်။ ကောင်စီ ဒုတိယအကြိမ် အစည်းအဝေးက ဆုံးဖြတ်ချက် ခုနစ်ချက် ချမှတ်နိုင်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ခုနစ်ချက်သည် နောက်တစ်ဆင့်ဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်ချက်များ ဖြစ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်ရှိနေသေးသည့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့် မြေအသုံးချမှုကော်မတီများဖွဲ့စည်းပြီး မြေယာစီမံခန့်ခွဲမှုဖွံ့ဖြိုးတိုးတက်ရေးကို တိုင်း ဒေသကြီး၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)မြေအသုံးချမှုကော်မတီများက အရှိန်မြှင့်ဆက်လက်ဆောင်ရွက်ရန်၊ အမျိုးသားမြေဥပဒေ ရေးဆွဲအကောင်အထည်ဖော်ရန်၊ အမျိုးသားမြေအသုံးချမှုစီမံကိန်းများ၊ မြေအသုံးချမှုဇုန်များ ဖော်ထုတ်ရေးဆွဲအသုံးပြုရန်၊ မြန်မာနိုင်ငံအမျိုးသား မြေပုံစနစ် ဆက်လက်အကောင်အထည်ဖော်ရန်၊ စိုက်ပျိုးရေးမဟာဗျူဟာပါ မြေယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်ရေး ဆက်လက်ဆောင်ရွက်ရန်၊ အမျိုးသားမြေအသုံးချမှုကောင်စီ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟို ကော်မတီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်စသည့် မြေယာစီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့များအကြား အမျိုးသားမြေအသုံးချမှု မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ထိရောက်စွာ ညှိနှိုင်းပေါင်းစပ်သွားနိုင်ရန် အမျိုးသားမြေအသုံးချမှုကောင်စီက အဖွဲ့ဝင်များအားလုံးနှင့်အတူ ဆက်လက်ဆောင်ရွက်သွားရန်စသည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ ကောင်စီသည် ယခုအခါ အမျိုးသားမြေ ဥပဒေအသစ်တစ်ရပ် ပေါ်ပေါက်ရေး စီစဉ်ဆောင်ရွက်နေသည်။ ယင်းဥပဒေအသစ်ပေါ် ပေါက်ရေး အမျိုးသားလွှတ်တော်က အတည်ပြုထားသည်။ ၂၀၁၉ ခုနှစ်၊ မတ် ၁ရက်တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်(၁၁)ကြိမ် မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့တွင် အမျိုးသား မြေဥပဒေ(National Land Law)ပေါ်ပေါက်ရေး အမျိုးသား မြေအသုံးချမှု မူဝါဒကို ပြန်လည်သုံးသပ်ပြီး မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချမှုမဟာဗျူဟာ ကာလလတ်/ကာလရှည် စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များမူဘောင်များ ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်ခဲ့သည်။ အမျိုးသားလွှတ်တော်က အတည်ပြုခဲ့၏။


ယခုပြည်ထောင်စုအစိုးရသည် ယင်းတိုက်တွန်းချက်အရ အမျိုးသားမြေဥပဒေပေါ်ပေါက်ရေးကြိုးပမ်းနေသည်။ အမျိုးသား မြေဥပဒေပေါ်ပေါက်ရေး အမျိုးသားမြေအသုံးချမှုကောင်စီက ဦးဆောင်နေသည်ယူဆရသည်။ အမျိုးသားမြေဥပဒေထဲတွင် အမျိုးသားမြေအသုံးချမှု မူဝါဒများ ပါဝင်ထည့်သွင်းရေးဆွဲဖို့လိုသည်။ ထို့ကြောင့် အမျိုးသားမြေအသုံးချမှုကောင်စီသည် အစည်းအဝေးများကျင်းပပြီး ညှိနှိုင်းဆွေးနွေးအဆုံးအဖြတ် ရယူနေခြင်းဖြစ်သည်။ မေ ၇ ရက်ကတော့ အမျိုးသားမြေအသုံးချမှုကောင်စီ၏ တတိယအကြိမ် အစည်းအဝေးကို နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၌ ကျင်းပသည်။ ဒုတိယ သမ္မတအမှာစကားပြောခဲ့သည်။ ဒုတိယသမ္မတက လက်ရှိ မြန်မာနိုင်ငံ၏ မြေယာစီမံခန့်ခွဲမှုများကို သုံးသပ်ကြည့်လျှင် မြေယာဆိုင် ရာဥပဒေများ သဟဇာတဖြစ်စေရန် အထူးလိုအပ်နေသည်ကို တွေ့ရသည်ဟုဆိုသည်။

အမျိုးသားမြေအသုံးချမှုကောင်စီသည် အမျိုးသားမြေဥပဒေကို အမျိုးသားမြေအသုံးချမှု မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်ဟုလည်း ဆိုသည်။

အမျိုးသားမြေဥပဒေရေးဆွဲရေးဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း ယင်းတတိယအကြိမ်အစည်းအဝေးတွင် ဖော်ပြထားပြီး ဆွေးနွေးခဲ့ကြသည်။ ဥပဒေရေးဆွဲရာတွင် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အများပြည်သူနှင့်အကျိုးသက်ဆိုင်သူများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပေးရန်၊ ဥပဒေမူကြမ်းရေးဆွဲရာတွင်၊ အချက်များစုဆောင်းပြုစုရာတွင်၊ မူကြမ်းကို ချပြဆွေးနွေးအကြံပြုချက်များယူရာတွင် တိုင်းရင်းသားပြည်သူများအားလုံးပူးပေါင်းပါဝင်စေရန်၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းနိုင်ငံများ၏ အတွေ့အကြုံ၊ နိုင်ငံတော်၏ပြောင်းလဲနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေအထားနှင့် အခြားထူးခြားသည့် အခြေအနေများကို လေ့လာရန်၊ (၂၁)ရာစုပင်လုံညီလာခံက သဘောတူထားသည့် မြေယာ၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်မှုဆိုင်ရာ အခြေခံသဘောတရားများ၊ လက်ရှိကြုံတွေ့နေရသည့် ပြဿနာများ၊ မြေအသုံးချသူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များစသည်တို့ကို အခြေခံပြီး ပြည်ထောင်စုလွှတ်တော်၏ လမ်းညွှန်မှု၊ ပူးပေါင်းပါဝင်မှုတို့ဖြင့် မူကြမ်းရေးဆွဲသွားရန်စသည်တို့ကိုလည်း ချမှတ်ဆုံးဖြတ်နိုင်ခဲ့ကြသည် သိရသည်။

မြန်မာနိုင်ငံတွင် အမျိုးသားမြေဥပဒေအသစ်အထူးလိုအပ်နေသည်။ မြေယာသိမ်းဆည်းမှုနှင့် လျော်ကြေးပေးရေးတို့သည် ဝိဝါဒကွဲပြားပြီး ရှုပ်ထွေးသည့်အနေအထားရှိနေသည်။ ထို့ပြင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများလည်း နှစ်စဉ်တိုးပွားနေသဖြင့် မြေယာသိမ်းဆည်းမှု၊ မြေအသုံးချမှုများ ဆက်လက်ရှုပ်ထွေးဦးမည့် သဘောရှိနေသည်။ ယင်းကို အမျိုးသားမြေဥဒေသစ်က ရှင်းလင်းစီမံခန့်ခွဲနိုင်လိမ့်မည်ဟု ယုံကြည်သည်။

**ကိုးကား။ ။ မေ ၈ရက်ထုတ်ကြေးမုံသတင်းစာ၊**
**အစိုးရဌာနဆိုင်ရာ ဝက်ဘ်ဆိုက်များ**
**(စာရေးသူ၏ အာဘော်သာဖြစ်သည်။)**



# သစ်သီးဝလံ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှု ဖွံ့ဖြိုးရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



သစ်သီးဝလံ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှု ဖွံ့ဖြိုး ရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ (Upgrading Horticulture Supply Capacity and Responsible Tourism to Develop Business Linkages) ကိုမေ ၁၄ ရက်တွင် တောင်ကြီးမြို့ရှိ ဟိုတယ်ထိန်သာ၌ ကျင်းပသည်။ အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးညွန့်လွင်၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်နှင့် UNOPS မှ Country Director, Mr. Andrew Kirkwood, Swiss Embassy နှ Deputy Head of Mission Mr.GIACOMO SOLARI တို့က အဖွင့်အမှာစကား ပြောကြားသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဆွစ်ဇာလန်နိုင်ငံအစိုးရနှင့် နည်းပညာ အကူအညီပေးသော ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများဖြစ်သည့် UNCTAD, UNIDO, ITC, ILO နှင့် UNOPS တို့မှ ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် NGOs များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

စီမံကိန်းကို ဆွစ်ဇာလန်နိုင်ငံအစိုးရ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် UNCTAD, UNIDO, ITC, ILO, UNOPS တို့၏ နည်းပညာအကူအညီနှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အင်းလေးကန်ဒေသအနီးတစ်ဝိုက်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းကာလသည် လေးနှစ်ဖြစ်ပြီး စီမံကိန်းမှ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အင်းလေးကန် ဒေသတွင် သစ်သီးဝလံပန်းမန်စိုက်ပျိုးထုတ်လုပ်မှုစွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် ခရီးသွားလုပ်ငန်းအား ဖွံ့ဖြိုးတိုးတက်စေရန်၊ စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရန်နှင့် မြှင့်တင်ပေးရန် ရည်ရွယ်သည်။ စီမံကိန်း ဆောင်ရွက်ချက်များသည် အကျိုးခံစားခွင့်ရှိသည့် ဒေသခံရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းမှုကိုမြှင့်တင်၍ ဝင်ငွေရရှိအောင် ဖန်တီးပေးခြင်းနှင့် အလုပ်အကိုင်ဖန်တီးပေးခြင်းဖြင့် ဆင်းရဲမှုကို လျှော့ချပေးနိုင်ရန်ဖြစ်သည်။

ယခုကာလသည် စီမံကိန်း၏ Inception Phase ကာလဖြစ်ပြီး ဒီစီမံကိန်းအကောင်အထည်ဖော်မှု ပထမအဆင့်တွင် UNIDO, UNCTAD, ILO နှင့် ITC မှ Field Assessment မစ်ရှင်အဖွဲ့ နှစ်ကြိမ်လာရောက်ပြီး သတင်းအချက်အလက်ကောက်ယူခြင်း၊ ဦးစားပေးကုန်စည်များနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် Rapid Market Assessment နှင့် Market System Analysis တို့ကို ပြုစုခဲ့ပြီး ဖြစ်သည်။ ထို့အတူ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနမှ ကျွမ်းကျင်ပညာရှင်များက အစားအသောက်ဘေးကင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို လေ့လာစစ်တမ်းပြုစုခဲ့ပြီးဖြစ်သည်။

အဆိုပါ လေ့လာတွေ့ရှိချက်များအရ ကနဦးအစီရင်ခံစာ (Inception Report) နှင့် နှစ်အလိုက် လုပ်ငန်းစီမံချက်တွေကိုလည်း ရေးဆွဲပြီးဖြစ်၍ အလုပ်ရုံဆွေးနွေးပွဲတွင် ကနဦး အစီရင်ခံစာမူကြမ်း အပေါ် ရှင်းလင်းဆွေးနွေးခြင်း၊ စီမံကိန်းမှ ဦးစားပေး ကူညီထောက်ပံ့ပေးမည့် နယ်ပယ်များအား ရှင်းလင်းတင်ပြခြင်းနှင့် နှစ်အလိုက် လုပ်ငန်းစီမံချက်နှင့် ဘတ်ဂျက်လျာထားမှုများကို ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များက ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက အကြံပြုပြန်လည်ဆွေးနွေး၍ ညှိနှိုင်းသဘောတူညီမှု ရယူခဲ့သည်။ ဆွေးနွေးသဘောတူညီမှုရရှိပြီးသည့် အပြီးသတ်အစီရင်ခံစာ၊ နှစ်အလိုက် လုပ်ငန်းအစီအစဉ်နှင့် ဘတ်ဂျက်လျာထားချက်များကို ဇွန်လအတွင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ UN Cluster on Trade and Productive Capacity Project ၏ Global Management Board သို့တင်ပြအတည်ပြုချက် ရယူသွားမည်ဖြစ်သည်။

**NES Unit**

# ပုလဲမြို့ရှိ လယ်ယာသုံး စက်ကိရိယာ အရောင်းကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ပုလဲမြို့ပေါ်ရှိ 'တိုးတက်အောင်' ထွန်စက်နှင့် ထွန်စက်အပိုပစ္စည်းအရောင်းဆိုင်နှင့် 'သီတာဦး' စက်မှုလက်မှု လယ်ယာသုံး ထွန်၊ ထယ်၊ ကိရိယာနှင့် စက်အပိုပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးဆိုင်များသို့ မေ ၃ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

လယ်ယာသုံး စက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက် လုပ်ငန်းရှင်များအား တရုတ်နိုင်ငံထုတ် စက်ပစ္စည်းများအား ဂျပန်နိုင်ငံထုတ် စက်ပစ္စည်းများအဖြစ် လိမ်လည်ပြီး ဈေးနှုန်းမြှင့်တင်ရောင်းချမှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် သတိပေးမှုများ၊ အရောင်းကိုယ်စားလှယ်များအနေဖြင့် တောင်သူလယ်သမားများသို့ အမြတ်အခွန် အလွန်အကျွံရရှိရေးကို အဓိကထား၍ ဆောင်ရွက်ခြင်းမပြုရန်၊ ပင်ရင်းထုတ် လုပ်သည့် နိုင်ငံ၏ အမည်၊ လိပ်စာတို့ကို သိသာထင်ရှားစွာ ဖော်ပြရန်၊ ကုန်ပစ္စည်းများပေါ်တွင် အမှတ်တံဆိပ်များ၊ နံပါတ်များ ပြောင်းလဲတပ်ဆင်ခြင်း မပြုရန်၊ အရောင်းကိုယ်စားလှယ်များကလည်း သတင်းအချက်အလက်များနှင့် ပတ်သက်၍ ပြည့်စုံစွာဖော်ပြခြင်းမရှိဘဲ နည်းမျိုးစုံဖြင့် ထိမ်ချန်ရောင်းချခြင်း မပြုရန်၊ ထင်ယောင်ထင်မှားဖြစ်စေမှု ပုံသဏ္ဍာန်အမျိုးအမည်၊ အမျိုးအစားနှင့် အမှတ်တံဆိပ်များကို ကွဲကွဲပြားပြားဖော်ပြ၍ အသိပေးရောင်းချရန်၊ စာချုပ်တွင် အာမခံပေးနိုင်သည့် အခြေအနေတိုင်း ထည့်သွင်းချုပ်ဆိုရန်နှင့် အာမခံမပေးနိုင်သည့် အခြေအနေများကို ထည့်သွင်းချုပ်ဆို ခြင်းမပြုရန်၊ စည်းကမ်းချက်များကိုလည်း နှစ်ဦးနှစ်ဖက် သင့်တင့်မျှတစွာ သတ်မှတ်ချုပ်ဆိုရန်၊ တောင်သူများအား အရောင်းအဝယ်စာချုပ်ကို သေချာစွာ ဖတ်ရှုစေပြီးမှ လက်မှတ် ရေးထိုးစေရန်၊ ဝန်ဆောင်မှုပေးခြင်းနှင့် စက်အပိုပစ္စည်း အလွယ်တကူရရှိစေရန် ရောင်းချပြီး နောက်ပိုင်း အာမခံပေးနိုင်သည့် ကာလနှင့် အာမခံပေးသည့် စက်အစိတ်အပိုင်းများ၊ စက်အပိုပစ္စည်းများ၊ ဆောင်ရွက်ပေးမည်ဆိုပါက အမှန်တကယ် ဆောင်ရွက်ပေးရန်တို့ကို ရှင်းလင်းဆွေးနွေးပြောကြားကာ (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉) စားသုံးသူကာကွယ်ရေး ဥပဒေသစ်ပါ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် အချက်များကိုလည်း ရှင်းလင်း ဆွေးနွေး အသိပညာပေး ဆောင်ရွက်ခဲ့သည်။

**ဝင်းနုဆွေ (ယင်းမာပင်)**

# ရန်ကုန်ကားဈေးကွက်တွင် ပြည်တွင်းဆင် ကားများကို ပိုမိုစိတ်ဝင်စားနေ

ရန်ကုန်မြို့ ကားဈေးကွက်၏ မေလဒုတိယပတ်ခန့် အခြေအနေမှာ ယခင်လကုန်ပိုင်းကဲ့သို့ပင် ပြည်တွင်းဆင် ဆူဇူကီးပုံစံသစ်ကားအာတီဂါ၏ ဂယက်ကြောင့် အရောင်းအဝယ် အနည်းငယ်ပြန်ဖြစ်လာသော်လည်း နယ်လိုင်စင်ကားများနှင့် အသစ် တင်သွင်းသည့် ကားများအဝယ်နည်းကြောင်း သိရသည်။

ဧပြီလကုန်ပိုင်း နောက်ဆုံးပတ်က ပုံစံသစ် ထုတ်ပြမိတ်ဆက်ခဲ့သော ဆူဇူကီးကုမ္ပဏီမှ အာတီဂါကားသစ် (၂၀၁၉ ပုံစံ) ၏ ဈေးတန်းအရနှင့် ရုပ်ထွက်အရ အားသာမှုရှိကြောင်း၊ လက်ရှိ ရန်ကုန်ကားဈေးကွက်အတွင်း အတိုင်းအတာတစ်ခုထိ လှုပ်ခတ်ခဲ့ပြီး ကားအလဲအထပ်များ လက်ရှိကားများ ရောင်းထွက်ပြီး ဆူဇူကီးအာတီဂါကားများ အမှာစာသွင်းဝယ်ယူလာမှုကြောင့် စီးနင်းပြီး ညာမောင်းဂျပန်ကားလေးများနှင့် ဈေးကွက်ထဲရှိ နယ်လိုင်စင် မော်ဒယ်လ်မြင့်ကားလေးများပါ ဈေးတန်းအမြင့်ဖြင့် အရောင်းအဝယ်ဖြစ်လာကြောင်း ယခင်ပတ်များမှစ၍ တွေ့ရှိလာရသည်။

လတ်တလောမှာလည်း ယင်းကားများသာ ဈေးကွက်ထိပ်ဆုံးရောက်ရှိနေပြီး ဆူဇူကီးချင်းတူလျှင်သော်မှ အခြားအမျိုးအစားဖြစ်သည့် ဆွစ်၊ စီယက်တို့အား မရွေးချယ်တော့ဘဲ ၂၀၁၉ အာတီဂါသာ ရွေးချယ်လာကြကြောင်း သိရသည်။

ယာဉ်ဟောင်းအပ်နှံစလစ် အသုံးပြုသည့် ပြည်ပမှအသစ်သွင်း ဝက်ဂွန်နှင့် အခြားတန်ဖိုးမြင့်ကားများ လတ်တလောအသွင်းနည်းသွားသော်လည်း အပ်ကားပိုမိုရှားပါးလာပြီး စလစ်ဈေးတန်းနှစ် ၂၀ မှာ ၁၃၈ သိန်း၊ တိုက်ကြေကျပ် ၁၂၅ သိန်းဝန်းကျင်၊ ၂၀ နှစ် အပ်ကားကျပ် ၁၃၀ သိန်းကျော် ကျော်ဈေးကွက်ဖြစ်နေပြီး မဖြစ်မနေ တင်သွင်းလိုသူများသာ အဝယ်ရှိကြောင်း သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အာလ်ဖတ် (၂၀၀၃) | H | ၃၆၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဝင်းရဒ် (၂၀၁၀) | G | ၁၇၀ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ကလူဂျာ (၂၀၀၁) | I | ၃၃၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ပရိုဘောက် (၂၀၁၁) | H | ၂၁၅ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | အေဒီဗင် (၂၀၀၉) | F | ၁၃၈ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | မတ်(ခ်)အိပ်စ် (၂၀၁၁) | ယာယီ | ၆၅၀ သိန်း | ၂.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟွန်ဒါ/ပါတနာ (၂၀၁၀) | K | ၂၀၀ သိန်း | ၁.၅ ဒီဇယ်၊ နယ် |
| ၈။ | စီအာဗီ (၂၀၀၆) | G | ၃၈၅ သိန်း | ၂.၀ ဓာတ်ဆီ၊ နယ် |
| ၉။ | ဒီမီယို (၂၀၁၄) | ယာယီ | ၂၄၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ် |

# တောင်ကိုရီးယားကုန်စည်ပြပွဲသို့ မြန်မာလုပ်ငန်းရှင်များ သွားရောက်ပြသ

တောင်ကိုရီးယားသမ္မတနိုင်ငံ ဆိုလ်းမြို့ COEX Exhibition Centre – B2 ၌ ၂၀၁၉ ခုနှစ် မေ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပသည့် အိမ်တွင်းမှုလုပ်စားသောက်ကုန် အစားထိုးထုတ်ကုန်များ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ အသင့်စားအရသာစုံကော်ပြန့်လိပ်များ ထုတ်လုပ်သည့် Myanmar Honey Food Factory Co.,Ltd၊ ထန်းလျက်မှုန့်များ ပြည်ပ တင်ပို့နေသည့် Continental Myanmar Co.,Ltd နှင့် ဆေးကုလားမ (သဘာဝလျှော်ဖြူ)များထုတ်လုပ်သည့် Sterculia Tragacanth Myanmar Co.,Ltd တို့က အာဆီယံ-ကိုရီးယား စင်တာ (AKC) ၏ ပံ့ပိုးကူညီမှုဖြင့် သွားရောက် ပြသခဲ့ကြသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ အိမ်တွင်းမှုလုပ်စားသောက်ကုန်များနေရာတွင် အစားထိုး စားသုံးနိုင်သည့် အသင့်စား စားသောက်ကုန်များနှင့် အချိန်တိုအတွင်း လွယ်ကူစွာ ချက်ပြုတ်စားသောက်နိုင်သည့် စားသောက်ကုန်အသစ်များကို အရည်အသွေးနှင့် ထုပ်ပိုးမှု အဆင့်အတန်းမြင့်မားစွာဖြင့် ပိုမိုထုတ်လုပ်ရောင်းချမှုမြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်၍ကျင်းပခဲ့ခြင်းဖြစ်သည်။

အိမ်တွင်းမှုလုပ် စားသောက်ကုန် အစားထိုး ထုတ်ကုန်များ ကုန်စည်ပြပွဲသို့ အာဆီယံဒေသတွင်း နိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အိမ်ရှင် တောင်ကိုရီးယားတို့ အပါအဝင် စုစုပေါင်း နိုင်ငံပေါင်း လေးနိုင်ငံမှ ပြခန်း စုစုပေါင်း ၁၇၀ ခန်းခန့် ပါဝင်ပြသခဲ့ကြသည်။ ဆိုးလ်မြို့ COEX Exhibition Centre – B2 အတွင်း ASEAN POP-UP Store ရှေ့တွင် အာဆီယံပြခန်းများ၏ ရှေ့ခြမ်း မျက်နှာစာတန်းတွင် မြန်မာကုမ္ပဏီသုံးခုက နေရာယူပြင်ဆင်ကြပြီး နမူနာအဖြစ် ယူဆောင်လာသော အသင့်စား အရသာစုံကော်ပြန့်လိပ်များ အမြည်းကျွေးခြင်း၊ ထန်းလျက်ခဲနှင့် ထန်းလျက်မှုန့်များ နမူနာပေးခြင်း၊ ဆေးကုလားမ (လျှော်ဖြူ)ကို ပျားရည်၊ စပျစ်သီးဖျော်ရည်၊ လိမ္မော်သီးဖျော်ရည်၊ ထန်းလျက်မှုန့် စသည့် ကြိုက်နှစ်သက်ရာ အရသာတို့နှင့် တိုက်ကျွေးခြင်းတို့ဖြင့် အရောင်းမြှင့်တင်ရေး ဆောင်ရွက်ကြသည်။ မြန်မာပြခန်းများရှေ့တွင် တန်းစီစောင့်ဆိုင်း၍ လာရောက် သုံးဆောင်သူများ၊ ထန်းလျက်မှုန့်နှင့် ဆေးကုလားမအကြောင်း မေးမြန်းသူများဖြင့် အထူးစည်ကားသည်။

အဆိုပါ ကုန်စည်ပြပွဲများသို့ မြန်မာလုပ်ငန်းရှင်များ သွားရောက်ပြသခြင်းကြောင့် ဒေသတွင်းနိုင်ငံများတွင် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော စားသောက်မှုပုံစံသစ် အပေါ် တန်ဖိုးမြင့် ကုန်ပစ္စည်းအသစ်များ ထပ်မံထုတ်လုပ်နိုင်ခြင်းနှင့် ၎င်းဈေးကွက် ပုံစံသစ်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်စေရန် အထောက်အကူဖြစ်စေမည့်အပြင် နိုင်ငံတကာဈေးကွက် အမြင်နှင့်ကုန်ပစ္စည်းဆိုင်ရာ ဆန်းသစ်တီထွင်နိုင်မှုများကို သိရှိခဲ့ရသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

# သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ၂၀၁၉ ကုန်စည်ပြပွဲကျင်းပမည်

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ Cinnamon Grand ဟိုတယ်တွင် ၂၀၁၉ ခုနှစ် ဇွန် ၁၈ ရက်မှ ၁၉ ရက်အထိ "Sri Lanka Investment and Business Conclave-2019" ပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အဆိုပါပြပွဲသို့မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များပါဝင် တက်ရောက်ပြသနိုင်ပြီး စိတ်ပါဝင်စားပါကမြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇- ၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်စ်-၀၆၇- ၄၃၀၁၂၈၊ E-mail: moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့)၊ ဖုန်း- ၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**ဆုမွန်သိန်း(TD)**

# မန္တလေးမြို့တွင် အကြီးဆုံး JobNation အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ




JobNet.com.mm က ကြီးမှူး၍ပထမအကြိမ် JobNation (မန္တလေး) အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို မေ ၁၂ ရက်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့်လမ်း ၃၀ ထောင့်ရှိ Hotel marvel တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

JobNation အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် Ooredoo, KBZ, CPMotor Myanmar, MEGA, CDSG, ananda, CocaCola, Yoma Bank တို့ အပါအဝင် ပြည်တွင်း ပြည်ပကုမ္ပဏီ ၂၅ ခုကျော်မှ လစ်လပ်အလုပ်နေရာ ၄၀၀ ကျော်အား CV ပုံစံဖြည့်ခြင်း၊ HR အဖွဲ့များက လူတွေ့စစ်ဆေးအင်တာဗျူးပြီး ကုမ္ပဏီများမှ အလုပ်အကိုင်အခွင့်အလမ်းများ တိုက်ရိုက်ခေါ်ယူပေးရာ ဘွဲ့ရလူငယ်များ လာရောက်လျှောက်ထားကြသည်။

အလုပ်အကိုင်ပြပွဲနှင့်အတူ လူငယ်များတိုးတက်ဖွံ့ဖြိုးရေးဟောပြောပွဲ ကျင်းပရာ ဦးအေးကြူက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုဟောပြောပြီး JobNet.com.mm တည်ထောင်သူ Mr.Justin Sway ကလည်း အလုပ်အကိုင်ရှာဖွေသူ လူငယ်များအား ကုမ္ပဏီများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးသည်။ **မောင်ပြည်သူ (မန္တလေး)**

# နိုင်ငံတကာရော်ဘာဈေး တက်ရိပ်ပြ

မေ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းတစ်ပတ်အတွင်း မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၈ သန်းတန်ဖိုးရှိ ရော်ဘာ ၆၇ တန်ကျော် တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ အခြားကုန်သွယ်ရေးစခန်းများမှ ရော်ဘာ တင်ပို့မှုမရှိကြောင်း သိရသည်။

မေ ၅ ရက်မှ ၁၁ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ခြောက်သန်းကျော် တန်ဖိုးရှိရော်ဘာတန်ချိန် ၅၂၀၀ နီးပါးတင်ပို့ခဲ့ကြောင်း သိရ သည်။

နိုင်ငံအလိုက်တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၂၀၄၅ တန်၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား တန်ချိန် ၂၇၀၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစားတန်ချိန် ၂၀၀ ကျော်နဲ့ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၂၀၀ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက တန်ချိန် ၁၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်တွင် နိုင်ငံတကာရော်ဘာဈေး RSS နှင့် MSR အမျိုးအစားဈေးနှုန်းများတစ်တန်လျှင် ဒေါ်လာ ၅၀ ခန့် ဈေးတက်သည့်အတွက် ပြည်ပတင်ပို့မည့် မြန်မာ့ရော်ဘာ FOB ဈေးမှာလည်း ဈေးတက်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်သော ဈေးနှုန်းများအရ သိရသည်။

RSS 1 တစ်တန်လျှင် ဒေါ်လာ ၁၅၀၀ -၁၅၅၀၊ RSS 2 တစ်တန်လျှင် ဒေါ်လာ ၁၄၅၀-၁၅၅၀၊ RSS 3 တစ်တန်လျှင် ဒေါ်လာ ၁၄၀၀-၁၅၀၀၊ RSS 4 တစ်တန်လျှင် ဒေါ်လာ ၁၃၀၀-၁၄၀၀၊ RSS 5 တစ်တန်လျှင် ဒေါ်လာ ၁၃၅၀-၁၄၅၀၊ MSR 3L တစ်တန်လျှင် ဒေါ်လာ ၁၅၀၀-၁၆၀၀၊ MSR 10 တစ်တန်လျှင် ဒေါ်လာ ၁၃၅၀-၁၄၀၀၊ MSR 20 တစ်တန်လျှင် ဒေါ်လာ ၁၃၀၀-၁၃၅၀ တို့ဖြစ်သည်။ **ယဉ်ယဉ်အေး**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| **(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း-၀၁ ၂၅၄၀၂၄** | **ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇** | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 19, No.18 Monday May 20 2019

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၂၀-၅-၂၀၁၉ မှ ၂၆-၅-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အရည်အချင်းအတွေ့အကြုံ ပြည့်ဝပြီး စီးပွားရေးကောင်းလာမည်။ ငွေလဲလှယ်ရေးလုပ်ငန်း၊ ရတနာပစ္စည်းတို့နှင့်အကျိုးပေးမည်။ ပညာရေးတွင်အောင်မြင်မှုရမည်။ အချစ်ရေးတွင် မိမိထက်ကြီးသူနှင့်တွေ့ရတတ်သည်။ အိမ်ထောင်ရှိပြီးပါက မိသားစုဘဝအရေး ကြိုးစားရမည်။ ကျန်းမာရေးအနေဖြင့် စိုးရိမ်ရသော ရောဂါကြီးများမဖြစ်နိုင်ပါ။

**ယတြာ။ ။အောင်မြေနင်း၍ ကိုးနဝင်းပုတီးစိပ်ပါ။**



**တနင်္လာသားသမီးများအတွက်** မှန်တာပြော၍ ဟုတ်တာလုပ်တတ်သောကြောင့် လူတော်တော်များများက လူ့ဂွစာဟုပြောဆိုခံရတတ်သည်။ ကိုယ်ပိုင်လုပ်ငန်းတွင် အလုပ်သမားများအတွက် အခက်အခဲရှိတတ်သည်။ ပရိဘောဂများလူသုံးကုန်ပစ္စည်းများ အကျိုးပေးသည်။ ပညာရေးကြိုးစားအားထုတ်မှုပေါ် မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံကောင်းမည်။ ကျန်းမာရေးအနေဖြင့် အပူဝမ်းသွားခြင်း၊ ဗိုက်အောင့်ခြင်း၊ အစာမကြေခြင်းတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ။ သံဃာတော်နှင့်သီလရှင်အား ဝိနည်းစာအုပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** ရှေးဟောင်းအနုပညာဆိုင်ရာ ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်း အကျိုးပေးလိမ့်မည်။ အကျိုးဆောင်လုပ်ငန်းများ၊ လေလံဆွဲလုပ်ငန်းများအောင်မြင်မည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် ဝေဝါးနေတတ်သည်။ ကျန်းမာရေးအနေဖြင့် အဆိပ်ရှိသတ္တဝါကြောင့် အနာရောဂါရရှိတတ်သည်။ ခြေလက်တို့ ထိခိုက်ဒဏ်ရာရမည်။ **ယတြာ။ ။သံဃာ့ဒါနဆေးရုံတွင် ဆေးဝါးလှူဒါန်းပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** လူသုံးကုန်လုပ်ငန်း၊ အလှကုန်လုပ်ငန်း၊ အလှပြင်လုပ်ငန်းများအကျိုးပေးမည်။ ပညာရေးတွင် အောင်မြင်မှုရမည်။ အချစ်ရေးတွင်လုပ်ငန်းတူအသိုင်းအဝိုင်းအတွင်းမှ လူနှင့်ကြုံဆုံရတတ်သည်။ ကျန်းမာရေးတွင် ခေါင်းမူး၊ ခေါင်းအုံဝေဒနာခံစားရမှုရှိသည်။ ပတ်ဝန်းကျင်နှင့်ပေါင်းသင်းဆက်ဆံရေး အဆင်ပြေနေလိမ့်မည်။

**ယတြာ။ ။ဘုရားတွင် အစိမ်းရောင်ထီးသုံးလက် လှူ၍ စိန္တာမဏိဂါထာရွတ်ဆိုပါ။**




**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းတစ်ခုကို အောင်မြင်အောင် အပင်ပန်းခံကြိုးစားလုပ်ကိုင်ရတတ်သည်။ ဆက်သွယ်ရေးကိရိယာများ၊ မိုဘိုင်းဖုန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအကျိုးပေးပါသည်။ ဝင်ငွေများစွာရရှိလိမ့်မည်။ ပညာရေးသင့်တင့်မှုရှိမည်။ အချစ်ရေးတွင် ချစ်သူမရှိသေးသော်လည်း မထင်မှတ်ဘဲ အိမ်ထောင်ကျတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ထူးဆန်းသောရောဂါမဖြစ်သော်လည်း အဆုတ်အားနည်းခြင်း၊ နှလုံးအားနည်းခြင်းဝေဒနာဂရုစိုက်ရမည့်အချိန်ဖြစ်သည်။ **ယတြာ။ ။ထီးလှူပါ။**



**သောကြာသားသမီးများအတွက်** လူအများ၏ချစ်ခင်လေးစားအားထားမှုခံရတတ်သည်။ စီးပွားရေးတွင် ရွှေ၊ ငွေ၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများအကျိုးပေးသည်။ ပညာရေးတွင်သချာ်ထူးချွန်မည်။ အချစ်ရေးတွင် ချစ်ခင်ကြင်နာတတ်သော အလိုလိုက်သည့်ချစ်သူနှင့်တွေ့မည်။ ကျန်းမာရေးတွင် ဝမ်းလျှောခြင်းဝေဒနာ သတိပြုဂရုစိုက်သင့်သောကာလဖြစ်ပါသည်။

**ယတြာ။ ။ အသက်ကြီးသူများကို ဆေးဝါးလှူဒါန်းပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများပြန်လည်လုပ်ကိုင်ရန် တိုင်ပင်ဆွေးနွေးနေရတတ်သည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံနှင့်ဂျုံထွက်ပစ္စည်းများ၊ မုန့်လုပ်ငန်းများ စီးပွားရေးကောင်းနေတတ်ပါသည်။ ပညာရေးထူးချွန်နိုင်သည်။ အချစ်ရေးတွင် တန်ဖိုးမထားသူနှင့်ကြုံရတတ်သည်။ ကျန်းမာရေးတွင် တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါတို့ကို သတိထားသင့်ပါသည်။

**ယတြာ။ ။ဓာရဏပရိတ်ရွတ်ပါ။**

## နေအပူရှိန်ကြောင့် ကြက်မွေးမြူသူနည်းပါး၍ ကြက်ဈေးမြင့်

နေအပူရှိန်မြင့်လာသောကြောင့် ကြက်မွေးမြူရေးလုပ်ငန်းအချို့ လုပ်ကိုင်ခြင်းမရှိ၍ ကြက်သား အရှင်ဈေးမြင့်နေကြောင်း ရေနံချောင်းမြို့ ကြက်သားရောင်းဝယ်သူများနှင့် စားသုံးသူများထံက သိရသည်။

"နေအပူရှိန်က မိုးမရွာသေးတဲ့ အပြင် လေမတိုက်တဲ့အတွက်စီပီကြက်ခြံတွေမွေးမြူရေးကိုမလုပ်ကြတော့ပါဘူး။ လုပ်နေမွေးနေတဲ့ခြံတွေလည်း ယခင် သကြ်ာန်မတိုင်မီကထက် ထက်ဝက်ခန့် ယခင်အကောင် ၈၀၀ ကနေ ယခုအကောင် ၅၀၀ ပဲ မွေးတော့တာပါ။ လက်ရှိကြက်သားရောင်းသည့်ဈေးသည် ၁၅ ဦးရှိတယ်။ နေ့စဉ်ဝယ်လိုအားနဲ့ မမျှတော့ ဈေးတက်တာပေါ့"ဟု ကြက်သားရောင်းသူတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ်တွင် ယခင်က စီပီကြက်မွေးမြူရေးခြံလေးခြံရှိပြီး ကြက်အကောင်ရေ စုစုပေါင်း ၂၅၀၀ နီးပါးရှိသည်။ ယခုကြက်ခြံနှစ်ခုသာ မွေးမြူပြီး အကောင်ရေ ၁၀၀၀ ကျော်သာရှိကြောင်း သိရသည်။

"နေအပူရှိန်ကြောင့်ကြက်အသေအပျောက်ဖြစ်မှာကြောက်ပြီး မမွေးတာပါ။ နေပူအရမ်းပြင်းလွန်းရင် အသားစားကြက်ကြီးနှုန်း နည်းတယ်။ လိုချင်တဲ့ အလေးချိန်ရအောင် အစာကျွေးရတဲ့အတွက် အမြတ်နည်းတယ်။ ဒါကြောင့် ကြက်မွေးမြူရေးကို မိုးကျမှ ပြန်မွေးမယ်"ဟု ကြက်မွေးမြူရေးလုပ်ကိုင်သူတစ်ဦးကပြောသည်။

ဈေးကွက်၌ ဧပြီလဆန်းတွင် စီပီကြက်အရှင်ဖမ်းဈေး တစ်ပိဿာကျပ် ၄၂၀၀ သာဝယ်ရသော်လည်း ယခုကျပ် ၅၀၀၀ ဝယ်နေရပြီး လက်ရှိအသား ဈေးတစ်ပိဿာကျပ် ၆၅၀၀ ကနေ ကျပ် ၇၀၀၀ ဈေးဖြစ်နေကြောင်းသိရသည်။

**ရွှေဇင်(ရေနံချောင်း)**

## ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများနှင့် စားသုံးကုန်များရောင်းချ



ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများနှင့် စားသုံးကုန် များရောင်းချသည့် Organic and Natural Foods ဆိုင်များဖွင့်ပွဲကို မေ ၁၂ ရက်က ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းနှင့် ၃၁ လမ်းထောင့်ရှိ Glocalizers Organic and Natural Foods Center တွင် ကျင်းပသည်။

ဈေးဆိုင်တန်းများတွင် မန္တလေးမြို့ဝန်းကျင်ရှိ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သော ဓာတုကင်းလွတ်ဟင်းသီး ဟင်းရွက်များ၊ သစ်သီးဝလံများ၊ စားသုံးကုန်များ၊ သဘာဝမန်ကျည်းဖျော်ရည် သဘာဝကော်ဖီမှုန့်များအား ဈေးတန်းဖွင့်ပွဲ အထိမ်းအမှတ် အထူးနှုန်းဖြင့်ရောင်းချပေးရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။ **မောင်ပြည်သူ (မန္တလေး)**

## ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ သက်ဆိုင်ရာ မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ပညာပေးကွင်းဆင်းစစ်ဆေး

စီပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် သက်ဆိုင်ရာမြို့နယ်အလိုက် ကျန်းမာရေး၊ စည်ပင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကျေးရွာ/ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးနှင့် စာရေးများ၊ စားသုံးသူရေးရာ အသင်းအဖွဲ့များ၊ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးပညာ ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မေ ၉ ရက်တွင် ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာ၊ ဈေးအတွင်းရှိ ကုန်စုံဆိုင် ၁၀ ဆိုင်၊ မေ ၁၅ ရက်တွင် ကနီမြို့ အမှတ် (၃)ရပ်ကွက်ရှိ ကုန်စုံဆိုင်ခုနစ်ဆိုင်၊ မေ ၁၆ ရက်တွင် ဆားလင်းကြီးမြို့နယ်၊ ဝက်မှေးကံတောကျေးရွာရှိ ကုန်စုံဆိုင် ခုနစ်ဆိုင်တို့တွင် FDA အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက စားသုံးရန်မသင့် ကြေညာထားသည်များ၊ သက်တမ်းလွန်များ၊ မျက်မြင်မှိုတက် အရောင်ဆိုးဆေးများ ရောင်းချမှု မရှိစေရန်နှင့် ကုန်စည်ဝန်ဆောင်မှုများအပေါ်တွင် ပါဝင်ပစ္စည်း၊ အညွှန်း၊ သုံးစွဲမှုအာမခံအထောက်အထား၊ ဆက်သွယ်ရန်လိပ်စာများကို မြန်မာဘာသာဖြင့် ဖော်ပြသော ကုန်ပစ္စည်းမျိုးကိုသာ ရောင်းချကြရန် ပြောကြားပြီး ရောင်းချသူလုပ်ငန်းရှင်များအနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုများ လိုက်နာသိရှိစေရန်များ စစ်ဆေးပညာပေးဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ယင်းမာပင်မြို့နယ်၊ ရွာသာယာ အ. ထ. က ကျောင်း၊ ကနီမြို့ အ. ထ. က ကျောင်း၊ ဆားလင်းကြီး အ. ထ. က ကျောင်းများတွင် 3G (၃) တန်း သင်ရိုးသစ်၊ သင်တန်းဖွင့်လှစ်သော သင်တန်းများသို့ သွားရောက်ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့က ကျောင်းများတွင် CICC စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ စာတိုက်ပုံးများ ထားရှိစေရန် ကျောင်းစားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းရန်၊ ၂၀၁၉ မတ် ၁၅ ရက်တွင် ထုတ်ပြန်သော စားသုံးသူကာကွယ်ပေးရေး ဥပဒေသစ်အကြောင်းများကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခိုင်မို့မို့ (မြင်းမူ)**

## ကသာမြို့ပဲဖုန် ပဲတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

ကသာခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးအောင်မင်းသည် မေ ၇ ရက်က ကသာမြို့နယ် ကပ္ပလိပ်ကျေးရွာ ကသာပဲဖုန်အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် တွေ့ဆုံဆွေးနွေးရာ ကသာပဲဖုန်တွင် မြေပဲသီးသန့် စိုက်ဧက ၇၀၀ ကျော်ရှိကြောင်း၊ ယခုနှစ်တွင် မိုးလေဝသကောင်းမွန်သဖြင့် မြေပဲအထွက်နှုန်း ကောင်းမွန်ကြောင်း၊ ကသာပဲဖုန်တွင် ဆင်းပဒေသာနှင့် S1 အထွက်တိုး မြေပဲမျိုးများ စိုက်ပျိုးကြောင်း၊ ယခုနှစ်အထွက်နှုန်းမှာတင်း ၄၀ မှ ၅၀ ဝန်းကျင်ရှိကြောင်း၊ ကသာမြို့ ပဲတောင်သူအများစုမှာ မြေပဲကို ဧရာဝတီမြစ်မြေနုကျွန်း၊ ကိုင်းမြေများတွင် စိုက်ပျိုးကြသဖြင့် မြစ်ရေတက်မည့် အခြေအနေကြောင့် အနိမ့်ပိုင်းဒေသများမှာ စိုးရိမ်ရကြောင်းနှင့် ၇၀ ရာခိုင်နှုန်းရိတ်သိမ်းပြီး ၃၀ ရာခိုင်နှုန်းကျန်နေသေးကြောင်း၊ ထွက် ရှိသော မြေပဲများကို မန္တလေးပွဲရုံသို့ တင်ပို့ရောင်းချကြကြောင်း၊ မြေပဲ အတောင့် တစ်တင်းဈေးနှုန်းမှာ ကျပ် ၁၁၀၀၀ မှ ၁၁၅၀၀ ရှိကြောင်း၊ မြေပဲ ဆန်ကသာပေါက်ဈေးမှာ တစ်ပိဿာကို ကျပ် ၂၆၀၀ မှ ၂၆၅၀ ရှိကြောင်း၊ မန္တလေးပေါက်ဈေးမှာ မြေပဲဆန် ပိဿာတစ်ရာကို ကျပ် ၂၈၀၀၀၀၊ တစ် ပိဿာကိုကျပ် ၂၈၀၀ရှိကြောင်း သိရသည်။

**လှလှခိုင် (ကသာ)**

# ဥရောပနိုင်ငံများသို့ တင်ပို့နေသည့် ရေထွက်ကုန်များ သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်မည်

ဥရောပနိုင်ငံများသို့ ပင်လယ်ပြင်နှင့် မွေးမြူရေးကန်များမှ ရေထွက်ကုန်များကို တင်ပို့ခွင့် ရရှိပြီဖြစ်၍ သက်ဆိုင်ရာ နိုင်ငံများမှ သတ်မှတ်ထားသည့် စံချိန်စံနှုန်းများ နှင့်အညီ တင်ပို့နိုင်ရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။ ယင်းသို့ ရေထွက်ကုန်များ တင်ပို့ခွင့်ရရှိပြီဖြစ်သော်လည်း မြန်မာနိုင်ငံ တွင်ရှိသည့် ငါး၊ ပုစွန် မွေးမြူသူများ အီးယူ စံချိန်စံညွှန်းနှင့်အညီ မွေးမြူနိုင်ရေး၊ ၎င်းတို့လိုလားသည့် မွေးမြူရေးထွက်ကုန် ဖြစ်စေရေးနှင့် ရေထွက်ကုန်ပစ္စည်းများ ဘေးအန္တရာယ် ကင်းရှင်းစေရန် အရေးကြီးသည့် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေး ကျင့်စဉ်စနစ်တို့ကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ အဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင်က မေ ၁၅ ရက်တွင် ပြောသည်။

"အီးယူကို ငါး၊ ပုစွန်၊ ကဏန်း စတဲ့ သဘာဝမွေးမြူရေး ထွက်ကုန်တွေ ပို့လို့ရတာ ဖြစ်တယ်။ ရန်ကုန်တိုင်းမှာဆိုရင် ရေချိုးငါး၊ ဧရာဝတီဆိုရင် ရေချိုငါး၊ ပုစွန်ကျားနဲ့ ပုစွန်ဖြူ ကဏန်းပျော့လည်း ပါတယ်။ နောက် တနင်္သာရီဆိုရင် ကဏန်းပျော့ပါမယ်။ အစရှိတာတွေ အထူးပြု တင်ပို့ရတာဆိုတော့ စံချိန်စံနှုန်း သတ်မှတ်ချက်တွေအတိုင်း လိုက်ပါဆောင်ရွက်ဖို့ လိုအပ်ပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အနေဖြင့်လည်း ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အတွက် ငါးလုပ်ငန်း ဦးစီးဌာနနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်၍ နည်းပညာ ပံ့ပိုး ကူညီမှုများနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။ သို့ဖြစ်သောကြောင့် ရေလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတကာ၏ စံနှုန်း၊ စည်းမျဉ်းစည်းကမ်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တိကျစွာ လိုက်နာကာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် စတင်တာဝန် ထမ်းဆောင်ချိန်မှ စတင်ကာ ဒုတိယကာလတို ငါးနှစ်ကို လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များ ရေးဆွဲပြီး မူဝါဒ ၁၀ ရပ် ချမှတ်ကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) ကိုလည်း ရေးဆွဲ၍ စိုက်ပျိုးရေး၊ သားငါးကဏ္ဍ အပါအဝင် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခု အီးယူ အသိအမှတ်ပြု တင်ပို့ခွင့် ရလာမှုကို အသုံးချ၍ မြန်မာ့ရေထွက်ကုန်များ ဖွံ့ဖြိုးရေး ပိုမိုတိုးတက်စေရန် ဆောင်ရွက်ရမည့် အစီစဉ်များ ချမှတ်ကာ ရေထွက်ကုန် ဈေးကွက်သို့ နှစ်စဉ် ၅၀ ရာခိုင်နှုန်းခန့် တင်ပို့နေသော ဗီယက်နမ်နိုင်ငံကဲ့သို့ ဖြစ်လာစေရေး ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်း အဖွဲ့ချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပြည်ပသို့ တင်ပို့ခွင့် ရရှိထားသော ရေထွက်ကုန်များ၏ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်ပြီး ငါးလုပ်ငန်းဦးစီးဌာန လက်အောက်တွင်ရှိသော ISO အသိမှတ်ပြု ဓာတ်ခွဲခန်းများတွင် စစ်ဆေးနိုင်ကြောင်း သိရသည်။ **ပန်းဆု**

# မင်းကွတ်သီးအကြောင်း သိကောင်းစရာများ

မင်းကွတ်သီး၏အခေါ်အဝေါ်မှာ အင်္ဂလိပ်အမည် (Mangosteen)၊ ရုက္ခဗေဒအမည် (Garcinia mangostana)၊ မျိုးရင်း (Clusiaceae) ဖြစ်ပြီး မူရင်းဒေသမှာ မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှ နိုင်ငံများဖြစ်ကြောင်း၊ အီကွေတာရာသီဥတုကို နှစ်သက်ပြီး ပူအိုက် စွတ်စိုသော ဒေသတွေမှာ ပေါက်ရောက်ကြောင်း၊ နှစ်ရှည်ပင် အမျိုးအစားဖြစ်ပြီး အမြင့် ၆ မီတာ မှ ၂၅ မီတာ၊ ပေအားဖြင့် ပေ ၂၀ မှ ပေ ၈၀ ထိမြင့်ကြောင်း၊ အပင်စတင်စိုက်ပျိုးချိန်မှ စောလျင် ငါးနှစ် ခြောက်နှစ်အတွင်း အသီးသီးလေ့ရှိပြီး ပုံမှန်အားဖြင့် ရှစ်နှစ် ၁၀ နှစ်သားလောက်မှ စတင် ခူးဆွတ်လေ့ရှိကြောင်း သိရှိရသည်။

မင်းကွတ်သီးသည် မည်သည့်သီးနှံနှင့်မျှမတူဘဲ စားသုံးသူ၏ ဘဝင်နှလုံးကို အေးမြကြည်လင်စေပါသည်။ စားသုံးသူအနေဖြင့် တစ်လုံးစားရုံနှင့် မဝနိုင်ဘဲ လေးငါးလုံး ဆက်စားမှသာ တင်းတိမ်လေ့ရှိပေသည်။ ဂရိဒဏ္ဍာရီတွင် မင်းကွတ်သီးကို အပျိုစင် အသီးဟု တင်စားခေါ်ဝေါ်ကြပါသည်။ အဓိပ္ပာယ်မှာ ဒူးရင်းသီးကို အသီးအားလုံးတို့၏ ဘုရင်ဟုခေါ်ဆိုပြီး ဒူးရင်းသီး စားသုံးသည့်အခါ ပူလောင်သည့်အတွက် ပူလောင်မှုကိုဖြေသိမ့်ရန် မင်းကွတ်သီး (၃-၄) လုံးခန့် စားသုံးကြရသည်။ ပူလောင်မှုကို ဖြေသိမ့်နိုင်သည့် အသီး၊ အသီးအားလုံးတို့၏ ဘုရင်ကို ဖြေဖျောက်ပေးသည့် အသီးဖြစ်သည့်အတွက် အပျိုစင်အသီးဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။

မင်းကွတ်သီး၏ဆေးဖက်ဝင်အာနိသင်နှင့် ပတ်သက်ပြီး အပိုင်းနှစ်ပိုင်း(အတွင်းအဖြူသား- White flesh နဲ့ အပြင်အခွံ- Pericarp)ခွဲခြား ပြောရပါမည်။ အတွင်းပိုင်းကို စားသုံးလေ့ရှိပြီး၊ အပြင်ပိုင်းအခွံသည် ထူထဲပြီး စားလို့မရပေမယ့် ရောဂါတွေကို ကာကွယ်ကုသရာမှာ အဓိကဆေးဖက်ဝင်ပါသည်။ ဥပမာ အရေပြားရောင်ရမ်းခြင်း၊ အဆစ်အမြစ် ရောင်ခြင်း၊ သွေးကြောရောင်ခြင်း တွေမှာ အကျိုးရှိကြောင်း၊ နှင်းခူလိုရောဂါမျိုးကို ပျောက်ကင်းစေကြောင်းနှင့် ကင်ဆာရောဂါကို ကာကွယ်တိုက်ဖျက်နိုင်သော အာနိသင်ရှိကြောင်း၊ ရိုးရာတိုင်းရင်းဆေးပညာတွေမှာ မင်းကွတ်သီးအခွံကို ကင်ဆာရောဂါလို့ ယူဆရတဲ့ အဖုအကျိတ်တွေ ကုသရာမှာ အသုံးပြုခဲ့ကြသည်။ မင်းကွတ်သီးအခွံကို အခြောက်လှန်းပြီး အရေပြားရောဂါ၊ ခြေဖနောင့်ကွဲရောဂါ၊ ထိခိုက်ဒဏ်ရာ၊ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါ၊ ဆီးလမ်းကြောင်း ပိုးဝင်ရောဂါ၊ စိတ်ရောဂါ၊ အာရုံကြောရောဂါ၊ ရောင်ရမ်းရောဂါနှင့် အဖုအကျိတ်တွေကို ကုသရာမှာ အသုံးပြုကြကြောင်း ဖတ်ရှုသိရှိရသည်။ (ဒေါက်တာခင်မောင်လွင် Fame ၏ ဆေးဖက်ဝင်မင်းကွတ်သီးတွင် အသေးစိတ် ဖတ်ရှု လေ့လာနိုင်သည်။) **ဝင်းမြတ် (ရာမည)**

# ဗီယက်နမ်မှ ငါးရှဉ့်မျိုးများ တင်သွင်း၍ သားပေါက်လုပ်ငန်း စမ်းသပ်မည်

ဗီယက်နမ်နိုင်ငံမှ ငါးရှဉ့်မျိုး အကောင်ရေ အစုံ ၂၀၀ တင်သွင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ငါးရှဉ့် သားပေါက်လုပ်ငန်းကို စမ်းသပ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်မှ သိရသည်။

"အခုလို ဗီယက်နမ်က တင်သွင်းဖို့အတွက်ကို ကျွန်မတို့အနေနဲ့ ဒီတစ်ပတ်ထဲမှာ စာချုပ် ချုပ်မယ်။ ပြီးရင် သားဖောက်ဖို့လုပ်မယ်။ မြေကလည်း ရပြီ။ မြေအသုံးချမှုကို research လုပ်တာကြာတယ်။ အခု လုပ်ခွင့်ရပြီဆိုတော့ ကြိုးကြိုးစားစားနဲ့ လုပ်သွားမှာပါ။ ငါးရှဉ့် အပြင် သားပေါက်တွေ ထွက်လာရင် စားတဲ့ အစာအရှင်ကိုလည်း ထုတ်ရမှာဖြစ်ပါတယ်"ဟု အဆိုပါ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က မေ ၁၅ ရက်တွင် ပြောသည်။

လက်ရှိ တင်သွင်းမည့် ငါးရှဉ့်မျိုး အကောင်ရေ အစုံ ၂၀၀ ကို မေလ သို့မဟုတ် ဇွန်လအတွင်း တင်သွင်းသွားမည်ဖြစ်ကာ ယခုကဲ့သို့ စမ်းသပ်ခြင်းမှ ရရှိသော ငါးရှဉ့်သားပေါက်များအတွက် လိုအပ်သော အစာအရှင်ကိုလည်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။ ယင်းသို့ ငါးရှဉ့်သားပေါက်များ သုတေသန စမ်းသပ် ဆောင်ရွက်ခြင်းကို ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနနှင့်လည်း ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ငါးလုပ်ငန်း ဦးစီးဌာနမှလည်း ပူးပေါင်း ဆောင်ရွက်သင့်သည်ဟု ဆိုသည်။

"ပြည်တွင်းမျိုးကို စမ်းသပ်နေတာလည်း မရပ်ပါဘူး။ အခု ပြည်တွင်းမျိုးလည်း ရှိနေတော့ သူ့ကိုလည်း ဆေးထိုးဖို့ လုပ်နေတယ်။ ဗီယက်နမ်က တင်သွင်းမယ့် အစုံ ၂၀၀ ကိုလည်း ၁၀၀ စီ ခွဲလိုက်မယ်။ အစုံတစ်ရာကို ဆေးတစ်မျိုးထိုးမယ်။ ဘယ်ဟာက သားပေါက်နှုန်းကောင်းလဲဆိုတာ သုတေသန လုပ်ပြီးတော့ ရလာတဲ့ သားပေါက်ကို ကိုယ့်ဟာကိုယ် ပြန်မွေးမယ်။ ပြန်ဖောက်လို့ရအောင်ပဲ လုပ်ဆောင်မယ်။ အဲဒါမှလည်း မွေးမြူရေးအတွက် များများစားစား ထုတ်လို့ရမှာပါ"ဟု ဒေါက်တာတိုးနန္ဒာတင်က ဆက်လက် ပြောကြားသည်။

၂၀၁၇ ခုနှစ်အတွင်းက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ဗီယက်နမ်နိုင်ငံသို့ သွားရောက်ကာ ငါးရှဉ့်သားဖောက်မှု နည်းပညာကို လေ့လာခဲ့ပြီးနောက် ပထမအကြိမ် ငါးရှဉ့်သားဖောက်ခြင်း လုပ်ငန်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် မေလအထိ ခုနစ်လအကြာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး မြေနေရာ၌ ငါးရှည့်အစုံ ၁၀၀ ကို စမ်းသပ်သားဖောက်ခဲ့ကြောင်း ၎င်းက ပြောသည်။ ယခုကဲ့သို့ ပထမအကြိမ် စမ်းသပ်သားဖောက်ခဲ့သော်လည်း ငါးရှဉ့်များ၏ မျိုးပွားအင်္ဂါများ ပျက်စီးနေခြင်းကြောင့် ငါးရှဉ့် နှစ်ကောင်သာ ပေါက်ဖွားခဲ့သည့်အတွက် အောင်မြင်မှုမရှိခဲ့ကြောင်း ၎င်းက ပြောသည်။ ငါးရှဉ့်တစ်ကောင်သည် အနည်းဆုံး ၃ ၂၀၀ မှ ၁၀၀၀ အကြား ဥနိုင်သဖြင့် ယခုသားဖောက်လုပ်ငန်း အောင်မြင်ပါက တစ်ပိုင်တစ်နိုင် ငါးမွေးမြူသူများ အလွယ်တကူ မွေးမြူနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ငါးရှဉ့်ကို တရုတ်နိုင်ငံသို့ အဓိက တင်ပို့နေခြင်းဖြစ်ပြီး ထိုင်းနိုင်ငံသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။ **ပန်းဆု**

# အော်ဂဲနစ်သီးနှံစိုက်ပျိုးရေး ဈေးကွက်ဖော်ဆောင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပင်းတယမြို့နယ်၌ ကျင်းပ

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ပေါစံသီး ကျေးရွာဘုန်းတော်ကြီးကျောင်းခန်းမတွင် အော်ဂဲနစ်သီးနှံစိုက်ပျိုးရေး အလေ့အကျင့်ကောင်းများရရှိနိုင်ရေးနှင့် ဈေးကွက်ဖန်တီးဖော်ဆောင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ Organic သီးနှံစိုက်ပျိုးရေး အလေ့အကျင့် ကောင်းများအား ဒေသခံများ ရရှိလာစေရန် Organic သီးနှံများ စိုက်ပျိုးထုတ်လုပ်၍ ဈေးကွက်ဈေးနှုန်း ပိုမိုရရှိလာစေရန်၊ ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် အရည်အသွေးပြည့်မီသော သီးနှံများ စိုက်ပျိုး ထုတ်လုပ်လာနိုင်စေရန်တို့အတွက် ဖြစ်ပါတယ်။

ဆွေးနွေးပွဲတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးချမ်းက အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်မောင်းက Organic သီးနှံစိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ ရရှိနိုင်ရေးနှင့် ဈေးကွက်ဖန်တီးဖော်ဆောင်ရေး အလုပ်ရုံ ဆွေးနွေးပွဲကျင်းပရခြင်း အကြောင်းရင်းကိုရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ သီးနှံမျိုးကောင်းမျိုးသန့် များကို သင့်တင့်သော ဈေးနှုန်းနှင့် ဖြန့်ဝေပေးရန်၊ အော်ဂဲနစ်သဘာဝမြေဩဇာများရရှိနိုင်ရန် မွေးမြူရေး လုပ်ငန်းများပါ တွဲဖက်ဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် သင့်တင့်သောအတိုးနှုန်းဖြင့် ချေးငွေများ ရရှိနိုင်ရေး ဆောင်ရွက်ပေးရန်၊ အော်ဂဲနစ်သီးနှံ စိုက်ပျိုးမှုနည်းပညာရပ်များ၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်၊ သယ်ပို့ချိန်အကူအညီပေးရန်၊ သီးနှံအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးရန်၊ သဘာဝမြေဩဇာ EM ဘိုကာရှိ လက်တွေ့ပြုလုပ်နည်း သင်ကြားပေးရန်၊ သစ်သီးသစ်ရွက်များဖြင့် အော်ဂဲနစ်ပိုးသတ်ဆေးပြုလုပ်နည်းများကို လက်တွေ့သရုပ်ပြမှုဆောင်ရွက်ပေးသွားရန်၊ လေကာပင်အဖြစ်နှစ်ရှည်ပင် (ထောပတ်) စိုက်ပျိုးရန်၊ ဈေးကွက်အလားအလာရှိသော သီးနှံများကို ဇုန်အလိုက်၊ နေရာအလိုက် တစ်မျိုးတည်း/ တစ်ပုံစံတည်း စိုက်ပျိုး သွားရန်၊ လယ်ယာမြေများ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် သီးနှံပေါ်ပေးဖြင့်၊ စက်ယန္တရားများ ဖြည့်ဆည်း ဆောင်ရွက်ပေးရန်တို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အင်အား ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **စောမောင်(တောင်ကြီး)**

# China-Myanmar (Yangon) Trade Fair 2019 ကုန်စည်ပြပွဲ သုံးရက်တာပြုလုပ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ အတွင်းရေးမှူးရုံးတို့ ပူးပေါင်း၍ ဒုတိယအကြိမ် "China-Myanmar (Yangon) Trade Fair 2019" ကုန်စည်ပြပွဲကို မေ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မင်းနန္ဒာလမ်းရှိ Myanmar Expo Hall (Fortune Plaza) ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။




မြန်မာနိုင်ငံ၏ ကုန်စည်ပြပွဲဈေးကွက်ကို ဦးဆောင်နိုင်ရန်၊ နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ မြှင့်တင်နိုင်ရန်၊ အရည်အသွေးကောင်းမွန်သည့် တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းနှင့် စက်ပစ္စည်းများ မြန်မာဈေးကွက်သို့ မိတ်ဆက်နိုင်ရန်နှင့် ဈေးနှုန်းချိုသာ၍ အရည်အသွေး အာမခံချက်ရှိသည့် တရုတ်နိုင်ငံထုတ် စက်ပစ္စည်းများ အသုံးပြုခြင်းဖြင့် မြန်မာနိုင်ငံ၏ လယ်ယာလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် ယခုပြပွဲကိုစီစဉ်ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၁၈ ခုနှစ် မေလမှာ ပထမအကြိမ် တရုတ်-မြန်မာကုန်စည်ပြပွဲကို ပြုလုပ်ခဲ့ပါတယ်။ ပုံမှန်အားဖြင့်တော့ တစ်နှစ်ကိုတစ်ကြိမ် အာဆီယံနိုင်ငံတွေမှာ လှည့်လည်ပြီး တရုတ်ကုန်စည်ပြပွဲတွေကို ပြုလုပ်ပေမယ့် ၂၀၁၈ ခုနှစ် အတွေ့အကြုံအရ မြန်မာနိုင်ငံမှာ စီးပွားရေးအလားအလာနဲ့ ပတ်သက်ပြီးတော့ရော၊ အရောင်းအဝယ်နဲ့ပတ်သက်ပြီးတော့ အောင်မြင်မှုတွေရှိတယ်။ သူတို့ရဲ့ ကုန်သည်တွေကလည်း မြန်မာနိုင်ငံက စိတ်ဝင်စားတဲ့ ကုန်စည်တွေနဲ့လည်း အများကြီး မိတ်ဆက်ခွင့်ရတဲ့အတွက် တရုတ်လုပ်ငန်းရှင်တွေက မြန်မာနိုင်ငံမှာ ပြပွဲဆက်လုပ်ဖို့ တရုတ်-အာဆီယံ ကုန်စည်ပြပွဲ အတွင်းရေးမှူးရုံးကို မေတ္တာရပ်ခံတယ်။ ဒီနှစ်လည်း မြန်မာနိုင်ငံမှာပဲ ဆက်လုပ်ချင်တယ်လို့ ကျွန်မတို့ကို အဆိုပြုတဲ့အတွက်ကြောင့် ဒီနှစ် မေလမှာ တရုတ်-မြန်မာ ကုန်စည်ပြပွဲကို ကျင်းပ ပြုလုပ်တာဖြစ်ပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် နော်မူတာကပေါက ပြောကြားသည်။

"China-Myanmar (Yangon) Trade Fair 2019" ကုန်စည်ပြပွဲတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအတွက် B2B Business Matching ကိုလည်းကောင်း၊ တရုတ်ကုန်သည်လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေးအတွက် မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်တွင်းတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသည့် တရုတ်လုပ်ငန်းရှင်များက ရှင်းလင်းပြောကြားမည့် ဆွေးနွေးပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဟု သိရသည်။

ထို့ပြင် တရုတ်နိုင်ငံထုတ် မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်ထုတ်လုပ်ရေးနှင့် ထုပ်ပိုးခြင်း စက်ကိရိယာများ၊ အထွေထွေသုံး စက်ကိရိယာများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ နေ့စဉ်သုံး လူသုံးကုန်ပစ္စည်းများနှင့် အစားအသောက်များသာမက မြန်မာနိုင်ငံထွက် စားသောက်ကုန်၊ လယ်ယာထွက်ကုန်၊ လက်မှုပစ္စည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ထွက်ရှိသော ကုန်ပစ္စည်းများကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲနှင့်ပတ်သတ်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ မြန်မာကုန်သွယ်မှု ဗဟိုဌာန (ရန်ကုန်) ဖုန်း- ၀၁ ၂၅၄၀၂၄၊ Email: itpic.moc@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# ထန်းတပင် စက်မှုဇုန်စီမံကိန်းအပါအဝင် စီမံကိန်း ၁၉ ခု လက်မှတ်ရေးထိုး

Yangon Investment Forum 2019 ဖွင့်ပွဲနေ့တွင် ထန်းတပင်စက်မှုဇုန် စီမံကိန်းအပါအဝင် ပြည်တွင်းနှင့် ပြည်ပမှ ပုဂ္ဂလိကကုမ္ပဏီများအချင်းချင်း ချုပ်ဆိုသော စီမံကိန်း ၁၉ ခုတို့ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်မှတ်ရေးထိုးခြင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် Gold Myanmar Investment Co.,Ltd & Weldtex International Co.,Ltd and Yangon Well Development Co.,Ltd တို့အကြား ချုပ်ဆို သော Yangon HtanDaPin Technology Park သည် အမေရိကန်ဒေါ်လာသန်း ၅၀၀ ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပြီး ဒေါ်လာသန်း ၃၀၀ မှာ အခြေခံအဆောက်အအုံ တည်ဆောက်ရာတွင် ထည့်သွင်းအသုံးပြုထားခြင်းဖြစ်ကြောင်း သိရသည်။

"မနှစ်ကကျင်းပခဲ့တဲ့ ဖိုရမ်အပြီးမှာ မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံသူတွေ တိုးပွားလာတာ တွေ့ရပါတယ်။ ရင်းနှီးမြှုပ်နှံသူတိုင်းက ရန်ကုန်မှာ ရင်းနှီးမြှုပ်နှံရတာ လွယ်ကူတယ်။ အဆင်ပြေတယ်။ ရန်ကုန်မြို့ရဲ့ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းတွေကို အသုံးပြုပြီး ပြည်တွင်းမှာ ဖွံ့ဖြိုးတိုးတက်စေသလို လာရောက်ရင်းနှီးမြှုပ်နှံတဲ့သူတွေကိုလည်း အခွင့်အလမ်းတွေ ရှိတယ်ဆိုတာမျိုး သိစေချင်တယ်၊ ဖြစ်စေချင်တယ်။ ဒီလက်မှတ်ရေးထိုးနိုင်မှုက မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူဖြစ်ပါတယ်။ မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံတကာရဲ့ စိတ်ဝင်စားမှုကိုလည်း ပြသရာ ရောက်ပါတယ်" ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

အဆိုပါ စီမံကိန်းကို မြေဧရိယာ ၇၄၀ ဟက်တာကျော်သည့် မြေပေါ်တွင် ပြုလုပ်မည်ဖြစ်ပြီး ဟောင်ကောင်၊ ထိုင်ဝမ်၊ တရုတ်ပြည်မကြီးမှ ကုမ္ပဏီများပါဝင်သလို မြန်မာနိုင်ငံမှ ကုမ္ပဏီများ ပူးပေါင်းရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းထဲတွင် အထည်ချုပ်၊ ဖိနပ်၊ နည်းပညာဆိုင်ရာလုပ်ငန်းများ အဓိက ပါဝင်မည်ဖြစ်ပြီး အိမ်ရာများ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# နိုင်ငံတကာ အစားအသောက်နှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ ကုန်သွယ်မှုပြပွဲ ရန်ကုန်မြို့တွင် ပြုလုပ်မည်

ဆဋ္ဌမအကြိမ် နိုင်ငံတကာ အစားအသောက်နှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ ကုန်သွယ်မှုပြပွဲ ၂၀၁၉ (Food & Hotel Myanmar 2019) ကို ဇွန် ၅ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့၊ သာကေတမြို့နယ်ရှိ Myanmar Expo ခန်းမတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲတွင် ကော်ဖီနှင့် လက်ဖက်ရည်၊ ဝိုင်နှင့် အဖျော်ယမကာ၊ ဧည့်ခံကြိုဆိုမှုနှင့် လက်လီရောင်းချခြင်း၊ အစားအသောက်နှင့် အဖျော်ယမကာထုတ်ကုန်တို့တွင် ပါဝင်ပစ္စည်းများအတွက် စက်ပစ္စည်းကိရိယာများ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုသစ်များကို ရှာဖွေနိုင်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းသစ်များကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကမ္ဘာလှည့်ခရီးသွားတွေရဲ့ တိုးတက်လာနေတဲ့ ဝယ်လိုအားကို ပြည့်မီအောင်ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် အစားအစာနဲ့ ဧည့်ခံကြိုဆိုမှုဆိုင်ရာလုပ်ငန်းတွေဟာ အလွန်ကြီးမားတဲ့ ဖွံ့ဖြိုးတိုးတက်မှု အလားအလာတွေ ရှိနေပါတယ်။ အခုပြုလုပ်မယ့်ပြပွဲကြီးမှာ ပြသမယ့် နောက်ဆုံးပေါ် ထုတ်ကုန်နဲ့ နည်းပညာတွေဟာ နိုင်ငံတကာအဆင့်အတန်းနဲ့အညီ လုပ်ဆောင်နိုင်စေဖို့ အကျိုးကျေးဇူးကို ရရှိမှာဖြစ်ပါတယ်"ဟု ယခုပြပွဲကို စီစဉ်သည့် UBM Asia (Myanmar) ၏ Event Director ဒေါ်ငြိမ်းငြိမ်းအေးက ပြောသည်။

ထို့ပြင် နိုင်ငံတကာအစားအသောက်နှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ ကုန်သွယ်မှုပြပွဲ ၂၀၁၉ နှင့်အတူ ဆဋ္ဌမအကြိမ် မြန်မာဟင်းချက်ပြိုင်ပွဲ ၂၀၁၉၊ FoSTAM Seminar နှင့် Quiz Bowl, Sithar Coffee မှ တင်ဆက်သည့် SCA Coffee Module, Innovation Designs for Hotel using 4DNA Theory Application မိတ်ဆက်ခြင်း၊ The 1st Myanmar National Latte Championship ပြိုင်ပွဲများကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၀ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သော နိုင်ငံတစ်ခုဖြစ်လာခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် သုံးသန်းကျော် လာရောက် လည်ပတ်ခဲ့သည်။ **သန်းထိုက်အောင်**

# မေလဆန်းအထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ခွင့်ပြု

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အောက်တိုဘာ ၁ ရက်မှ စတင်ကာ ၂၀၁၉ ခုနှစ် မေလ ၁၁ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ရှိခဲ့ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၅၅ ခုကို ခွင့်ပြုအတည်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၄၃၄ ဒသမ ၅၆၃ သန်းဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်ဥပဒေအရ ယခုဘဏ္ဍာနှစ်အတွင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၄ ဒသမ ၀၇၀ သန်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခု ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၅၆၈ ဒသမ ၆၃၃ သန်းကို ခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

ထို့ပြင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်လည်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉၁ ခုကို ခွင့်ပြုအတည်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ် ၉၀၆ ဘီလီယံကျော်ကိုခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## စာမျက်နှာ (၈) ကုန်ပစ္စည်းအတုပြဿနာကြောင့် . . . မှအဆက်

ဘေးဥပဒ်အန္တရာယ်ဖြစ်မှာ မပူပင်ကြ။ မူရင်းထုတ်လုပ်၊ တင်ပို့၊ တင်သွင်း၊ ရောင်းချသူများမှမူ နစ်နာလှသည်။ ငွေကြေး အရင်းအနှီး၊ နာမည်ဂုဏ်သတင်းများ ဆုံးရှုံးရသည်။ သူများမိုးခါးရေ သောက်နေတာ ကိုယ်ပါသောက်မယ်ဖြစ်လာပါက ဈေးကွက်တစ်ခုလုံးအတုဖြစ်လာမှာ စိုးရိမ်ရပါသည်။ သစ်ကုလားအုတ်ပုံပြင်ထဲကလို မိုးရွာနေ၍ တဲလေးထဲကို ခေါင်းကလေးဝင်ပါရစေမှ တဖြည်းဖြည်း တစ်ကိုယ်လုံးဝင်လာသောအခါတဲလည်းပျက်တဲ ပိုင်ရှင်လည်းမိုးမိခဲ့သလို ဈေးကွက်ထဲသို့ အတုများတဖြည်းဖြည်း ဝင်ရောက်လာပြီး မူရင်းထုတ်လုပ်သော စစ်မှန်သည့် ကုန်ပစ္စည်းများ ကွယ်ပျောက်သွားမှာ စိုးရိမ်ရသည်။ စစ်မှန်သည့် ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များ နာလန်မထူနိုင်မှာ ပူရသဖြင့်အချိန်မီကာကွယ်ပေးရန် လိုအပ်ပါသည်။

ကုန်အမှတ်တံဆိပ် ဆင်တူယိုးမှား သုံးစွဲခြင်းဆိုရာတွင် မသမာစိတ်၊ မရိုးမဖြောင့်သော စိတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူတစ်ပါး၏ ကောင်းသောဂုဏ်သတင်းဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်း၏ လုပ်ငန်းအမည်၊ ရုပ်ပုံ၊ စာလုံး၊ အမှတ်အသား၊ ကိန်းဂဏန်း စသည့် အမှတ်တံဆိပ်များကို မသိမသာဖြစ်စေ၊ ဆင်တူ ယိုမှားဖြစ်စေ၊ မူရင်းကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ တရားဝင်ခွင့်ပြုချက်မရဘဲ သုံးစွဲ၍ ကုန်ပစ္စည်းများထုတ်လုပ်ဖြန့်ချိရောင်းချခြင်းဖြစ်သည်။

ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားသုံးစွဲပါက ရာဇဝတ်ဥပဒေအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ နှစ်မျိုးလုံးဖြစ်စေ တရားစွဲဆိုနိုင်ပါသည်။ သို့သော် အမျိုးအစားတူသော ကုန်စည်၊ ဝန်ဆောင်မှုများတွင်သာဆောင်ရွက်နိုင်သည်ကို သတိပြုသင့်သည်။ မော်မော်စန်းမန္တလေးထိုးမုန့်နှင့် မော်မော်စန်းတည်းခိုရိပ်သာသည် အမည်တူသော်လည်း လုပ်ငန်းအမျိုးအစားမတူပေ။ စာလုံးပုံစံ၊ ရုပ်ပုံများလည်း မတူညီ၍ တရားစွဲဆိုခွင့်မရှိပေ။ သို့ရာတွင် စာလုံးပုံစံ၊ ရုပ်ပုံများလည်း တူညီနေပါကမူ တားဝရမ်းထုတ်နိုင်သည်။ နစ်နာမှုများအတွက် တရားစွဲဆိုနိုင်သည်ကို သတိပြုသင့်ပါသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်အမှတ်တံဆိပ်ကို ကြိုတင်၍မှတ်ပုံတင်ရန် လိုအပ်ပါသည်။ သို့မှသာ မိမိ၏ ကုန်အမှတ်တံဆိပ်ကို ကွဲပြားစွာ သီးသန့်သုံးစွဲနိုင်မည်ဖြစ်သည်။ အခြားသူများ မိမိကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှား သုံးစွဲပါကလည်း ဥပဒေအရ တားဝရမ်းထုတ်ပိုင်ခွင့်ကို ရရှိနိုင်မည်ဖြစ်ပြီး၊ နစ်နာမှုများအတွက်လည်း ဥပဒေ၏အကာအကွယ်ကို ရရှိနိုင်မည်ဖြစ်သည်။

ကုန်အမှတ်တံဆိပ်ကို ယှဉ်ပြိုင်သုံးစွဲမှုနှင့်ပတ်သက်၍ မိသားစုပိုင်လုပ်ငန်းများဖြစ်သည့် မိဘ၊ ဘိုးဘွားလက်ထက်က နာမည်ကြီးစားသောက်ကုန်၊ တိုင်းရင်းဆေး၊ ဆေးပေါ့လိပ် စသည့်လုပ်ငန်းများကို မိသားစုဝင်များက သီးခြားစီလုပ်ကိုင်ကြရာ၌ တုပခြင်း မဟုတ်သော်လည်း၊ ကုန်အမှတ်တံဆိပ်ကို မည်သူသုံးစွဲသင့်ကြောင်း အငြင်းပွားရာမှ ညှိနှိုင်း၍ မူလအရည်အသွေးအတိုင်း ယှဉ်ပြိုင်သုံးစွဲကြခြင်းပင်ဖြစ်သည်။ အထူးသတိထားသင့်သည်မှာ ကုန်အမှတ်တံဆိပ်သည် ပစ္စည်းဥစ္စာများကဲ့သို့ တစ်ဦးမှတစ်ဦးသို့ လွှဲပြောင်းပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့်ရှိသော တန်ဖိုးရှိပစ္စည်းတစ်ခုဖြစ်ပါသည်။

အတုပြုလုပ်ရောင်းချသူများသည် နာမည်ကြီးကုန်အမှတ်တံဆိပ်များကိုသာ ပစ်မှတ်ထားကြသည်။ တန်ဖိုးကြီးမားသော ကုန်ပစ္စည်းများကိုသာ တုပဆောင်ရွက်ကြသည်။ သို့မှသာ ဈေးကွက်ရှာဖွေစရာမလိုဘဲ အဆင်သင့်တုပရောင်းချကာ အကျိုးအမြတ်ကြီးမားစွာ ရရှိကြသည်။ ငွေစက္ကူအတုများ၊ လူသုံး၊ အိမ်သုံးပစ္စည်းအတုများ၊ ဆင်တူယိုးမှားအတုများ လှိုင်လှိုင်ပေါ်များနေကြခြင်းဖြစ်သည်။ ထိုသို့အတုဈေးကွက်ကြီး သက်တမ်းရှည်ကြာစွာ ရပ်တည်နေ နိုင်ခြင်းသည် ဈေးနှုန်းချိုသာခြင်း၊ နည်းပညာအဆင့်မြင့်မားလာခြင်း၊ စားသုံးသူများ၏ ဗဟုသုတအားနည်းခြင်း၊ တစ်ဦးချင်းဝင်ငွေ နည်းပါးခြင်း စသည့် အကြောင်းများကြောင့်လည်း ပါဝင်ပါသည်။

လူသုံးအိမ်သုံးပစ္စည်းများနှင့်ပတ်သက်၍ အတုလား၊ အစစ်လား ခွဲခြားရန် လွန်စွာခက်ခဲလာသည်။ နည်းပညာများဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် အတုများသည် အစစ်လောက်နီးနီး ပြင်ပလက္ခဏာများတွင် အစစအရာရာတူညီလာခဲ့သည်။ လက်ရှိတွင် ကုန်ပစ္စည်းအတုဖြစ်ကြောင်း ထောက်ခံချက်ကို အစိုးရ၏ တရားဝင်အဖွဲ့အစည်းဖြစ်သည့် မှုခင်းတပ်ဖွဲ့(CID)ထံမှလည်းကောင်း၊ တရားဝင်ဖွဲ့စည်းထားသည့် ကုန်ပစ္စည်းစစ်ဆေးရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကျွမ်းကျင်သူများ၊ ဓာတုဝန်ရုံးများ စသည်တို့မှ ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်မှ ဟန်ချက်ညီသော ဘက်စုံဖွံ့ဖြိုးရေးအတွက် စေတနာထားကာ ဆောင်ရွက်နေချိန်တွင် အဟန့်အတားဖြစ်လျက်ရှိသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေး၍ လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိရန် လမ်းဖွင့်ပေးထားသည်ကို စေတနာဖြင့်သာ ရိုးသားကြိုးစားမှုဖြင့် အောင်မြင်မှု၊ တိုးတက်မှုများဖြင့် သက်သေပြသင့်သည်။ မရိုးမဖြောင့်သော၊ ဘယ်သူသေသေ ငတေမာလျှင်ပြီးရော၊ အကျိုးအမြတ်များများ ရရှိရေးသာ ဦးတည်သော၊ စီးပွားရေးကျင့်ဝတ်နှင့်မညီသော စားသုံးသူများကို စာနာမှုကင်းသော၊ စားသုံးသူများကို ဘေးဥပဒ်အန္တရာယ်ဖြစ်စေသောလူသုံး၊ အိမ်သုံးပစ္စည်းများကို အတုပြုလုပ်၍ ရောင်းချခြင်းများဖြင့် သက်သေမပြကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ၅၄ သန်းကျော်သော စားသုံးသူပြည်သူများကို စေတနာထားသောအားဖြင့် ဘေးဥပဒ်အန္တရာယ်ရှိသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော မူရင်းပစ္စည်းများကိုသာ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရောင်းချကြပါရန်၊ စားသုံးသူပြည်သူများကိုအန္တရာယ်ဖြစ်စေမည့် ကုန်ပစ္စည်းအတုများ ထုတ်လုပ်ရောင်းချခြင်း၊ ကုန်အမှတ်တံဆိပ်အတုများ ပြုလုပ်ရောင်းချခြင်း၊ ဆင်တူယိုးမှားသုံးစွဲခြင်း၊ ကုန်အမှတ်တံဆိပ်များ ယှဉ်ပြိုင်ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန်၊ စားသုံးသူများ ကိုယ်၊ စိတ်၊ နှလုံး အေးချမ်းစွာဖြင့် ယုံကြည်စိတ်ချစွာဖြင့် သုံးစွဲနိုင်သည့် စစ်မှန်၍ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကိုက်ညီသော ပစ္စည်းအစစ်များကိုသာ တင်သွင်းတင်ပို့ ဖြန့်ဖြူးရောင်းချကြပါရန်၊ ကုန်ပစ္စည်းအတုပြဿနာများကြောင့် နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြပါရန် စေတနာထား တိုက်တွန်းအပ်ပါသည်။

## စာမျက်နှာ (၂၀) သီးနှံများဓာတုဓာတ်ကြွင်းကင်းစေရာ . . . မှအဆက်

စပါးရွက်လိပ် အိမ်ပိုးသည် ရေရှိမှသာ အသက်ရှင်နိုင်သဖြင့် ရေကို တစ်ပတ်ခန့်ပြောင်စင်အောင် ထုတ်ပေးပါက အလိုလိုသေကြေပျက်စီးခြင်းဘဝ ရောက်စေပါသည်။ ရေကြောက်သော ဖြုတ်ပိုးများကို ကန်သင်းလုံအောင် ရေလှောင်ပြီး စပါးပင်များကို ခါချပါက ဖြုတ်ပိုးများရေထဲသို့ ပြုတ်ကျသေဆုံးစေပါသည်။ ၎င်းနောက် ရေကိုထုတ်ပစ်လိုက်ပါက ဖြုတ်ပိုး အသေရော အရှင်ပါရေစီးဖြင့် ပါသွားစေပါသည်။

ပိုးမွှားရောဂါများသည် သီးနှံပင်များ ရိတ်သိမ်းပြီးပါက သီးနှံ ပင်အကြွင်းအကျန်နှင့် ပေါင်းပင်များ၊ ကန်သင်းပေါ်ရှိ ခြုံနွယ် မြက်ပေါင်းပင်များပေါ်သို့ ကူးပြောင်းခိုအောင်းကြပါသည်။ သီးနှံများ စိုက်ပျိုးချိန်မှာ ပြန်လည်ရောက်ရှိလာကြပါသည်။ ဥပမာ-ငမြောင်တောင်ပိုး၊ ပျပိုး၊ ရွက်စားပိုး၊ ရွက်လိပ်ရွက်ကပ်ပိုး၊ သီးလုံး ဖောက်ပိုး၊ ဆစ်ပိုး၊ ဖြုတ်ပိုး၊ ပိုးယောင်မီး၊ ဖိုးလမင်းကျိုင်းကောင်များ စသည်ဖြစ်ပါသည်။ ကန်သင်းပေါ်ရှိ ခြုံနွယ်၊ မြက်များ သုတ်သင် ရှင်းလင်းခြင်း၊ မီးရှို့ခြင်းသည် ပိုးမွှားရောဂါတို့၏ ဘဝစက်ဝန်းပြတ်တောက်ရန် လွယ်ကူရိုးရှင်းသော စနစ်တစ်ခုဖြစ်ပါသည်။

ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရန် ဓာတုဆေးများသုံးစွဲခြင်းအစား အဆိပ်သင့်မှုအန္တရာယ်မှ ကင်းဝေးနိုင်သည့် ဇီဝပိုးသတ်ဆေးများကိုသာ အသုံးပြုရန်ဖြစ်ပါသည်။ တမာပိုးသတ်ဆေးသည် ပိုးမွှား အတော်များများကို ထိထိရောက်ရောက် နှိမ်နင်းနိုင်ပါသည်။ မြန်မာ့ဆေးရွက်ကြီးအမှုန့်ဖြင့် စိမ်ထားသော ဇီဝဆေးရည်သည်ပိုးမွှားများ လာရောက်မှုကို ဟန့်တားစေသည့်အပြင် ကိုက်စားပိုး၊ စုတ်စားပိုးများကို သေကြေပျက်စီးစေနိုင်ပါသည်။ ကြက်သွန်ဖြူနှင့် စိမ်ထားသော ဇီဝပိုးသတ်ဆေးရည်သည် လွယ်ကူရိုးရှင်းပြီး ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်မျိုးစုံတို့တွင် ကျရောက်သော ပိုးမွှားအများစုကို ကောင်းစွာကာကွယ်နှိမ်နင်းနိုင်ပါသည်။ ဇီဝပိုးသတ်ဆေးများကို အသုံးပြုခြင်းဖြင့် သီးနှံများ ဓာတုဓာတ်ကြွင်း ကျန်ရှိမှုမှ ကင်းဝေးစေပြီး အဆိပ်သင့်ခံရမှုမှ လွတ်မြောက်ကြမည် ဖြစ်ပါသည်။

သီးနှံဖျက်ပိုးမွှားရောဂါများကို တန်ပြန်ဖျက်ဆီးစားသောက်သော မိတ်ဆွေပိုးမွှားများကို ရှင်သန်ခွင့်ရအောင် ဖန်တီးပေးရန် လိုအပ်ပါသည်။ အထက်မြန်မာပြည်ဒေသတွင် ပိုးမွှားလောက်ကောင်နှင့် ခူများကိုစားသော နကျယ်များကို ပြည်ပမှ တင်သွင်း မွေးမြူ၍ ကုလားပဲခင်း၊ မြေပဲခင်းများတွင် လွှတ်ပေးရာ ပိုးမွှား ကျရောက်မှု သိသိသာသာ လျော့ကျသွားသည်ကို တွေ့ရသည်။ သီးနှံဖျက်ပိုးမွှားများ၏ လောက်ကောင်နှင့် ဥအရေအတွက်၏ ၈၀-၉၀ ရာခိုင်နှုန်းထိ မိတ်ဆွေသားရဲကောင်ပိုးများက သုတ်သင် စားသောက်ပစ်နိုင်ပါသည်။ ဝံပုလွေပင့်ကူတစ်ကောင်သည် တစ်နေ့လျှင်ဖြုတ်ညို(၅-၁၅)ကောင်ထိ စားသောက်နိုင်သည်။ ဂီတာကျိုင်းတစ်ကောင်သည်တစ်နေ့လျှင် စပါးရွက်စားလောက်ကောင် (၃-၅) ကောင်ထိ စားပစ်နိုင်သည်။ ညထွက်နှံကောင် တစ်ကောင်သည် ဆစ်ပိုးဥအစု (၃-၄)စု စားနိုင်သည်။ ရေနေတတ် ပိုးတစ်ကောင်သည် တစ်နေ့လျှင် ဖြုတ်ငယ် (၄-၇)ကောင် စားနိုင်သည်။ ရေနေသမင် တစ်ကောင်သည် တစ်နေ့လျှင် ရေနေပိုးမွှား (၅-၁၀)ကောင်ထိ ဖမ်းယူစားသောက်နိုင်သည်။ နဖာချေးထိုး ပိုးကောင်တစ်ကောင်သည် တစ်နေ့လျှင် စပါးဆစ်ပိုး လောက်ကောင် ၂၀ ထိ စားပစ်နိုင်သည်။

စပါး၊ ဂျုံ၊ ပြောင်း၊ မြေပဲ၊ ပဲမျိုးစုံ၊ နေကြာ၊ နှမ်း၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများတွင် ကျရောက်ဖျက်ဆီးသော ပျ၊ ဖြုတ်၊ ဆစ်ပိုး၊ ရွက်လိပ်ရွက်ကပ်ပိုး၊ ဖြတ်ပိုး၊ နှံစုတ်ပိုး၊ ငမြောင်တောင်၊ သီးလုံးဖောက်ပိုး၊ ရွက်စားပိုး၊ ရွက်စုံစားခူဝါ၊ ပွင့် ထွေးပိုး၊ အသီးစားပိုး၊ ပင်စည်ထိုးယင်၊ ယင်ဖြူ သစ်သီးပင်များကို၎င်းတို့အား တန်ပြန်စားသောက်ကြသော မိတ်ဆွေပိုးနကျယ်၊ လိပ်ခုံးကျိုင်း၊ ပုရစ်၊ နှံကောင်၊ ရေနေဘတ်ပိုး၊ ပုစဉ်း၊ နဖာချေးထိုးပိုး၊ ဝံပုလွေပင့်ကူနှင့် ယင်များက သဘာဝအလျောက် သုတ်သင်ပေးကြသည်။

အိန္ဒိယနိုင်ငံတွင် ကုလားပဲခင်း၊ မြေပဲခင်းများတွင် ငမြောင်တောင်ပိုးကျရောက်ရာ စိုက်ခင်းအတွင်း ပိုးမွှားစားငှက်များနားရန် သစ်ကိုင်းတန်းလျားများ ထောင်ပေးခြင်းဖြင့် ပိုးမွှားကျရောက်မှု သိသိ သာသာလျော့နည်းသွားသည်ဟုဆိုပါသည်။ ကုလားပဲတွင် ဖျက်စီးမှု ၁၅ရာခိုင်နှုန်း၊ မြေပဲခင်းတွင် ပျက်စီးမှု၏(၁၀)ရာခိုင်နှုန်းထိ လျော့ကျသွားသည်ဟု ဆိုပါသည်။ ဩစတေးလျနိုင်ငံတွင် စပါးစိုက်ခင်းဧက (၅၀)တွင် ကြွက်စားသော လင်ကောင်ပိုးငှက် အထီးအမနှစ်ကောင်အား အိမ်ပြုလုပ်ပေးထားသဖြင့် ကြွက်ရန် အန္တရာယ်မှ လုံးဝကင်းလွတ်သည်ဟု ဆိုပါသည်။ စပါးစိုက်ခင်း တစ်ဧကတွင် ဘဲငယ် ၂၀ ကောင် လွှတ်ပေးခြင်းဖြင့် ရေနေပိုးများ သုတ်သင်ပြီးဖြစ်ပါသည်။ လယ်သမားကြီးများ၏ မိတ်ဆွေပိုးများ၊ ငှက်များရှင်သန်အောင် ဖန်တီးပေးထားခြင်းဖြင့် ပိုးသတ်ဆေးသုံးစွဲ ရန်မလိုဘဲ ပိုးမွှားဖျက်ဆီးမှုအန္တရာယ်မှ ကင်းလွတ်စေပါသည်။ ဓာတုဓာတ်ကြွင်းကင်းစေပါသည်။

သီးနှံဖျက်ပိုးများကို အလွယ်ကူဆုံး ကာကွယ်နှိမ်နင်းနည်း မှာ မီးရောင်ထောင်ချောက်ထွန်းညှိခြင်းဖြစ်ပါသည်။ 'ပိုးဖလံမျိုး မီးကိုတိုး' ဆိုသကဲ့သို့ ပိုးမွှားများသည် ညအချိန်မီးရောင် အလွန် နှစ်ခြိုက်ကြပါသည်။ မီးရောင်ထောင်ခြောက် ထွန်းခြင်းသည် (၁) အင်းဆက်ပိုးမွှားအမျိုးအစားနှင့် အရေအတွက် သိရှိခြင်း (၂) ဓာတု ဆေးဖျန်းကာကွယ်ရန် လို/မလိုကို ဆုံးဖြတ်နိုင်ခြင်း (၃) မီးရောင် ထောင်ခြောက်မိပြီး သေဆုံးသွားသည့် ပိုးမွှားဦးရေများ ဓာတုဆေးမသုံးရဘဲ လျော့နည်းသွားစေခြင်းစသည့် ရည်ရွယ်ချက်များကြောင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ သီးနှံဧက ၅၀ တွင် မီးတိုင်တစ်တိုင် ထွန်းညှိလျှင် လုံလောက်ပါသည်။

စပါးဆစ်ပိုးဖလံတစ်ကောင်ဟာ ဥ(၁၀၀-၃၀၀)ထိဥနိုင်၊ နှံဖြတ်ပိုးဖလံအမတစ်ကောင်ဟာ ဥပေါင်း(၂၀၀-၃၀၀)ထိ ဥနိုင်၊ ငမြောင် တောင်ပိုးဖလံ အမတစ်ကောင်ဟာ ဥပေါင်း (၁၀၀၀-၂၀၀၀) ထိဥနိုင်၊ ရွက်စုံစားခူဝါရဲ့ ဖလံအမတစ်ကောင်ဟာ ဥပေါင်း(၁၀၀၀)ထိဥနိုင်၊ နှမ်း၊ မြေပဲ၊ ရွက်လိပ်ရွက်ကပ်ပိုးဖလံအမတစ်ကောင်ဟာ ဥပေါင်း (၂၀၀-၃၀၀)ထိ ဥနိုင်၊ နေကြာရွက်စုံစား ခူဝါဖလံအမတစ်ကောင်ဟာ ဥပေါင်း(၁၀၀၀-၁၂၀၀)ထိ ဥနိုင်၊ ပဲမျိုးစုံရွက်စား ဖလံအမတစ်ကောင်ဟာ ဥပေါင်း (၂၀၀-၃၀၀)ထိဥနိုင်သည့်အတွက် မီးရောင်ထောင်ခြောက်မှာ ဖလံအမတစ်ကောင် ဖမ်းမိလျှင် သီးနှံစုံဖျက်ဆီးမည့် ပိုးပေါက်ကောင်ပေါင်း (၁၀၀၀)ခန့် အလိုလိုသုတ်သင်ပြီး ဖြစ်စေပါသည်။ မီးရောင်ထောင်ခြောက်မှာ ဖလံအထီး၊ အမများ ရာနဲ့ချီပြီး ဖမ်းမိလေ့ရှိပါသည်။ မီးရောင်ထောင်ခြောက်ထွန်းခြင်းဖြင့် ဓာတုပိုးသတ်ဆေးအသုံးပြုရန်မလိုဘဲ သီးနှံဖျက်ပိုးမွှားများကို သုတ်သင်ပြီးဖြစ်စေပါသည်။ ဓာတုဓာတ်ကြွင်းကင်းဝေးစေမှာ ဖြစ်ပါသည်။

သို့အတွက် တောင်သူလယ်သမားကြီးများ အနေနဲ့ မိမိသီးနှံစိုက်ခင်းများ ဖျက်ဆီးသည့် ပိုးမွှားရောဂါများကို ဓာတုဆေးများအသုံးမပြုရဘဲ ဘက်စုံပိုးမွှားရောဂါကာကွယ်နည်းကို အသုံးပြုခြင်းဖြင့် သီးနှံများ ဓာတုဓာတ်ကြွင်းကင်းဝေးကြစေရန် တိုက်တွန်းလိုက်ရပါသည်။

## စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် တောင်ငူမြို့ ချမ်းသာသုခကုမ္ပဏီသို့ သွားရောက်လေ့လာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းသည်ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဦးဌေးအောင်နှင့်အတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂) ရပ်ကွက်ရှိ ချမ်းသာသုခကုမ္ပဏီ (Well Being Co.Ltd.) သို့ မေ ၇ ရက်က သွားရောက်ပြီး ကုမ္ပဏီတာဝန်ခံ ဦးထွန်းသူနှင့် တွေ့ဆုံ၍ ကုမ္ပဏီမှ ထုတ်လုပ်သော ပဲလွန်းဖြူအခွံချွတ်ပဲခြမ်း၊ ပဲလွန်းဖြူအဆင့်မြင့်ပဲမှုန့်၊ ကော်ဖီစေ့၊ သီဟိုဠ်စေ့၊ ဝက်သစ်ချသီး၊ ကြက်ဟင်းခါးသီးခြောက်၊ ရဲယိုသီးခြောက်၊ ရွှေဖရုံသီးခြောက်၊ ဂျုံမြစ်ခြောက်၊ ကြယ်ပဲများ တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချမှုအခြေအနေ၊ ပြည်တွင်းဈေးကွက်အခြေအနေနှင့် ပြည်ပဈေးကွက် အခြေအနေတို့ကို မေးမြန်းပြီး ထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုလေ့လာသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြည်ပသို့တင်ပို့ရာတွင် ကုမ္ပဏီအမည်ပါရှိသော်လည်း ကုမ္ပဏီတံဆိပ် (Logo) ကို တရားဝင်မှတ်ပုံတင်ပြီး တင်ပို့ပါက မိမိတင်ပို့သည့် ကုန်ပစ္စည်းအပေါ်တွင် အတုအပကင်းပြီး တစ်ဦးတည်းမူပိုင်အဖြစ်ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ကုမ္ပဏီအတွက် လိုအပ်သောကုန်ကြမ်းများ ရရှိရေးအတွက် မိမိအခြားဒေသများသို့ သွားရောက်သည့်အခါ ချိတ်ဆက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ချမ်းသာသုခကုမ္ပဏီ (Well Being Co.Ltd.) သည် လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်နိုင်ရန် လုပ်သားအင်အား ၅၀ ကို အမြဲတမ်းခန့်ထားပြီး လုပ်ငန်းလိုအပ်ချက် အရ လုပ်သား ၅၀ ဦးခန့်အား နေ့စားအဖြစ် ခန့်ထားကြောင်း သိရသည်။

**ကျော်ကျော် (တောင်ငူ)**

## သာကေတ ခိုင်ရွှေဝါဈေးနှင့် ဗမ္မာရုံဈေးတို့တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး



မေလဒုတိယပတ်အတွင်း ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများနှင့် သာကေတမြို့နယ်အတွင်းရှိ ခိုင်ရွှေဝါဈေး၊ ဗမ္မာရုံဈေးတို့ရှိ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများပူးပေါင်း၍ ထုတ်ကုန်များလုံခြုံစိတ်ချမှုရှိစေရေးအတွက် ဈေးသူဈေးသားများအား ဈေးတာဝန်ခံရုံးများတွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့သည်။

သာကေတမြို့နယ်ရှိခိုင်ရွှေဝါဈေးနှင့် ဗမ္မာရုံဈေးတာဝန်ခံရုံး၌ ဟောပြောရာတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ (ဒု-ကြီးကြပ်ရေးမှူး) ဦးမောင်မောင်သောင်းက စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် အတည်ပြုပြဋ္ဌာန်းထားသော စားသုံးသူကာကွယ်ရေးဥပဒေသစ်တွင်ပါရှိသည့် အခန်း(၁၈)၌ ဖော်ပြထားသည့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းအား လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေအရ အပြစ်ပေးအရေးယူခြင်းခံရမည်ဖြစ်ကြောင်းကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသောဈေးသူ၊ ဈေးသားများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကာ ဈေးသူ၊ ဈေးသားများအနေဖြင့် မိမိတို့ရောင်းချလျက်ရှိသော ကုန်ပစ္စည်းများ ထုတ်ကုန်လုံခြုံစိတ်ချစေရေးအတွက် မိမိတို့အသိစိတ်ဓာတ်ဖြင့် သေချာဂရုစိုက်စစ်ဆေးရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တစ်ပတ်အတွင်း ခိုင်ရွှေဝါဈေးနှင့် ဗမ္မာရုံဈေးတို့၌ ရောင်းချလျက်ရှိသော ကုန်မျိုးစုံနှင့် ကုန်ခြောက်ဆိုင်များ၊ မုန့်မျိုးစုံလက်လီလက်ကား ရောင်းချလျက်ရှိသော ဆိုင်များတွင် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဈေးသူဈေးသားများအပါအဝင် ဈေးဝယ်လာသူ စားသုံးသူပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**တင်မင်း (ရန်ကုန်)**

## ဟသ်ာတ၌ ဓာတုဆိုးဆေးသုံးစွဲသော ကုန်စည်များ မရောင်းချရေး အသိပညာပေး ဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဟသ်ာတမြို့၊ ပဒေသာဈေး၊ ဈေးခေါင်းရုံးတွင် မေ ၁၄ ရက်၌ ပဒေသာဈေးနှင့် ဌေးဝင်းဈေးတို့မှ ငရုတ်သီးမှုန့်နှင့် အရောင်တင်မှုန့် ရောင်းချသောဆိုင်ရှင် ၂၀ ဦးအား ရောင်းချသောကုန်စည်များတွင် ဓာတုဆိုးဆေး သုံးစွဲသောကုန်စည်များ မရောင်းချရေးအတွက် ဆွေးနွေးအသိပညာပေးခြင်းကို ဆောင်ရွက်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဟသ်ာတမြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ အေးသန္တာကြည်က တားမြစ်ထားသော ဓာတုဆိုးဆေးသုံးကုန်စည်များ မရောင်းချရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါက်တာတိုးဝေအောင်မှ စားသောက်ကုန်များတွင် ထည့်သွင်းမသုံးစွဲသင့်သော ဓာတုဆိုးဆေးများအကြောင်း၊ ၎င်းတို့ကို သုံးစွဲပါက ဖြစ်ပွားတတ်သောရောဂါများနှင့်ရောင်းချပါက ဥပဒေအရအရေးယူနိုင်မှုများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးလှိုင်ထွဋ်က စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေး လုပ်ငန်းရှင်၏ တာဝန်များ၊ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များအကြောင်းကို လည်းကောင်း၊ ဦးစီးမှူး ဦးဇော်မင်းကလည်း စားသုံးသူကာကွယ်ရေး ဥပဒေပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ချမှတ်ခံရနိုင်သော ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းကို လည်းကောင်း ရှင်းလင်းဆွေးခဲ့သည်။

တက်ရောက်လာသော ဆိုင်ရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) စာအုပ်များလည်း ဖြန့်ဝေခဲ့ပြီး ဆိုင်ရှင်များမှလည်း သိလိုသော အချက်များကို ပြန်လည် မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **မောင်မောင်မြတ်ခိုင်**



## ရေဦးမြို့နယ်၌ ကျေးရွာစားသုံးသူရေးရာ အဖွဲ့ငယ်ဖွဲ့စည်းခြင်း၊ အသိပညာပေးခြင်းနှင့် ဈေးဆိုင်များ စစ်ဆေးဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံသည် မေ ၁၀ ရက်က သံသည်ကျေးရွာအုပ်စု၊သံသည်ကျေးရွာသို့ ကွင်းဆင်းကာ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ သံသည် ကျေးရွာစားသုံးသူရေးရာအဖွဲ့ငယ်ကို အင်အား ငါးဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့နှင့်ပူးပေါင်း၍အုပ်ချုပ်ရေး မှူးရုံး၌ပင် ပြည်သူ ၅၃ ဦးအား ကျေးရွာ စားသုံးသူရေးရာအဖွဲ့ငယ်တွင်ပါဝင်သူများကို အသိပေးကြေညာပြီးနောက် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲဆက်လက်ဆောင်ရွက်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာ စားသုံးသူအဖွဲ့ငယ်ခေါင်းဆောင် ဦးအောင်သန်းက မိမိကျေးရွာနေ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ ရွေးချယ်စားသောက်နိုင်ရေးအတွက် စားသုံးသူရေးရာဦးစီးဌာနမှ ပညာပေး ဟောပြောရာတွင် ဂရုစိုက်နားထောင်ပြီး ရှောင်ရန်၊ ဆောင်ရန်အချက်များကို မှတ်သားလိုက်နာကြစေလိုကြောင်း ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံဦးအောင်ညွှန့်က စားသုံးသူကာကွယ်ရေးဥပဒေ အခန်း (၉)ပါစားသုံးသူများ၏အခွင့်အရေးများနှင့် တာဝန်များကိုအသေးစိတ်ရှင်းလင်းပြောကြားပြီး အန္တရာယ်ရှိ စားသောက်ကုန်များ၊ ဝန်ဆောင်မှုများအကြောင်းကို ပညာပေးဟောပြောကာ လက်ကမ်းစာစောင် ၅၃ စောင်ဖြန့် ဝေပညာပေးခဲ့သည်။

ထို့နောက် မြို့နယ်တာဝန်ခံနှင့် ကျေးရွာစားသုံးသူရေးရာအဖွဲ့တို့သည် သံသည်ကျေးရွာတွင် ရောင်းချနေသည့် ဦးခင်သောင်းနှင့် ဦးကျော်မြင့်တို့၏ ကုန်စုံဆိုင်များသို့ကွင်းဆင်းစစ်ဆေးရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့် စားသောက်ကုန်များ၊ ရက်လွန်စားသောက်ကုန်များ၊ မှိုတက်စားသောက်ကုန်များကိုရောင်းချမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသော်လည်းဦးခင်သောင်း၏ ကုန်စုံဆိုင်မှ ထုတ်လုပ်သူလိပ်စာနှင့် အမှတ်တံဆိပ်မပါရှိ သည့်အရောင်တင်မှုန့်ထုပ်သေး ၃၅ ထုပ်၊ တန်ဖိုးငွေကျပ် ၃၅၀၀ ကိုဆက် လက်ရောင်းချခြင်းမပြုရန် သတိပေးတားမြစ်ခဲ့ပြီး ကျေးရွာစားသုံးသူရေးရာ အဖွဲ့အား ဆက်လက်စောင့်ကြည့်ကြီးကြပ်ရန်ညှိနှိုင်းကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ စားသုံးရန်မသင့်ကြောင်း ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်များတွင် ထုတ်ပြန်ကြေညာထားသည့် စားသောက်ကုန်များစာရင်း ခုနစ်စုံကို ဈေးဆိုင်နှစ်ဆိုင်နှင့် ကျေးရွာ စားသုံးသူရေးရာအဖွဲ့အား ဖြန့်ဝေပညာပေးခဲ့ကြောင်း သိရသည်။

**အောင်ညွှန့်(ရေဦး)**

## စဉ့်ကူးမြို့၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယခရိုင်ဦးစီးမှူး ဦးဆောင်သောအဖွဲ့နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ မတ်လအတွင်း စဉ့်ကူးမြို့၊ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်တွင် ရပ်ကွက်သူ/ရပ်ကွက်သားများအား စားသုံးသူ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့သည်။

ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ရပ်ကွက်သူ/ရပ်ကွက်သားများအား ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယ ခရိုင်ဦးစီးမှူးက စားသုံးသူကာကွယ် ပေးရေးဥပဒေ၏ ရည်ရွယ်ချက်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့၏အခွင့်အရေးများ၊ တာဝန်များ၊ တားမြစ်ချက်များ၊ ဝန်ဆောင်မှုအမျိုးမျိုး၊ စားသုံးရန်မသင့်သည့် အစားအသောက်များ၊ စားသုံးသူရေးရာဦးစီးဌာနရုံး၌ ဖွင့်လှစ်ထားသည့် စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာ (CICC)ရုံးခန်းဖွင့်လှစ်ထားရှိမှု၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အရေးယူ ဆောင်ရွက်မှုများ၊ (၁/၂၀၁၉) စားသုံးသူကာကွယ်ရေးဥပဒေအကြောင်းတို့အား အသေးစိတ်ရှင်းလင်း ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးမှူးဦးဇော်မိုးလွင်က အပူဒဏ်ကာကွယ်ရေးအကြောင်း၊ စပ်ဆေးများအကြောင်းနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများအား ဆွေးနွေးဟောပြောခဲ့သည်။ **နှင်းလဲ့လဲ့ (ကျောက်ဆည်)**

# ရွှေပြည်သာမြို့နယ်ရှိ ၂၀ ရပ်ကွက်နှင့် သံဒင်းဈေးများသို့ ထုတ်ကုန် လုံခြုံစိတ်ချရသည့်ပစ္စည်းများ ဝယ်ယူ/ရောင်းချနိုင်ရေး အသိပညာပေး

စားသုံးသူရေးရာ ဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယကြီးကြပ်ရေးမှူး ဦးသိန်းအေးနှင့် တာဝန်ရှိသူဝန်ထမ်းများသည် မေ ၁၃ ရက်တွင် ရွှေပြည်သာမြို့နယ်၊ သံဒင်းဈေးရှိ ဈေးသူ/ဈေးသားများနှင့် အမှတ်(၂၀) ရပ်ကွက်နေ စားသုံးသူပြည်သူများသို့ သွားရောက်၍ ထုတ်ကုန်လုံခြုံစိတ်ချရသည့်ပစ္စည်းများ ဝယ်ယူ/ရောင်းချနိုင်ရေးအတွက် အသိပညာပေး ဟောပြောပွဲများကျင်းပပြီး၊ ဈေးအတွင်း ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ နံနက် ၁၀ နာရီခွဲတွင် ရွှေပြည်သာမြို့နယ်၊ သံဒင်းဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရသည့်ပစ္စည်းများ ဝယ်ယူ/ရောင်းချနိုင်ရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ မြောက်ပိုင်းခရိုင်၊ စည်ပင်သာယာဈေးများရုံးမှ ဌာနစုမှူး ဦးရဲဦးမော်က အဖွင့်အမှာစကားပြောကြားပြီးနောက် စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်နီလာဦးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စားသုံး သူကာကွယ်ရေးဥပဒေသစ်ကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၉)ဖြင့် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေတွင် အခန်း(၂၅)ခန်း၊ ပုဒ်မ(၈၄)ခု ပါဝင်ကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းချက်ပါ စားသုံးသူ၏ အခွင့်အရေးနှင့် လိုက်နာရမည့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ ကုန်ညွှန်းအမှတ်အသားဖော်ပြခြင်း၊ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း စီးပွားရေးလုပ်ငန်းရှင်များအနေနှင့်လည်း မိမိတို့ရောင်းချသည့် ပစ္စည်းအပေါ် တာဝန်ယူမှု/ တာဝန်ခံမှု ရှိရမည်ဖြစ်ကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယကြီးကြပ်ရေးမှူး ဦးသိန်းအေးက ခရိုင်ဦးစီးမှူးရုံးရှိ (CICC)သို့ ကုန်စည်/ ဝန်ဆောင်မှုနှင့်ပတ်သက်၍ စားသုံးသူမှ တိုင်ကြားလာသည့်အပေါ် ဖြေရှင်း ဆောင်ရွက်ထားရှိမှုများကို အသေးစိတ် ဟောပြောဆွေးနွေးခဲ့သည်။ ဟောပြောပွဲအပြီးတွင် ဌာနစုမှူးပါဝန်ထမ်းများနှင့်ပူးပေါင်း၍ ဈေးများအတွင်းသို့ ထုတ်ကုန်လုံခြုံစိတ်ချရသည့် ပစ္စည်းများ ဝယ်ယူ/ရောင်းချနိုင်ရေးအတွက် ဈေးအတွင်း ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ဟောပြောပွဲသို့ ရွှေပြည်သာမြို့နယ်၊ မြောက်ပိုင်းခရိုင် စည်ပင်သာယာဈေးများရုံးမှ ဌာနစုမှူး ဦးရဲဦးမော်ပါ သံဒင်းဈေး ဝန်ထမ်းငါးဦး၊ ဈေးသူ/ဈေးသား ၂၅ ဦး စုစုပေါင်း ၃၀ တက်ရောက်ခဲ့ပြီး ဟောပြောပွဲတက်ရောက်သူများနှင့် ကွင်းဆင်းပညာပေးသည့် ဈေးသူ/ဈေးသားများသို့ 'စားသုံးသူပြည်သူများ အန္တရာယ် ကင်းစေဖို့ ပူးပေါင်း ဆောင်ရွက်ကြပါစို့' စာတမ်းပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင်လည်း ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၀) ရပ်ကွက်နေပြည်သူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် အသိပညာပေး ဟောပြောခဲ့ပြီး၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**နီလာဦး (ရန်ကုန်)**

# လယ်ယာသုံးစက်ကိရိယာ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသူများအား အသိပညာပေးဆွေးနွေး

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လယ်ယာသုံး စက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက်များတင်သွင်း၊ ဖြန့်ဖြူး ရောင်းချသူများကို စားသုံးသူကာကွယ်ရေး ဥပဒေနှင့်အညီ ကုန်သွယ်ရောင်းဝယ်မှုပြုနိုင်ရန် ရည်ရွယ်၍ မေ ၁၄ ရက်တွင် စားသုံးသူ ရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိလယ်ယာသုံး စက်ကိရိယာများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသူများ၊ အရောင်းဆိုင်မှ ကိုယ်စားလှယ်များကို သတိပေး၊ အသိပညာပေးဆွေးနွေးပွဲကိုကျင်းပခဲ့ရာ အဆိုပါ ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လယ်ယာသုံးစက်ကိရိယာများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသူများ၊ အရောင်းဆိုင်မှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ခေတ္တတိုင်းဒေသကြီး ဦးစီးမှူးဦးဇေယျာဆွေက လယ်ယာသုံး စက်ကိရိယာများနှင့်ပတ်သက်၍ ဝယ်ယူသုံးစွဲသည့်တောင်သူများမှ နိုင်ငံတော်အဆင့်ထိ တိုင်ကြားမှုများရှိနေသဖြင့် ယခုကဲ့သို့ခေါ်ယူတွေ့ဆုံကာ ဥပဒေဆိုင်ရာ လိုက်နာရမည့် အချက်များကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက လယ်ယာသုံးစက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက်ဝယ်ယူခဲ့သည့် စားသုံးသူ(တောင်သူ)များ၏ တိုင်ကြားမှုဖြစ်စဉ်များကို အကျဉ်းချုပ် ရှင်းလင်းဆွေးနွေး၍ လယ်ယာသုံးစက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက်များ တင်သွင်း၊ ဖြန့်ဖြူး ရောင်းချသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တောင်သူများအား တန်ဖိုးငွေအဆမတန်ဖြင့် ရောင်းချခြင်းမပြုရန်၊ ထုတ်လုပ်သည့်ပင်ရင်းနိုင်ငံကို အတိအလင်းဖော်ပြရန်၊ နှစ်ဦးနှစ်ဖက်မျှတသော အရောင်းအဝယ်စာချုပ် ဖြစ်စေရန်၊ ရောင်းချပြီးနောက် ဝန်ဆောင်မှုပေးခြင်း၊ စက်အပိုပစ္စည်း အလွယ်တကူရရှိစေရန် အာမခံခြင်းတို့ကို ဆောင်ရွက်ရန်နှင့် စားသုံးသူကာကွယ်ရေး ဥပဒေတွင် ပါရှိသော စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များ၊ တားမြစ်ချက်များကို အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

**မေသက် (စားသုံးသူ - ရန်ကုန်)**

# သရက်ချောင်းမြို့ပေါ်ရှိ ဈေးဆိုင်များအား ရှောင်တခင်စစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မေ ၁၄ ရက်တွင် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့် ပူးပေါင်း၍ သရက်ချောင်းမြို့၊ မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်များတွင် အများပြည်သူ စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချနေမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ သံသယရှိအစားအသောက်များအား နမူနာများဝယ်ယူ၍ Mobile Lab Van တွင်ပါရှိသော Rapid Test Kit များဖြင့် အစားအသောက် နမူနာများအား ဓာတ်ခွဲစစ်ဆေးခြင်းများ ဆောင်ရွက်ခြင်း၊ အစားအသောက် ထုတ်လုပ်ခြင်း ထောက်ခံချက်မရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးရောင်းနေသော သောက်ရေသန့်စက်ရုံများအား ရှောင်တခင်ကွင်းဆင်း စစ်ဆေးခြင်း၊ ဆေးဆိုင်များနှင့် အလှကုန်ပစ္စည်းဆိုင်များတွင်



သုံးစွဲရန်မသင့် ကြော်ငြာထားသော ဆေးဝါးများ၊ ဆေးပစ္စည်းများ၊ အလှကုန်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အလှကုန်ပစ္စည်းဆိုင် နှစ်ဆိုင်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ သုံးစွဲရန် မသင့် ကြော်ငြာထားသော အလှကုန်ပစ္စည်းများ တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ပြီး နောက်နောင်ရောင်းချခြင်း မပြုရန်ခံဝန်ကတိ လက်မှတ်ရေးထိုးစေခဲ့သည်။

ဆက်လက်၍ သရက်ချောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်အစားအသောက်၊ အလှကုန်များရောင်းချသော ဈေးဆိုင်ရှင်များအား တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးကျော်မင်းက စားသုံးသူကာကွယ်ရေး ဥပဒေသစ်ပါ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်၏ တာဝန်များ၊ စားသုံးသူရေးရာ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များ၊ စားသုံးသူရေးရာကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်း၊ စီမံခန့်ခွဲရေး နည်းလမ်းအရအရေးယူခြင်းများအားလည်းကောင်း၊ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီး တာဝန်ခံ ဒေါ်မေသန်းနိုင်က ဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ ဌာနကထုတ်ပေးသော ထောက်ခံချက်များအကြောင်း၊ အများပြည်သူ သုံးစွဲရန်မသင့် ကြေညာထားသော အလှကုန်၊ ဆေးဝါး၊ စားသောက်ကုန် ပစ္စည်းများအကြောင်း စသည်တို့ကို အကျယ်တဝင့်ဆွေးနွေး ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ သရက်ချောင်းမြို့ပေါ်ရှိ အစားအသောက်၊ အလှကုန်များ ရောင်းချသော ဈေးဆိုင်ရှင်များ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **ရွှေဝယ်သား**

# ရေဦးမြို့နယ်ရှိ သောက်ရေသန့် လုပ်ငန်းများအား ရှောင်တခင်စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး၊ ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆောင်လျက် ရေဦးမြို့နယ် တာဝန်ခံ၊ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာဒုတိယဦးစီးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြန်ဆက်ဦးစီးဌာနတို့ပါဝင်သော အဖွဲ့သည်မကြီးတောကျေးရွာ စားသုံးသူရေးရာအဖွဲ့နှင့် ပူးပေါင်းလျက် မေ ၁၅ ရက် နံနက် ၁၀ နာရီတွင် မကြီးတောကျေးရွာရှိ 'ဘုန်းမြင့်' သောက်ရေသန့် လုပ်ငန်းသို့ လည်းကောင်း၊ အောင်ဆန်းရပ်ကွက် စားသုံးသူရေးရာအဖွဲ့နှင့်ပူးပေါင်းလျက် နံနက် ၁၁ နာရီတွင် အောင်ဆန်းရပ်ကွက်ရှိ 'တဝ' သောက်ရေသန့်လုပ်ငန်းသို့လည်းကောင်း၊ ဗိုလ်အောင်ဇေယျရပ်ကွက် စားသုံးသူရေးရာအဖွဲ့နှင့် ပူးပေါင်းလျက် နံနက် ၁၁ နာရီမိနစ် ၄၀ တွင် ဗိုလ်အောင်ဇေယျရပ်ကွက်ရှိ 'ကဲကဲ' သောက်ရေသန့်လုပ်ငန်းသို့လည်းကောင်း ရှောင်တခင်ကွင်းဆင်း စစ်ဆေးသည်။

သောက်ရေသန့်လုပ်ငန်းအားလုံးသည် သန့်ရှင်းသပ်ရပ်စွာစနစ်တကျ ထုတ်လုပ်နေသည်ကိုစစ်ဆေးတွေ့ရှိရပြီး ခရိုင်ဦးစီးမှူးက စားသုံးသူကာကွယ်ရေးဥပဒေပါလုပ်ငန်းရှင်များ၏တာဝန်များကို ပညာပေးဆွေးနွေးခဲ့သည်။ ၎င်းနောက်ခရိုင်ဦးစီးမှူးနှင့် ရေဦးမြို့နယ်တာဝန်ခံတို့သည် ပုဏ္ဏကားကျေးရွာအုပ်စု၊ ပုဏ္ဏကားကျေးရွာသို့သွားရောက်ကာ 'ကောင်းပြည့်ဗိုလ်' သောက်ရေသန့် လုပ်ငန်း စမ်းသပ်ထုတ်လုပ်နေမှုကို စစ်ဆေးပြီးနောက် လုပ်ငန်းရှင် ဦးကျော်ဇင်ဝင်းအား လိုအပ်သည့်လုပ်ငန်းမှတ်ပုံတင်များ ပြည့်စုံစွာ ဆောင်ရွက်ထားရန် ဆွေးနွေးရာလုပ်ငန်းရှင်က အမြန်ဆုံး ဆောင်ရွက်မည်ဖြစ်ပြီး လိုအပ်သည်များကို ဌာနမှဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် အကူအညီတောင်းခံသဖြင့် လိုအပ်ပါကကူညီဆောင်ရွက်ပေးမည်ဟု စည်းရုံးဆောင်ရွက်ခဲ့သည်။

**အောင်ညွှန့် (ရေဦး)**

Vol: 19, No.18 Monday May 20 2019

# မန်စီးတီးနှင့်အတူ ပရီးမီးယားလိဂ်ဖလား သုံးနှစ်ဆက်တိုက်ရယူရန် စတာလင်း ရည်မှန်းထား ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ ဖြင့် ကစားသမားလေးဦး ခေါ်မည်ဟု ဂွါဒီယိုလာဆို



မန်စီးတီးအသင်း၏ တောင်ပံကစားသမား စတာလင်းက မိမိအနေဖြင့် မန်စီးတီးအသင်းနှင့်အတူ အင်္ဂလန်ပရီးမီးယားလိဂ် ချန်ပီယံဆုဖလားကို သုံးနှစ်ဆက်တိုက် ရယူရန် ရည်မှန်းထားကြောင်း ထုတ်ဖော် ပြောကြားလိုက်သည်။ မန်စီးတီးအသင်းသည် ယခုနှစ် ဘောလုံးရာသီဖြစ်သည့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် အင်္ဂလန်ပရီးမီးယားလိဂ် ချန်ပီယံဆုဖလားကို ရရှိနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ချန်ပီးယံဆုကို နှစ်နှစ်ဆက်တိုက် ရရှိခဲ့ခြင်းဖြစ်သည်။

စတာလင်းက 'လတ်တလောအချိန်မှာ မန်စီးတီးအသင်းနဲ့ပတ်သက်ပြီး သတင်းတွေက အမျိုးမျိုးထွက်ပေါ်နေပါတယ်။ အကယ်၍ မန်စီးတီးအနေနဲ့ အရေးယူမှုတွေကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲကို ဝင်ခွင့်မရခဲ့ဘူးဆိုရင်လည်း ကျွန်တော်တို့အနေနဲ့ ဝမ်းနည်းနေမှာမဟုတ်ပါဘူး။ ခုဆိုရင် မန်စီးတီးအသင်းဟာ အင်္ဂလန်ပရီးမီးယားလိဂ် ချန်ပီယံဆုကို နှစ်နှစ်ဆက်တိုက်ရရှိခဲ့ပါပြီ။ ကျွန်တော့်အနေနဲ့တော့ မန်စီးတီးအသင်းနဲ့အတူ ပရီးမီးယားလိဂ် ချန်ပီယံဆုဖလားကို သုံးနှစ်ဆက်တိုက် ရယူဖို့ ရည်မှန်းထားပါတယ်'ဟု ပြောဆိုသည်။

လက်ရှိအချိန်တွင် မန်စီးတီးအသင်းသည် ငွေကြေးဆိုင်ရာ လည်ပတ်မှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ခံနေရပြီး ပြစ်မှုထင်ရှားကြောင်း တွေ့ရှိရပါက အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့် တစ်နှစ် ပိတ်ပင်ခံရမည်ဖြစ်သည်။

အခြားတစ်ဖက်တွင် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက အသင်းမှရရှိလာမည့် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ ဖြင့် ကစားသမားလေးဦးအထိ ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားလာသည်။ နည်းပြ ဂွါဒီယိုလာသည် ရာသီသစ်အတွက် နောက်ခံကစားသမား တစ်ဦး၊ ကွင်းလယ်ကစားသမား နှစ်ဦးနှင့် တိုက်စစ်မှူး တစ်ဦးတို့ကို ခေါ်ယူသွားရန် ရည်မှန်းထားသည်။



# ဂရက်ဇ်မန်း ဘာစီလိုနာသို့ ပြောင်းရန် သေချာဟုဆို

အက်သလက်တီကိုအသင်းမှ ပြင်သစ်ကစားသမား ဂရက်ဇ်မန်းသည် လာမည့် ဇူလိုင် ၁ ရက်တွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဂရက်ဇ်မန်းက 'ကျွန်တော် အက်သလက်တီကိုအသင်းမှာ ကစားလာတာ ငါးနှစ်ရှိပါပြီ။ အသင်းနဲ့ လမ်းခွဲချိန်တန်ပြီလို့လည်း ထင်ပါတယ်။ ဘာစီလိုနာအသင်းကိုပြောင်းဖို့ ကျွန်တော့်အေးဂျင့်နဲ့ ဘာစီလိုနာအသင်း တာဝန်ရှိသူတွေ ဆွေးနွေးညှိနှိုင်းပြီးပါပြီ။ အပြောင်းအရွှေ့ကတော့ သေချာသလောက်ရှိနေပါပြီ' ဟု ပြောခဲ့သည်။

ထို့ပြင် ဂရက်ဇ်မန်းက မိမိအနေဖြင့် ဘာစီလိုနာအသင်းတွင် ကစားခွင့်ရရှိရေးကို လက်လွှတ်ခံမည်မဟုတ်ကြောင်း၊ ဘာစီလိုနာအသင်းတွင် ကစားလိုသည်မှာ မိမိ၏ အိပ်မက်တစ်ခုသာဖြစ်ကြောင်းနှင့် ဘာစီလိုနာအသင်းတွင် မက်ဆီကဲ့သို့ ကစားသမားမျိုးနှင့် တွဲကစားခွင့်ရရှိမည်မှာ ကြီးမားသည့် အခွင့်အရေးပင်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။ ဘာစီလိုနာအသင်းသည် ဂရက်ဇ်မန်းကို ခေါ်ယူရန် ယူရို သန်း ၁၂၀ ဖြင့် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်းနှင့် အပြောင်းအရွှေ့ရာသီစသည်နှင့် စာချုပ်သွားရန် အဆင်သင့်ပြင်ဆင်ထားကြောင်း သိရသည်။

ပြင်သစ်လက်ရွေးစင်တိုက်စစ်မှူး ဂရက်ဇ်မန်းသည် ၂၀၁၄ ခုနှစ်ကပင် ဆိုစီဒက်အသင်းမှ အက်သလက်တီကိုအသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်းကစားသမားသည် အက်သလက်တီကို အသင်းအတွက် ၁၇၉ ပွဲတွင် ၉၄ ဂိုးသွင်းပေးထားပြီး အသင်း၏အဓိကတိုက်စစ်မှူး တစ်ဦးအဖြစ် ရပ်တည်နေသည်။ ဘာစီလိုနာအသင်းသည် မန်ယူအသင်းမှ ရက်ချ်ဖို့ဒ်၊ အာဆင်နယ်အသင်းမှ အူဘာမီယန်းနှင့် လာကာဇက်တီတို့ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်းလည်း သိရသည်။

# ဂျော်ဒန်ဆန်ချိုကို ခေါ်ယူနိုင်မည့် အခွင့်အရေး မန်ယူ ဆုံးရှုံးဟုဆို





မန်ယူအသင်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါ ကလပ် ဒေါ့မွန်အသင်းမှ အင်္ဂလန် ဆယ်ကျော်သက် လူငယ်ကစားသမား ဂျော်ဒန်ဆန်ချိုကို ပေါင်သန်း ၁၀၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

သို့သော် လက်ရှိအချိန် အင်္ဂလန်ပရီးမီးယားလိဂ် ပြိုင်ပွဲများ ပြီးဆုံးချိန်တွင် မန်ယူအသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့် မရရှိဘဲ အဆင့်(၆)နေရာသာရရှိခြင်းကြောင့် ယူရိုပါလိဂ် ဝင်ခွင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ထိုကဲ့သို့ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် ဆုံးရှုံးလိုက်ရသည့်အတွက် မန်ယူအသင်းသည် ဂျော်ဒန်ဆန်ချိုကို ခေါ်ယူနိုင်မည့် အခွင့်အရေးလည်း ဆုံးရှုံးလိုက်ရပြီဟု ဆိုသည်။

ဂျော်ဒန်ဆန်ချိုကို မန်ယူအသင်းအပြင် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေရာ ၎င်းကစားသမားက ချန်ပီယံလိဂ်ဝင်ခွင့်ရ အသင်းမျိုးတွင်သာ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောဆိုလာသည်။

ထို့ပြင် ဂျော်ဒန်ဆန်ချိုက မိမိအနေဖြင့် ဒေါ့မွန်အသင်းတွင် နောက်ထပ် သုံးနှစ်ခန့် ကစားလိုသေးကြောင်း၊ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန်အတွက် အတွေ့အကြုံရော၊ အသက်အရွယ်ပါ ငယ်ရွယ်သေးကြောင်း ပြောဆိုခဲ့သည်။

ဟန်နေသစ် စုစည်းသည်

# လူကာဂျိုဗစ်ကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ် သဘောတူ မိုဟာမက်ဆာလက်ချ်ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေ



စပိန်လာလီဂါထိပ်တန်းကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် ဖရန့်ဖတ်အသင်းမှ ဆားဘီးယား တိုက်စစ်မှူး လူကာဂျိုဗစ်ကို ခေါ်ယူရန် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း သိရသည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် လူကာဂျိုဗစ်ကို ခေါ်ယူရန် ပေါင် ၅၂ ဒသမ ၄ သန်းဖြင့် သဘောတူညီမှု ရရှိထားခြင်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။

ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည် လာမည့် အပြောင်းအရွှေ့ရာသီတွင် ပေါင်သန်း ၅၀၀ ကျော်အထိ အသုံးပြုပြီး ထိပ်တန်းကစားသမားများကို ခေါ်ယူသွားရန် ပြင်ဆင်နေရာ လူကာဂျိုဗစ်မှာ ဇီဒန်းခေါ်ယူမည့် ပထမဦးဆုံးသော ကစားသမားဖြစ်လာနိုင်သည်။

လူကာဂျိုဗစ်သည် ဖရန့်ဖတ်အသင်းနှင့်အတူ ဂျာမန်ဘွန်ဒက်စ်လီဂါတွင် ၃၁ ပွဲ ကစားပေးရာတွင် ၁၇ ဂိုးသွင်းပြီး ဂိုးဖန်တီးပေးမှု ခြောက်ကြိမ်ရှိထားသည်။ ထို့အပြင် လူကာဂျိုဗစ်သည် ယူရိုပါလိဂ်ပြိုင်ပွဲ ၁၄ ပွဲတွင် ၁၀ ဂိုး သွင်းပေးထားပြီး ဂိုးဖန်တီးပေးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

အသက်(၂၁)နှစ်သာ ရှိသေးသည့် လူကာဂျိုဗစ်သည် ဆားဘီးယား လက်ရွေးစင် ကစားသမားတစ်ဦးလည်း ဖြစ်သည်။

အခြားတစ်ဖက်တွင် ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ ဇီဒန်းသည် လီဗာပူးအသင်းမှ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလက်ချ်ကို ခေါ်ယူရန် စိတ်ဝင်းလျက်ရှိကြောင်းလည်း သိရသည်။ သို့သော် ရီးရဲလ်မက်ဒရစ်အသင်းသည် မိုဟာမက်ဆာလက်ချ်ကိုခေါ်ယူရန်အတွက် လီဗာပူးအသင်းထံသို့ တရားဝင်ကမ်းလှမ်းမှုများ ပြုလုပ်ခြင်းမရှိသေးကြောင်း သိရသည်။

# ၂၀၁၈ ခုနှစ် တရုတ်နိုင်ငံ၏ ပဲပုပ်တင်သွင်းမှု ပထမဦးဆုံးအကြိမ် ကျဆင်းခဲ့



ဒေါက်တာနုနုခိုင်

တရုတ်နိုင်ငံ အကောက်ခွန်ဌာန၏ အဆိုအရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ တရုတ်နိုင်ငံ၏ ပဲပုပ်တင်သွင်းမှုမှာ တန် ၇ ဒသမ ၃၈ မီလီယံဖြစ်ပြီး ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ၏ တန်ချိန် ၅ ဒသမ ၇၂ မီလီယံထက် ၃၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်အတွင်း တရုတ်နိုင်ငံသည် ပဲပုပ် တန် ၈၈ ဒသမ ၀၃၁ မီလီယံတင်သွင်းခဲ့ပြီး ၇ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ ခုနစ်နှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ် ကျဆင်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး ပဲပုပ်တင်သွင်းသည့်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ ပဲပုပ်ကုန်သွယ်မှု မတည်ငြိမ်မှု အခြေအနေများသည် ကမ္ဘာ့ပဲပုပ်ကုန်သွယ်မှုများကိုလည်း အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ လက်တွေ့တွင် တရုတ်နိုင်ငံအတွင်း ပဲပုပ်လိုအပ်ချက် လျော့နည်းလာခြင်းကြောင့် ပဲပုပ်တင်သွင်းမှုကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

## ပဲပုပ်တင်သွင်းမှုပမာဏကျဆင်းရခြင်း၏နောက်ကွယ်

ပဲပုပ်အဓိကထုတ်လုပ်သည့်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ယခင်က ပဲပုပ် အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ စာရင်းဇယားများအရ၊ ၁၉၉၄-၉၅ ဘဏ္ဍာနှစ် မတိုင်မီ တရုတ်နိုင်ငံသည် ပဲပုပ်တင်ပို့သည့် နိုင်ငံဖြစ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်အရောက်တွင် များပြားလှသည့် လိုအပ်ချက်များကြောင့် တရုတ်ပဲပုပ်တင်သွင်းမှုပမာဏကို တရိပ်ရိပ် မြင့်တက်စေခဲ့သည်။ ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ် တရုတ်ပဲပုပ်တင်သွင်းမှုပမာဏမှာ တန် ၁၀ မီလီယံကျော်လွန်ခဲ့သည်။ ထို့နောက် ၂၀၀၉-၁၀ ဘဏ္ဍာနှစ် တရုတ်ပဲပုပ်တင်သွင်းမှုပမာဏမှာ တန် ၅ ဒသမ ၃၄ မီလီယံသို့ ရောက်ရှိခဲ့ပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ် တရုတ် ပဲပုပ်တင်သွင်းမှု ပမာဏ တန် ၉၃ ဒသမ ၅ မီလီယံသို့ ရောက်ရှိ မြင့်တက်ခဲ့ကြောင်း တွေ့ရသည်။

၂၅ နှစ်တာခန့် အချိန်ကာလအတွင်း တရုတ်နိုင်ငံသည် ယခင် ပဲပုပ် အဓိက တင်ပို့သည့်နိုင်ငံအဖြစ်မှ ကမ္ဘာ့အကြီးဆုံး ပဲပုပ်တင်သွင်းသည့် နိုင်ငံအဖြစ်သို့ ပြောင်းလဲခဲ့ပြီး တင်သွင်းမှုပမာဏမှာ ကမ္ဘာ့ပဲပုပ်ကုန်သွယ်မှုပမာဏ၏ ၆၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ပဲပုပ်တင်သွင်းသည့် အဓိကထိပ်တန်းနိုင်ငံအဖြစ် တည်ငြိမ်စွာ ရပ်တည်နေပြီဖြစ်သည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ တရုတ်၏ ပဲပုပ်တင်ပို့သည့် နိုင်ငံမှ ပဲပုပ်တင်သွင်းသည့် နိုင်ငံအဖြစ် ပြောင်းလဲမှု၏ နောက်ကွယ်၌ အဓိကအရေးကြီးသည့်အချက်မှာ ပြည်တွင်းရှိ ပြည်သူများ၏ Animal Source Protein လိုအပ်ချက် တိုးပွားလာမှုများကြောင့် ဖြစ်ကြောင်း၊ အဆိုပါ လိုအပ်ချက် တိုးပွားလာမှုများကြောင့် တရုတ်၏ မွေးမြူရေးလုပ်ငန်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာအောင် လှုံ့ဆော်ခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ်များအတွင်း ဝက်မွေးမြူရေးပမာဏ လျင်မြန်စွာ ချဲ့ထွင်လာခဲ့ပြီး မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မှုများကိုလည်း တွန်းအားပေးရာ ရောက်ခဲ့သည်။ ၂၀၁၈ ခုနှစ်၏ အဓိကကိစ္စရပ်ကြီးများဖြစ်သည့် အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲနှင့် အာဖရိကန် ဝက်တုပ်ကွေးရောဂါကိစ္စရပ်များသည် ပဲပုပ်တင်သွင်းမှုအပေါ် ရိုက်ခတ်မှုများကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် တရုတ်နိုင်ငံသည် (New Edition of Livestock and Poultry Group Standard) ကို စတင်ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး၊ တိရစ္ဆာန်အစားအစာ ဖော်စပ်ရာတွင် အသုံးပြုသည့် ပရိုတင်း အသုံးပြုမှုပမာဏကို လျော့ချရန်နှင့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်သည့်လုပ်ငန်းများ၏ သင့်တော်သည့် အစာဖော်စပ်မှု နည်းလမ်းများကို တက်ကြွစွာကြိုးကြပ်ဆောင်ရွက်ခဲ့သည်။ ယခုနှစ်များအတွင်း တရုတ်ပြည်တွင်း တိရစ္ဆာန်အစားအစာအတွင်း အသုံးပြုသည့် ပရိုတင်းမှာ အဓိကအားဖြင့် ပဲပုပ်မှ ရရှိခြင်းဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲပုပ်တင်သွင်းမှုမှာ တန် ၉၃ ဒသမ ၅ မီလီယံသို့ မြင့်တက်ခဲ့ပြီး ၂၀၀၇-၀၈ ဘဏ္ဍာနှစ် ပဲပုပ်တင်သွင်းမှုပမာဏမှာ တန် ၃၇ ဒသမ ၈၂ မီလီယံဖြစ်ကာ ၁၀ နှစ်တာကာလအတွင်း ၁ ဒသမ ၄၇ ဆ မြင့်တက်ခဲ့သည်။

New Edition of Livestock and Poultry Group Standard ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်မှု၏ နောက်ကွယ်တွင် Livestock and poultry breeding industry လုပ်ငန်းများအနေဖြင့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်မှုနည်းပညာနှင့် အစာထုတ်လုပ်မှုအတွင်း အသုံးပြုသည့် Crude Protein နှင့် phosphorus ၏ အဆင့်ပမာဏကို လျှော့ချရန်ဖြစ်ကြောင်း၊ ထို့ပြင် အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် ပဲပုပ်တင်သွင်းရာတွင် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကိုလည်း ထုတ်လုပ်မှုတွင် ထည့်သွင်းစဉ်းစားရန် အရေးတကြီး လိုအပ်မည်ဖြစ်ကြောင်း လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရသည်။

ကနဦး လေ့လာသုံးသပ်ချက်များအရ အာဖရိကန်ဝက်တုပ်ကွေးကြောင့် လာမည့်နှစ်တွင် ဝက်သားထုတ်လုပ်မှု ကျဆင်းမည်ဖြစ်ကြောင်း၊ ဝက်အစာ လိုအပ်မှုပမာဏ ကျဆင်းလာမှုကြောင့် ပဲပုပ်လိုအပ်ချက်ပမာဏလည်း လျော့နည်းလာမည်ဖြစ်ကြောင်းနှင့် ၂၀၁၉ ခုနှစ် ပဲပုပ်လိုအပ်ချက်ပမာဏ ၃ ဒသမ ၅ - ၄ ဒသမ ၅ မီလီယံတန် လျော့နည်းကျဆင်းသွားမည် ဖြစ်ကြောင်း သိရသည်။ အနာဂတ်တွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် တိရစ္ဆာန် အစာဖော်စပ်ရာတွင် ပရိုတင်းပါဝင်မှုပမာဏ လျှော့ချခြင်းဖြင့် သီအိုရီအရ ပဲပုပ်တင်သွင်းမှု ပမာဏ အများဆုံး ၁၀-၁၂ မီလီယံတန် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ကြိုတင် လေ့လာခန့်မှန်းမှုများအရ အကယ်၍ တရုတ်နိုင်ငံအနေဖြင့် ဝက်အစာအတွင်းရှိ ပဲပုပ် ပါဝင်မှု ပမာဏအား နိုင်ငံတကာအဆင့်နှင့်အညီ လျှော့ချနိုင်မည်ဆိုပါက နှစ်စဉ် ပဲပုပ် လိုအပ်ချက် ပမာဏ ၂၇ မီလီယံတန် လျော့နည်းလာမည်ဖြစ်ကြောင်း သိရသည်။

## ကမ္ဘာ့ပဲပုပ်ကုန်သွယ်မှုပုံစံ ပြောင်းလဲခြင်း

၂၀၁၈ ခုနှစ် ပဲပုပ်တင်သွင်းမှု ပမာဏမှာ ၇ နှစ်တာကာလအတွင်း တန် ၈၈ ဒသမ ၀၃၁မီလီယံဖြင့် ပထမဦးဆုံးအကြိမ် ကျဆင်းခဲ့သော်လည်း စားနပ်ရိက္ခာတင်သွင်းမှု စုစုပေါင်း ပမာဏအချိုး၏ ရာခိုင်နှုန်း ၈၀ ကျော်လွန်မြဲဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီး၊ အမေရိကန်၊ အာဂျင်တီးနား အစရှိသည့် နိုင်ငံများသည် တရုတ်နိုင်ငံ၏ အဓိကသွင်းကုန်တင်သွင်းသည့် ထိပ်တန်း ၃ နိုင်ငံဖြစ်ပြီး၊ တင်သွင်းမှုမှာ စုစုပေါင်း ပဲပုပ်တင်သွင်းမှုပမာဏ၏ ၉၅ ရာခိုင်နှုန်းနီးပါးခန့်ဖြစ်ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်မှစ၍ ဘရာဇီးလ်နိုင်ငံသည် အမေရိကန်ကို ကျော်လွန်၍ တရုတ်နိုင်ငံ၏ အများဆုံး ပဲပုပ်တင်သွင်းသည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီးနောက် ဘရာဇီးလ်နိုင်ငံအနေဖြင့် ပဲပုပ်ထုတ်လုပ်မှု ပမာဏနှင့် ဈေးနှုန်းရရှိအားသာမှုများမှာလည်း တစ်စတစ်စ မြင့်တက်လာခဲ့ကာ၊ တရုတ်ဈေးကွက်အတွင်း စဉ်ဆက်မပြတ် စိုးမိုးနိုင်ခဲ့သည်။ သို့သော် အာဂျင်တီးနားနိုင်ငံအနေဖြင့် နိုင်ငံအတွင်းရှိ ပဲပုပ်တင်ပို့မှုမူဝါဒနှင့် ပြည်တွင်းရှိမြေနေရာ၊ ရာသီဥတု၊ အရင်းအမြစ် အစရှိသည့် အကြောင်းတရားများကြောင့် နိုင်ငံအတွင်း ပဲပုပ်ထုတ်လုပ်နိုင်မှုအပေါ် ရိုက်ခတ်မှုမှာ ကြီးမားပြီး၊ နှစ်စဉ် တရုတ်နိုင်ငံသို့ ပဲပုပ် ၅-၁၀ မီလီယံတန် တင်ပို့ကြောင်း တွေ့ရသည်။

ကုန်သွယ်ရေးစစ်ပွဲမစတင်မီအချိန်က တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ ပထမ အများဆုံးပို့ကုန်ဈေးကွက်အဖြစ် ရပ်တည်ခဲ့ပြီး၊ အမေရိကန်နိုင်ငံအနေဖြင့် ၆၂ ရာခိုင်နှုန်းခန့်ရှိသည့် ပဲပုပ်များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ကာ အမေရိကန်-တရုတ်တို့၏ ပဲပုပ် ကုန်သွယ်မှုတွင် အပြန်အလှန်အရေးထားမှုမှာလည်း ကြီးမားခဲ့သည်။ သို့သော် နှစ်နိုင်ငံ ကုန်သွယ်ရေးစစ်ပွဲ စတင်ပြီးနောက်တွင် ‘ပဲပုပ်’သည် နှစ်နိုင်ငံကုန်သွယ်မှုအတွင်း ရိုက်ခတ်မှုအများဆုံးဖြစ်သည့် ကုန်ပစ္စည်းတစ်ခုဖြစ်ခဲ့သည်။

စာရင်းဇယားများအရ ၂၀၁၈ ခုနှစ်တွင် ဘရာဇီးနိုင်ငံမှ တရုတ်နိုင်ငံသို့ ပဲပုပ် တန်ချိန် ၆၆ ဒသမ ၁ မီလီယံတန် တင်ပို့ခဲ့ပြီး၊ ၃၀ ရာခိုင်နှုန်း တိုးတက်လာကာ တရုတ်နိုင်ငံ၏ စုစုပေါင်း ပဲပုပ်တင်သွင်းမှုပမာဏ၏ ၇၅ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အမေရိကန်မှ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှုမှာ ၁၆. ၆၄ မီလီယံတန်သာရှိပြီး ၄၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် တရုတ်နိုင်ငံ စုစုပေါင်း ပဲပုပ်တင်သွင်းမှုပမာဏ၏ ၁၈ ဒသမ ၉ ရာခိုင်နှုန်းသာရှိကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း အာဂျင်တီးနားနိုင်ငံ၏ ပဲပုပ်ထုတ်လုပ်မှုကျဆင်းလာခြင်းကြောင့် တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှုပမာဏမှာ သိသိသာသာ ကျဆင်းခဲ့ကြောင်း၊ အလားတူပင် ကနေဒါနိုင်ငံ၏ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှု ပမာဏမှာလည်း သိသာစွာ ကျဆင်းခဲ့ကြောင်းနှင့် ဥရုဂွေး၏ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှုပမာဏမှာ တည်ငြိမ်လျက်ရှိကြောင်း တွေ့ရသည်။

ရုရှား၊ ယူကရိန်းနှင့် အိန္ဒိယနိုင်ငံတို့၏ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှုမှာ သိသာစွာ တိုးတက်ခဲ့သော်လည်း တင်ပို့သည့် အခြေခံပမာဏ နည်းပါးခြင်းကြောင့် တင်ပို့မှုမှာ တရုတ်နိုင်ငံ စုစုပေါင်း ပဲပုပ်တင်သွင်းမှုပမာဏ အချိုးအားဖြင့် မကြီးမားကြောင်း တွေ့ရသည်။

အချုပ်အားဖြင့်ဆိုပါက ၂၀၁၈ ခုနှစ် တရုတ်နိုင်ငံ၏ ဘရာဇီးနှင့် အမေရိကန်နိုင်ငံတို့မှ စုစုပေါင်း ပဲပုပ်တင်သွင်းမှုမှာ တရုတ်နိုင်ငံ စုစုပေါင်းပဲပုပ်တင်သွင်းမှု၏ ၉၄ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရသည်။ ရုရှား၊ အိန္ဒိယ၊ အာဂျင်တီးနားနှင့် ဥရုဂွေး အစရှိသည့် နိုင်ငံများမှ တင်သွင်းသည့် ပဲပုပ်စုစုပေါင်းပမာဏမှာ ခန့်မှန်းအားဖြင့် အလားတူကာလ စုစုပေါင်း ပဲပုပ် တင်သွင်းမှုပမာဏ၏ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းပဲပုပ် ထုတ်လုပ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြည်တွင်းပဲပုပ်ထုတ်လုပ်နိုင်မှု မြှင့်တင်ရေးတို့ကို တက်ကြွစွာ တွန်းအားပေးဆောင်ရွက်လျက်ရှိသော်လည်း ပြည်တွင်းမြေဧရိယာ အကန့်အသတ်များရှိခြင်း၊ ပဓာနကျကျ ထောက်ပံ့ပေးနိုင်သည့် တည်ငြိမ်မှုရှိသည့် ဦးစားပေးအာမခံမှုများ လိုအပ်ခြင်းများကြောင့် ပြည်တွင်း ပဲပုပ်လိုအပ်ချက်များကို ထောက်ပံ့ပေးနိုင်ရန်အတွက် ပဲပုပ်တင်သွင်းမှုကို ပိုမိုလိုအပ်နေရ ခြင်းဖြစ်ကြောင်း သိရသည်။ အနာဂတ်တွင် တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ် ပဲပုပ် တင်သွင်းမှု နည်းဗျူဟာနှင့်အတူ ကမ္ဘာ့ပဲပုပ်ကုန်သွယ်မှုပုံစံမှာ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်များအဆိုအရ သိရသည်။

ကာလတိုအနေဖြင့် ကြည့်မည်ဆိုပါက တောင်အမေရိကတိုက်သည် အဓိက ပဲပုပ် တင်သွင်းသည့်ဒေသအဖြစ် ရပ်တည်နေဆဲဖြစ်ပြီး အထူးသဖြင့် ဘရာဇီးနိုင်ငံဖြစ်သည်။ နောင်လာမည့် ၅ နှစ်တွင် ဘရာဇီးပဲပုပ်သည် တရုတ်နိုင်ငံ ပဲပုပ်တင်သွင်းမှုပမာဏ၏ ၆၀-၇၅ ရာခိုင်နှုန်းအကြားတွင် လည်းကောင်း၊ တောင်အမေရိကတစ်ခုလုံးမှ ပဲပုပ်သည် တရုတ်နိုင်ငံ စုစုပေါင်းပဲပုပ်တင်သွင်းမှုပမာဏ၏ ၇၀-၈၅ ရာခိုင်နှုန်းအကြားတွင်လည်းကောင်း အသီးသီးရပ်တည်နေမည်ဖြစ်ကြောင်း လေ့လာသုံးသပ်မှုများအရ သိရသည်။

ပဲပုပ်ထုတ်လုပ်မှုများမှာ အဓိကအားဖြင့် အမေရိကတိုက်ဘက်ရှိ နေရာဒေသများ ဖြစ်သော်လည်း ကမ္ဘာတွင် ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်သည့် နေရာဒေသများမှာလည်း အလွန်ပေါများပါသည်။ ဥပမာ- အရှေ့ဥရောပ၊ အာဖရိကတိုက် အစရှိသည့် ဒေသများဖြစ်ပြီး ၎င်းဒေသများမှာ ဈေးကွက်နည်းပါးကြောင်း သိရသည်။ အဆိုပါဒေသများအနေဖြင့်လည်း တရုတ်နိုင်ငံ၏ ရိုက်ခတ်မှုများကြောင့် ပဲပုပ်စိုက်ပျိုး ထုတ်လုပ်မှုဧရိယာများ တိုးချဲ့လာနိုင်မည်ဟု ခန့်မှန်းကြောင်း ဖော်ပြအပ်ပါသည်။

# တရုတ် နိုင်ငံခြားကုန်သွယ်ရေးလုပ်ငန်းများ အကောက်ခွန် လျှော့ချရေးမူဝါဒများမှ အကျိုးဖြစ်ထွန်းလျက်ရှိ

၂၀၁၉ ခုနှစ်၊ ဧပြီ ၁ရက်မှစ၍ သွင်းကုန်အပေါ် ကောက်ခံသည့် တန်ဖိုးဖြည့်အခွန်(VAT)နှုန်းကို လျှော့ချလာခဲ့ရာ အကောက် ခွန်သက်သာခွင့် မူဝါဒများ စတင်အကောင်အထည်ဖော်သည့် ပထမ လအတွင်း ဟူနန်ပြည်နယ်မှ နိုင်ငံခြားကုန်သွယ်ရေးလုပ်ငန်းပေါင်း ၁၆၆ခု တို့သည် ချန်းရှ အကောက်ခွန်ဌာနတွင် သွင်းကုန်ပစ္စည်းတန်ဖိုး ယွမ် ၅ ဒသမ ၆၂၃ ဘီလီယံ ခန့်အား အကောက်ခွန်ကြေညာခဲ့ပြီး အခွန်လျှော့ချမှုတန်ဖိုး စုစုပေါင်း ယွမ် ၁၆၉ သန်းကို ခံစားခဲ့ကြကြောင်း မေ ၇ ရက်တွင် ချန်းရှအကောက်ခွန်ဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အကောက်ခွန်ပြောင်းလဲမှုမှ အကျိုးကျေးဇူးရရှိခံစားနေကြသည့် ဟူနန်ပြည်နယ် သွင်းကုန်များတွင် အမျိုးအစား နှစ်မျိုးရှိသည်။ ပထမအမျိုးအစားမှာ တန်ဖိုးမြင့် အခွန်ကို ၁၆ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းသို့ လျှော့ချပေးခြင်းဖြစ်ပြီး အခွန်လျှော့ချမှုမှာ ယွမ် ၁၆၅ သန်း ရှိခဲ့ပါသည်။ ၎င်းအခွန်လျှော့ချမှုမှာ အဓိကအားဖြင့် သတ္တုရိုင်း၊ စက်ပစ္စည်းနှင့် လျှပ်စစ်ဆိုင်ရာ တန်ဆာပလာများ၊ မော်တော်ယာဉ်အစိတ်အပိုင်းများနှင့် နို့မှုန့်တို့ ပါဝင်ပါသည်။ ဒုတိယအမျိုးအစားမှာ ၁၀ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းသို့ လျှော့ချပေးခြင်းဖြစ်ပြီး အခွန်လျှော့ချမှုတန်ဖိုး ယွမ် လေးသန်းရှိကာ အဓိကအားဖြင့် ပဲပိစပ်၊ ပုစွန်တုပ်၊ တိရစ္ဆာန်အစာ၊ ဝါချည်နှင့် နွားသားရေပြားတို့နှင့် ဆက်စပ်နေသည်။

အကောက်ခွန်ဌာနမှ စာရင်းများအရ အခွန်အများဆုံး ပေးဆောင်ရသည့် ထိပ်တန်းသွင်းကုန်လုပ်ငန်းကြီး (၅) ခုတို့မှာ H unan Valin Iron & Steel Group Co., Ltd.,၊ Lens Technology Co., Ltd.,၊ YueyangGuansheng Investment Development Co., Ltd.,၊ CIC Supply Chain Co., Ltd., နှင့် Minmetals Copper (Hunan) Co. Ltd တို့ဖြစ်ကြောင်း၊ Valin ကုမ္ပဏီကို နမူနာပေးရလျှင် သံသတ္တုရိုင်း တင်သွင်းမှုအတွက် တန်ဖိုးဖြည့်အခွန်စည်းကြပ်မှုနှုန်းကို ၁၆ %မှ ၁၃ %သို့လျှော့ချပေးလိုက်သည့်အချိန်မှစ၍ ၎င်းကုမ္ပဏီမှာ ပထမ လအတွင်း အခွန်သက်သာခွင့် ယွမ် ၁၅ ဒသမ ၉၃ သန်းကို ရရှိခံစားလျက်ရှိကြောင်း သိရသည်။

VATစည်းကြပ်မှုကို လျှော့ချပေးထားသဖြင့် နိုင်ငံခြားကုန်သွယ်ရေးလုပ်ငန်းများ၏ အခွန်အခနှင့် ထုတ်လုပ်မှုကုန်ကျ စရိတ်များကို လျှော့ချပေးပြီး၊ ၎င်းတို့၏ ငွေကြေး ဝန်ထုပ်ဝန်ပိုးကို သက်သာစေကာ ရန်ပုံငွေစီးဆင်းမှုကို ပိုမို၍ လုပ်သာကိုင်သာ ရှိစေကြောင်း Valin သွင်းကုန်ပစ္စည်းများ ဝယ်ယူရေးဌာနခွဲမှ အကြီးအကဲက ပြောကြားသည်။ ဤသည်မှာ သွင်းကုန်နှင့် ပို့ကုန်လုပ်ငန်း အရွယ်အစားကို ချိန်ညှိပေးကာ၊ တင်သွင်းသော ကုန်ပစ္စည်းအမျိုးအစားကိုလည်း ပိုမိုများပြားလာစေပါသည်။ ကုမ္ပဏီအနေဖြင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပံ့ပိုးပေးရန် အမြတ်အစွန်း ပိုမိုရရှိပြီး စီမံခန့်ခွဲမှုကို တိုးတက်စေကြောင်းကိုလည်း ၎င်းက ထည့်သွင်းပြောကြားသွားခဲ့သည်။

**ရင်းမြစ်၊ hunan.gov.cn**

**ဒေါက်တာရွှေစင်ကို**

**စီးပွားရေးသံမှူး (နန်နင်းမြို့)**

# ရုရှားနိုင်ငံသည် ပဲပုပ်အပါအဝင် လယ်ယာထွက်ကုန် ပစ္စည်းများအား တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့ရန်လျာထား



ရုရှားနိုင်ငံအနေဖြင့် လက်ရှိတွင် တရုတ်နိုင်ငံသို့ လယ်ယာ ထွက်ကုန်ပစ္စည်း တင်ပို့မှုများအပေါ် စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိနေပြီး တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှုကို မြှင့်တင်ရန် စီမံကိန်း လျာထားမှုများရှိကြောင်း၊ လက်ရှိတွင် တရုတ်နိုင်ငံဘက်မှ Milk and poultry လုပ်ငန်း လုပ်ကိုင်သည့် ရုရှား စီးပွားရေးလုပ်ငန်း ၉၀ ခုအား ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှု မြှင့်တင်ရန် စီမံကိန်းများရေးဆွဲခဲ့ပြီး ၂၀၂၄ ခုနှစ်သို့ ရောက်ရှိပါက ပဲပုပ်တင်ပို့မှုပမာဏ နှစ်စဉ်တန် ၂ မီလီယံ မြင့်တက်မည့်အလားအလာရှိကြောင်း ခန့်မှန်းချက်များအရ သိရသည်။ စာရင်းဇယား များအရ ရုရှားနိုင်ငံ၏ ၂၀၁၈ ခုနှစ်၊ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့ မှုပမာဏမှာ တန် ၈၁၇၀၀၀ မီလီယံသို့ရောက်ရှိခဲ့ကြောင်း သိရကာ၊ တရုတ်နိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် ပဲပုပ်တန် ၈၉ဒသမ၉ မီလီယံ တင်သွင်းလိမ့်မည်ဖြစ်ကြောင်း သိရသည်။

စာရင်းဇယားများအရ ၂၀၁၈ ခုနှစ် တရုတ်-ရုရှား လယ်ယာထွက်ကုန်ပစ္စည်း ကုန်သွယ်မှုပမာဏမှာ ပထမဦးဆုံး အကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၅ ဘီလီယံ ကျော်လွန်ခဲ့သည်။ ၎င်းတို့အနက် တရုတ်နိုင်ငံ၏ ရုရှားနိုင်ငံမှ တင်သွင်းမှုမှာ ၅၁ဒသမ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ထိုကြောင့်လာမည့် ၁၀ နှစ်တာကာလ အတွင်း ရုရှား၏ နှစ်စဉ် စားနပ်ရိက္ခာ ထုတ်လုပ်မှုပမာဏကို တန် ၁၅၀ မီလီယံသို့ တိုးမြှင့်ရန် ရုရှားနိုင်ငံ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနမှ လျာထားခဲ့ပြီး၊ ၂၀၂၄ ခုနှစ်သို့ ရောက်ရှိပါက ရုရှားလယ်ယာ ထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံသို့ ရောက်ရှိစေမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ပဲပုပ်များ အလုံးအရင်းဖြင့် တရုတ်ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိသော်လည်း ပြီးခဲ့သည့်နှစ် ပဲပုပ်တင်သွင်းမှုပမာဏထက် ၇ဒသမ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ သို့သော် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ပဲပုပ်အများဆုံးတင်သွင်းသည့် နိုင်ငံအဖြစ် နေရာယူထားဆဲဖြစ်ပြီး၊ ကမ္ဘာ့နေရာအနှံ့အပြားတွင်ရှိသည့် ပဲပုပ်ထုတ်လုပ်သည့်နိုင်ငံများအား ဆွဲဆောင်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ အထူးသဖြင့် လက်ရှိအချိန်တွင် အမေရိကန်၊ အာဂျင်တီးနားနှင့် ကနေဒါနိုင်ငံတို့မှ ပဲပုပ်တင်သွင်းမှုပမာဏ တစ်ရှိန်ထိုး ကျဆင်းလာသည့်အခြေအနေအောက်တွင် တရုတ်နိုင်ငံ ပဲပုပ်တင်သွင်းမှု အစုရှယ်ယာရရှိမှုကိုလည်း များစွာ ပြောင်းလဲမှုများ ဖြစ်ပေါ်စေကြောင်း သိရသည်။

အချုပ်အားဖြင့် တရုတ်နိုင်ငံ ပဲပုပ်ဈေးကွက်၏ အဓိက တင်သွင်းသည့် နိုင်ငံများမှာ ယခင်အတိုင်း မပြောင်းလဲဘဲ ဘရာဇီး၊ အမေရိကန်၊ အာဂျင်တီးနား အစရှိသည့် နိုင်ငံများပင်ဖြစ်နေသေးသော်လည်း အစုရှယ်ယာများမှာ သိသိသာသာ ပြောင်းလဲမှု များကို ဖြစ်ပေါ်စေခဲ့သည်။ ၎င်းတို့အနက် အာဂျင်တီးနားနိုင်ငံ၏ ရာသီဥတုအခြေအနေကြောင့် တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှု ကျဆင်းလာခြင်း၊ အမေရိကန်ပဲပုပ်များမှာလည်း မရိတ်သိမ်းနိုင်ဘဲ မြေကြီးအတွင်း၌ပင် ပုပ်သိုးသွားခြင်း၊ ကနေဒါ ပဲပုပ်များမှာလည်း အရည်အသွေးပိုင်းဆိုင်ရာ ပြဿနာများကြောင့် တင်ပို့မှုပမာဏ ကျဆင်းလာခြင်းများကြောင့် ဘရာဇီးပဲပုပ်သည် ဈေးကွက်အတွင်း နေရာရရှိလာသည်။

သို့သော် ဘရာဇီးနိုင်ငံအနေဖြင့် လက်ရှိအခြေ အနေအား ထိန်းထားနိုင်မည်လားဟု မေးစရာဖြစ်လာသည်။ တစ်ဖက်က ကြည့်မည်ဆိုပါက ရုရှားနိုင်ငံသည် နိုင်ငံ၏ ပဲပုပ်များကို တရုတ်နိုင်ငံဈေးကွက်သို့ဝင်ရောက်ရန်အတွက် ပြင်ဆင်နေပြီးဖြစ်ပြီး၊ အခြားတစ်ဖက်က ကြည့်မည်ဆိုပါက ပြိုင်ဘက်ဟောင်းဖြစ်သည့် အာဂျင်တီးနားနိုင်ငံသည်လည်း ဈေးကွက်ယှဉ်ပြိုင်မှုများ ပြန်လည်ပြုလုပ်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။ နောက်ဆုံး သတင်းများအရ လာမည့် သီတင်းပတ်များအတွင်း Argentina's main agricultural production area အတွင်း ပဲပုပ်များကို စတင်ရိတ်သိမ်းတော့မည်ဖြစ်ပြီး အာဂျင်တီးနားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုများကို တတ်ကြွစွာ မြှင့်တင်မှုများ ပြုလုပ်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**ဒေါက်တာနုနုခိုင်**

# အမေရိကန်သွင်းကုန်များကို တရုတ်က အခွန်နှုန်းထား တိုးမြှင့်သွားမည်

အေးခဲဟင်းသီးဟင်းရွက်နှင့် သဘာဝဓာတ်ငွေ့ အရည် အပါအဝင် အမေရိကန်ကုန်စည် အမျိုးမျိုးကို သွင်းကုန်ခွန် ကြီးကြီးမားမား စည်းကြပ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံက မေ ၁၃ ရက်တွင် ပြောဆိုလိုက်သည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံကို သွင်းကုန်ခွန် တိုးမြှင့် မစည်းကြပ်ရန် သတိပေးပြီးနောက် တရုတ်နိုင်ငံက ကုန်သွယ်ရေးစစ်မှာ တန်ပြန်လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။

ဇွန် ၁ ရက်ကစပြီး အမေရိကန် ကုန်ပစ္စည်း အမယ် ၅၁၄၀ အပေါ်မှာ ထပ်တိုးသွင်းကုန်ခွန် ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်းနဲ့ ၂၅ ရာခိုင်နှုန်းအသီးသီး စည်းကြပ်မည်ဟု တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

တရုတ်သွင်းကုန်ဒေါ်လာဘီလီယံ ၂၀၀ ဖိုးလောက်ကို အမေရိကန်က အခွန် နှစ်ဆခွဲတိုးကောက်ခဲ့ပြီးတဲ့နောက် တရုတ်ကလည်း အမေရိကန်သွင်းကုန်များကို အခွန်နှုန်းထား တိုးမြှင့်စည်းကြပ်လိုက်သည်။ စတော့ရှယ်ယာဈေးကွက်၌လည်း ဈေးနှုန်းများ ထိုးကျခဲ့ပြီး ဒေါ်ဂျုန်းစ် စက်မှုရှယ်ယာအညွှန်းကိန်းက အမှတ် ၆၀၀ ကျဆင်းခဲ့သည်။ အာရှနှင့် ကမ္ဘာ့ရှယ်ယာ ဈေးများ ဆိုးဆိုးရွားရွား ကျဆင်းခဲ့သည်။ အခွန်တိုးကောက်ခံရမည့်ပစ္စည်းများမှာ အမဲသား၊ သိုးသားနှင့် ဝက်သားသာမက ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ သစ်သီးဖျော်ရည်၊ ဟင်းချက်ဆီ၊ လက်ဖက်ရည်နှင့် ကော်ဖီတို့ ပါဝင်သည်။ အခွန်ထပ်တိုးကောက်ရုံသာမက တန်ဖိုးဒေါ်လာ ၃၂၅ ဘီလီယံခန့်ရှိ တရုတ်သွင်းကုန်အားလုံးကို လိုအပ်လျှင် အခွန်ထပ်တိုးကောက်ခံရန် အမေရိကန် ကုန်သွယ်ရေးဝန်ကြီးဌာနကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ညွှန်ကြားထားသည်။

**ခင်မြနွယ်**

# အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲမှ ဂယက်ရိုက်ခတ်လာမည်ကို ဗီယက်နမ်စီးပွားရေးလုပ်ငန်းတို့စိုးရိမ်



အမေရိကန်-တရုတ် ကုန်သွယ်မှုစစ်ပွဲကျယ်ပြန့်လာမည်ကို ဗီယက်နမ်စီးပွားရေးလုပ်ငန်း အများအပြား မျက်စိထောက်ထောက်ကြည့်နေကြောင်းနှင့် သူတို့လုပ်ငန်းတွေအပေါ် ဆိုးရွားစွာ ဂယက်ရိုက်ခတ်လာမည်ကိုလည်း စိုးရိမ်နေကြောင်း ဗီယက်နမ် နယူးအေဂျင်စီသတင်းတွင် ဖော်ပြသည်။

မကြာသေးမီက အမေရိကန်ပြည်ထောင်စုသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ဖိုးရှိ တရုတ်ထုတ်ကုန်များအပေါ် အခွန်ကို ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့တိုးမြှင့်ကောက်ခံခဲ့ပြီး နောက်ထပ်မံ၍ အမေရိကန်ဒေါ်လာ ၃၀၀ ဖိုးရှိတရုတ်ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံရန် စတင်ဆောင်ရွက်လျက်ရှိသည်။

လက်တုံ့ပြန်သည့်အနေဖြင့်တရုတ်နိုင်ငံက အမေရိကန်ကုန်ပစ္စည်း ထောင်ပေါင်းများစွာကိုအခွန်တိုးမြှင့်ကြောင်း ကြေညာခဲ့သည်။

“တရုတ်ယွမ်တန်ဖိုးကျဆင်းတာ၊ ကမ္ဘာမှာအမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်နေတာနဲ့ အမေရိကန်ဒေါ်လာနဲ့ ဗီယက်နမ်ဒေါင်ဖလှယ်နှုန်းမတည်ငြိမ်တာတွေအားလုံးက ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်တွေကို ထိခိုက်စေပါတယ်” ဟု အမေရိကန်ပြည်ထောင်စုသို့ ပြုပြင်ပြီး အစားအစာကိုတင်ပို့ပြီး တရုတ်နိုင်ငံမှ စက်မှုကုန်ကြမ်းများကို တင်သွင်းသူ Argex Saigon Foodstuffs JSC ကုမ္ပဏီမှ ညွှန်ကြားရေးမှူးချုပ် ဖန်ဟိုင်လောင်းက လုပ်သား နေ့စဉ်သတင်းစာကို ပြောသည်။

ဗီယက်နမ် ဒေါင်တန်ဖိုးကျဆင်းပါက ဗီယက်နမ်ပို့ကုန်လုပ်ငန်းကုမ္ပဏီများအကျိုးရှိပြီး ပို့ကုန်လုပ်ငန်းရှင်များအတွက်ဈေးနှုန်းမြင့်တက်ပါက ဝယ်လိုအားကျဆင်းကြောင်းနှင့် ဗီယက်နမ် စီးပွားရေးလုပ်ငန်းများကို ထိခိုက်ကြောင်း သူကပြောသည်။

ထို့ကြောင့် ယခုအချိန်တွင် အစိုးရအတွက် အရေးအကြီးဆုံး အချက်မှာ ငွေကြေးဖလှယ်နှုန်း အတက်အကျအများကြီးမဖြစ်အောင် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်းလည်း သူက ပြောသည်။

ဗီယက်နမ်နိုင်ငံသည် ကုန်သွယ်ရေးစစ်ပွဲမှ ပို့ကုန်လုပ်ငန်းများအပါအဝင်အကျိုးအမြတ်ရရှိအောင်ဆောင်ရွက်သင့်ကြောင်း ဟိုချီမင်းစီးတီးစီးပွားရေးလုပ်ငန်းအသင်းများသမဂ္ဂ၏ ဒုတိယဥက္ကဋ္ဌဖန်ငေါ့ဟန်းက ပြောသည်။

တရုတ်နှင့် အခြားနိုင်ငံခြား စီးပွားရေးလုပ်ငန်းများက သူတို့ ရင်းနှီးမြှုပ်နှံမှုများကို တရုတ်နိုင်ငံမှ ဗီယက်နိုင်ငံ အပါအဝင် အခြားဈေးကွက်များသို့ ရွှေ့ပြောင်းခြင်းက ဗီယက်နမ်ရှိကဏ္ဍအများအပြားကိုဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း သူက ပြောသည်။

# ဝင်ငွေစံချိန်ကျိုးခဲ့သော်လည်း စင်ကာပူအဲလိုင်း အမြတ်ကျဆင်း

ခရီးသည်အရေအတွက်မြင့် တက်သဖြင့် လေကြောင်းလိုင်း၏ နှစ်အလိုက်ဝင်ငွေမှာမြင့်တက်ခဲ့သော်လည်း လောင်စာစရိတ်မြင့်တက်မှုက အမြတ်ငွေကို ထက်ဝက်ကျဆင်းစေခဲ့တယ်လို့ စင်ကာပူအဲလိုင်းကုမ္ပဏီ (Singapore Airlines Ltd) ကမေ ၁၆ရက်မှာပြောကြောင်း ချန်နယ်နယူးအေရှသတင်းတွင်ဖော်ပြသည်။

လေကြောင်းလိုင်းက ပို့ဆောင်ပေးသည့် ခရီးသည်အရေအတွက် ၇ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်သဖြင့် မတ် ၃၁ မှာကုန်ဆုံးသော ဘဏ္ဍာနှစ်မှာ ရရှိသောဝင်ငွေမှာ စင်ကာပူဒေါ်လာ ၁၆ ဒသမ ၃၁ ဘီလီယံရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

စင်ကာပူအဲလိုင်း၊ ဆစ်ခ်အဲ (SilkAir)နှင့် စကု (Scoot) တို့ပါဝင်သော လေကြောင်းလိုင်းအုပ်စု၏ သယ်ယူပို့ဆောင်ရေး လေယာဉ်များတွင်လိုက်ပါသော ခရီးသည်အရေအတွက်မှာ ပျမ်းမျှလိုက်ပါသော ခရီးသည်အရေအတွက်နှင့် နှိုင်းယှဉ်ပါက ၈၃ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်တက်ခဲ့သည်။

လေကြောင်းလိုင်းအုပ်စု၏ အသားတင်အမြတ်မှာ ယခင်နှစ်က စင်ကာပူဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရှိခဲ့ရာမှ ယခုအခါ စင်ကာပူဒေါ်လာ ၆၈၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့တဲ့အတွက် ၄၇ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်။လောင်စာဆီအတွက် အသားတင်ကုန်ကျစရိတ်က သုံးပုံနှစ်ပုံမြင်တက်တဲ့အတွက် လေကြောင်းအုပ်စု၏ အသုံးစရိတ်သည် စင်ကာပူဒေါ်လာ ၉၉၉ သန်းရာခိုင်နှုန်းအားဖြင့် ခုနစ်ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ယခုနှစ်အတွင်း ဂျက်လေယာဉ်ဆီဈေးနှုန်းက ပျမ်းမျှ ၂၁ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်တဲ့အတွက် လောင်စာဆီအတွက် ကုန်ကျစရိတ်မှာ စင်ကာပူဒေါ်လာ ၆၈၈ သန်းပိုမိုခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၂၁ ဒသမ ၆ ရာခိုင်နှုန်းပိုမိုခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် ရေနံကြွယ်ဝသော အီရန်နိုင်ငံတို့၏တင်းမာမှုပြင်းထန်လာသည့်အတွက် ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။




# အမေဇုန်၏ ဖိနပ်နှင့် စောင်များတွင် ဟိန္ဒူနတ်ဘုရားပုံများပါနေသဖြင့် အိန္ဒိယ၌ ရောင်းအားကျဆင်း

အမေဇုန်သည် အိန္ဒိယနိုင်ငံတွင် လူမှုမီဒီယာများ၏ တုံ့ပြန်မှုကို မေ ၁၆ ရက်က ရင်ဆိုင်နေရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အမေရိကန်လက်လီရောင်းချရေးဝက်ဘ်ဆိုက်ဖြစ်သော အမေဇုန်တွင် ဖော်ပြထားသောကုန်ပစ္စည်းများဖြစ်သည့် ရေအိမ်သုံး ထိုင်ခုံအဖုံးများနှင့် အခြားသော ကုန်ပစ္စည်းများတွင် ဟိန္ဒူနတ်ဘုရားပုံများကိုတွေ့ရပြီးနောက် ‘အမေဇုန်ကို သပိတ်မှောက်ကြ’ BoycottAmazon ဆိုသည့် ရေးသားချက်များ တွစ်တာပေါ်တွင် ပလူပျံအောင်ထွက်ပေါ်ခဲ့သည်။

သပိတ်မှောက်ရန်တိုက်တွန်းချက်ကို တွစ်တာအသုံးပြုသူထောင်ပေါင်းများစွာက ထောက်ခံခဲ့သည်။ ကမ္ဘာတွင် အကြီးဆုံးအွန်လိုင်းလက်လီလုပ်ငန်းကြီးအား အရေးယူပေးရန် အချို့က အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆုရှမာဆွာရပ်အား တိုက်တွန်းကြသည်။

ယခုအဖြစ်အပျက်မျိုးကို ၂၀၁၇ ခုနှစ်ကလည်း ဖြစ်ခဲ့ဖူးသည်။ ထိုအချိန်က ဝါရှင်တန်အခြေစိုက်ကုမ္ပဏီ ဆီအက်တဲလ် Seattle က ဆောင်ရွက်နေသော ကနေဒါဝက်ဆိုက်တစ်ခုတွင် အိန္ဒိယနိုင်ငံအလံနှင့်တူသော ခြေသုတ်ဖုံတစ်ခုကို ရောင်းချနေသဖြင့် အရေးယူ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ ယခုကိစ္စနှင့်ပတ်သက်၍အမေဇုန်အား မေးမြန်းရာတွင် ပြန်လည်ဖြေကြားခြင်းမရှိကြောင်း သိရသည်။

ခြေသုတ်ဖုံကိစ္စပေါ်ပေါက်စဉ်က ခြေသုတ်ဖုံများကို ကုမ္ပဏီဝက်ဘ်ဆိုက်မှ ဖယ်ရှားမပေးပါက အမေဇုန်ဝန်ထမ်းများ၏ဗီဇာကို ပြန်လည်ရုပ်သိမ်းမည် ဖြစ်ကြောင်း ဆွာရပ်က ခြိမ်းခြောက်ခဲ့ သည်။

အမေဇုန်၏ အမေရိကန်ဝက်ဘ်ဆိုက်ရှိ ဟိန္ဒူနတ်ဘုရား သို့မဟုတ် ဟိန္ဒူ အထွတ်အမြတ်အမှတ်အသားများပါသည့် ရေအိမ်သုံးထိုင်ခုံအဖုံးများ၊ အားကစားဖိနပ်များ၊ စောင်များနှင့် အခြားပစ္စည်းများကို ဖယ်ရှားထားသည်ကို တွေ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အချို့သော ကုန်ပစ္စည်းအမယ်များကို ဝယ်၍မရတော့သည့်အတွက် အမေဇုန်သည် ၂၀၁၇ ခုနှစ်ကကဲ့သို့ပင် ဆောင်ရွက်ခဲ့ဟန်တူကြောင်း သုံးသပ်ထားသည်။

# ပို့ကုန်ကျဆင်းမှုကြောင့် တောင်ကိုရီးယားစတော့ဒိုင်စာရင်းဝင်ကုမ္ပဏီများ ပထမသုံးလပတ် အသားတင်အမြတ်ကျဆင်း

ပို့ကုန်လုပ်ငန်းတွေ ကျဆင်းသည့်အတွက် ယခုနှစ်ပထမသုံးလပတ်မှာ တောင်ကိုရီးယား စတော့ဒိုင်စာရင်းဝင်ကုမ္ပဏီများ၏ အသားတင်အမြတ်မှာ ၄၀ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ထုတ်ပြန်ထားတဲ့ ကိန်းဂဏန်းတွေအရ သိရကြောင်း ကိုရီးယားဟာရယ်သတင်း၌ ဖော်ပြထားသည်။


ဇန်နဝါရီ-မတ် သုံးလတာကာလအတွင်းမှာ ပင်မစတော့ဒိုင်မှာ မှတ်ပုံတင်ထားသည့် ငွေကြေးဝန်ဆောင်မှုမဟုတ်သော ကုမ္ပဏီ ၅၇၃ ခု၏စုစုပေါင်း အသားတင်အမြတ်မှာဝမ် ၂၀ ဒသမ ၉ ထရီလီယံ(အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလီယံ) ရှိခဲ့သဖြင့် လွန်ခဲ့တဲ့ တစ်နှစ်အောက် ၃၈ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ကိုရီးယားအိတ်ချိန်းနှင့် ကိုရီးယားစတော့ဒိုင်စာရင်းဝင် ကုမ္ပဏီများအသင်းတို့က ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ သိရသည်။

ဒီဇင်ဘာအထိ စီးပွားရေးလုပ်ငန်းများ၏ ရောင်းချမှုက ဝမ် ၄၈၄ ဒသမ ၃ ထရီလီယံထိ ရောက်ရှိခဲ့သည့်အတွက် သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ သည်။ ကုမ္ပဏီများလုပ်ငန်းလည်ပတ်မှုအမြတ်က ဝမ် ၂၇ ဒသမ ၈ ထရီလီယံရှိသည့်အတွက် ၃၆ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

နောက်ဆုံးအသားတင်အမြတ်ကျဆင်းရခြင်းမှာ အဓိကအားဖြင့် အမေရိကန်နှင့် တရုတ်တို့၏ကုန်သွယ်ရေးစစ်ပွဲ နှင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကျဆင်းပြီးနောက်ပိုင်း တောင်ကိုရီးယားပို့ကုန်ကျဆင်းခဲ့သောကြောင့် ဖြစ်သည်။

တောင်ကိုရီးယားပို့ကုန်သည် ချစ်ပ်လုပ်ငန်းများအတွက် ပြည်ပဝယ်လိုအားကျဆင်းမှုကြောင့် ပထမသုံးလပတ်မှာ ၈ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာ ၁၃၂ ဒသမ ၇ ဘီလီယံရှိခဲ့သည်။ တောင်ကိုရီးယားတစ်ပိုင်လျှပ်ကူးပစ္စည်းတင်ပို့မှုမှာ ၂၁ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

**စံမီအောင် စုစည်းသည်**


ALPINE
Purified Drinking Water
PROMISES PURITY



CHERRY OO
မိုးရာသီအကြို
Special Promotion
1~31 May-2019
25% Discount
50,000Ks Gift Voucher + 5% Discount
15% Discount
30,000Ks Gift Voucher + 5% Discount
7% Discount
ကျပ်(၃၀,၀၀၀)နှင့်အထက် နာရီဝယ်ယူသူတိုင်း
ခဲခြစ်ကံစမ်းမဲတစ်စောင် ရရှိမည်
https://www.facebook.com/cherryoowatchgallery
Contact : 09 730 222 48, 09 451 522 228



WINNER POWER INT'L CO.,LTD.
If the steel foundations are the bones and spines of building,
the cables are the blood vessels that feed life to it.
We produce world class quality cables to ensure 100% reliability and safety.
- SAC (Space Aerial Cable) for 11kV, 33kV Line and accessories
- Outdoor Aluminium Insulated Cable for 400V Line
- Bare Copper Wire (HDBC, Stranded)/
- 600/100V to 6/10(12)kV Tray Flame Reatardant Cable (TFR-CV)
- Over head Transmission and Distribution Line (ACSR, ACSR-OW)
- Building/House Wire 450/750V CU/PVC (IEC-60227)
- Industrial Power Cable 600/1000V CU/XLPE/PVC (IEC-60502)
- Fire Protection Cable
- Control Cable
- Halogen Free Flame Reatardant Cable
- Communication Cable
한미전선주식회사
HANMI ELECTRIC WIRE CO., LTD.
TAESUNG
MCB, MCCB, ELCB
ACB, ATS, RCCB,
No.(A-23), U WISARA ROAD, NORTH DAGON INDUSTRIAL ZONE, NORTH DAGON T/S, YANGON.
Tel : 09-5128308, 09-5066534, 09-43085089, 43085086, 43082132.
E-mail: winnerpowerint@gmail.com.

COMMERCE INTERNATIONAL

# အရှိန်တစ်ဖန် ပြန်လည်မြင့်လာသည့်

# w½kwf tar&d efukeoGa&;ppfyGJ



တရုတ်နှင့် အမေရိကန်တို့၏ ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းပွဲများသည် မေ ၁၂ရက်တွင် အမေရိကန်ဘက်က တရုတ်ဥပဒေခိုင်ခိုင်မာမာ ပြောင်းလဲမှုများပြုလုပ်ရန် ကတိကဝတ်များကို တောင်းဆိုလိုက်ကတည်းက ရှေ့မတိုးသာ နောက်မဆုတ်သာသည့် အနေအထား၌ ရပ်တန့်သွားခဲ့သည်။ တရုတ်ဘက်က ၎င်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် မည်သည့်လုပ်ရပ်ကိုမှ လုပ်လိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ထိပ်သီး စီးပွားရေးအင်အားကြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲသည် သမ္မတထရမ့်က တရုတ်နိုင်ငံသည် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်နေသည့်လများအတွင်း အစောပိုင်းက ပြုထားသည့် ကတိကဝတ်များအပေါ် ဖောက်ဖျက်သည်ဟု ပြောကြားပြီးနောက် မေ ၁၀ရက်တွင် အမေရိကန်က ဒေါ်လာ ၂၀၀ ဘီလီယံတန်ဖိုးရှိ တရုတ်ကုန်စည်များအပေါ် အခွန် နှုန်းမြှင့်တင် ကောက်ခံလိုက်ကတည်းက အရှိန်မြင့်တက်လာသည်။

အိမ်ဖြူတော်မှ စီးပွားရေးအကြံပေးဖြစ်သူ Larry Kudlow ၏ ပြောကြားချက်အရ တရုတ်နိုင်ငံသည် အမှန်တကယ်ပြုလုပ်မည့် အပေးအယူအတွက် အလွန်ခိုင်မာသော (ဥပဒေ၊ စည်းကမ်း) အတိုင်း လိုက်နာဆောင်ရွက်မှုကတိကဝတ်များကို သဘောတူရန်လိုအပ်ကြောင်း၊ သို့ရာတွင် သဘောတူထားသည့် ပြောင်းလဲပေးရမည့် ဥပဒေများကို ဆောင်ရွက်ရန် တွန့်ဆုတ်နေကြောင်း၊ စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်နေစဉ်အတွင်း အမေရိကန်၏ အခွန်နှုန်းများကို ဤအတိုင်းဆက်လက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

## တရုတ်ဘက်က တုံ့ပြန်ရပ်တည်မှု

တရုတ်နိုင်ငံ၏ အာဏာရပါတီဖြစ်သည့် ကွန်မြူနစ်ပါတီက ထုတ်ဝေသော မေ ၁၃ ရက်ထုတ် ပြည်သူ့နေ့စဉ်သတင်းစာ၏ ခေါင်းကြီးပိုင်းတွင် တရုတ်နိုင်ငံသည် မည်သည့်အချိန်တွင်မျှ နိုင်ငံ၏ လေးစားမှုကို လက်လွှတ်ဆုံးရှုံးခံမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံ၏ ပင်မအကျိုးစီးပွားများကို ထိခိုက်နစ်နာစေသည့် မည်သည့်အရာကိုမျှ မျှော်လင့်မထားသင့်ကြောင်း ဖော်ပြထားသည်။

ပေကျင်းသည် ဆွေးနွေးပွဲများကို လမ်းဖွင့်ပေးသော်လည်း အခြေခံကျသည့် အရေးကြီးသော ကိစ္စရပ်များအပေါ် ဆွေးနွေးနိုင်ခြင်းမရှိသေးကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။

တရုတ်၏ အမျိုးသားရေး Global Times tabloid သတင်းစာတွင်လည်း ကုန်သွယ်ရေးစစ်ပွဲကို ကြောက်ရွံ့ရန် အကြောင်းရင်းတစ်စုံတစ်ရာမရှိကြောင်း၊ တရုတ်လူမျိုးများမှာ မည်သည့်ကုန်သွယ်ရေး စစ်ပွဲကိုမျှ နှစ်လိုခြင်းမရှိသော်လည်း မိမိနိုင်ငံ၏ ကိုယ်ပိုင်အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို ထိပါးလာပါက ကာကွယ်ရန်နှင့် တရုတ်လူမျိုးများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို ကာကွယ်ရန် အလို့ငှာ မည်သည့်အရာကိုမျှ ခေါင်းငုံ့သည်းခံနေမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

မေ ၁၂ ရက်တွင် သမ္မတ ထရမ့်က Twitter လူမှုကွန်ရက်ပေါ်တွင် ‘တရုတ်နိုင်ငံက ဝယ်ယူနေသည့် ပစ္စည်းများကို မိမိတို့ပြည်တွင်းထုတ်လုပ်သူများထံမှ သို့မဟုတ် အခြားနိုင်ငံများထံမှ ဝယ်ယူသွားနိုင်ကြောင်း’နှင့် ‘တရုတ်ထံမှ ဒေါ်လာ ဘီလီယံနှင့်ချီ၍ အခွန်အကောက်များ ကောက်ယူသွားနိုင်ကြောင်း’ဟု အမေရိကန်အားအသာစီးရနေသည့် အနေအထားမှနေ၍ ရေးသားဖော်ပြသွားခဲ့သည်။

အမှန်စင်စစ်တွင်မူ တရုတ်အစိုးရ သို့မဟုတ် တရုတ်နိုင်ငံတွင်တည်ရှိသော တရုတ်လုပ်ငန်းများမှ တိုးမြှင့်လာသော အခွန်အခများကို ပေးဆောင်ရသည်မဟုတ်ဘဲ များသောအားဖြင့် တရုတ်ကုန်စည်များကို တင်သွင်းသော အမေရိကန်ကုမ္ပဏီများ သို့မဟုတ် အမေရိကန်တွင် မှတ်ပုံတင်ထားသော နိုင်ငံခြားကုမ္ပဏီများက ပေးဆောင်ရသည်ဖြစ်ရာ ကုန်ကျစရိတ်များမှာ အမေရိကန်ပြည်ထောင်စုအတွင်းရှိ စားသုံးသူများ၊ အများဆုံးထုတ်လုပ်သူများနှင့် စားသုံးသူများမှ ကျခံရသည်သာဖြစ်သည်။

ယင်းကိစ္စရပ်အပေါ် မည်သူက နစ်နာသနည်းဟု စီးပွားရေးအကြံပေးဖြစ်သူ Kudlow ကို မေးမြန်းခဲ့ရာ နှစ်ဖက်စလုံးမှ နစ်နာသည်ဟု ဖြေကြားခဲ့သဖြင့် “အမေရိကန်က ရင်ဆိုင်နိုင်သည်”ဟု သမ္မတ ထရမ့်၏ ပြောကြားချက်နှင့် ကွဲလွဲနေပြန်သည်။

အမေရိကန်အနေဖြင့် တရုတ်နှင့် တစ်ဖက်သတ်ကုန်သွယ်မှုအလေ့အထများကို နှစ်ပေါင်း ၂၀ ကျော်ရင်ဆိုင်ခဲ့ရပြီးဖြစ်ကြောင်း၊ ၎င်းအနေအထားကို ပြုပြင်ရန် မည်သည့်ဆောင်ရွက်နိုင်သည့် နည်းလမ်းဖြင့်မဆို အမေရိကန်၏ စီးပွားရေးကို မထိခိုက်စေဘဲ ထိခိုက်ဆုံးရှုံးနိုင်ခြေကို ယူသွားသင့်ကြောင်းနှင့် ယူသွားနိုင်ကြောင်း Kudlow က ထည့်သွင်းပြောကြားခဲ့သည်။

## G20 ထိပ်သီးအစည်းအဝေးပွဲ

လာမည့် ဇွန်လနှောင်းပိုင်းအတွင်း ဂျပန်နိုင်ငံ၌ ကျင်းပမည့် G20 ထိပ်သီးအစည်းအဝေးပွဲကာလအတွင်း အမေရိကန်သမ္မတနှင့် တရုတ်သမ္မတတို့ တွေ့ဆုံသွားရန် ဖြစ်နိုင်ခြေများကြောင်း သိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အထိ ၎င်း ထိပ်သီးအစည်းအဝေးပွဲ၌ အမေရိကန်နှင့် တရုတ်တို့က ကုန်သွယ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးသွားနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားကြသော်လည်း သဘောတူညီချက်မူကြမ်းကို ထပ်မံသုံးသပ်မှုများပြုလုပ်ရန် တရုတ်ဘက်က အဆိုပြုပြီးနောက်ပိုင်းတွင် ကုန်သွယ်ရေးဆွေးနွေးပွဲများ၌ အဓိကနောက်ပြန်ဆွဲမှုများ ဖြစ်ပေါ်လာခဲ့သည်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်မှ အတင်းအကျပ်တွန်းအားပေးသော နည်းပညာ လွှဲပြောင်းမှုများအထိ ကိစ္စရပ်များအပေါ် မူဝါဒအသစ်များ ပြဋ္ဌာန်းရန် တရုတ်ဥပဒေများကို ပြောင်းလဲသွားရန် ကနဦးပြုခဲ့သည့် ကတိကဝတ်များကို တရုတ်ဘက်က ပယ်ဖျက်လိုခဲ့သည်။

မေ ၉ ရက်နှင့် ၁၀ ရက်များတွင် တရုတ်ဒုတိယသမ္မတလည်းဖြစ်၊ တရုတ်၏ထိပ်တန်း စီးပွားရေးအကြံပေးလည်းဖြစ်သူ Liu He နှင့် အမေရိကန်ထိပ်သီးအရာရှိများ ဝါရှင်တန်၌ တွေ့ဆုံစဉ်က တရုတ်နိုင်ငံသည် ၎င်း၏နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများမှတစ်ဆင့် မူဝါဒပြောင်းလဲမှုများကို ပြုလုပ်နိုင်သည်ဟု ငြင်းချက်ထုတ်ခဲ့သော်လည်း ယခင်ဖော်ပြခဲ့သည့် စာသားများကို ပြန်လည်ထည့်သွင်းရေးအပေါ် အမေရိကန်က ခုခံပြောဆိုခဲ့သည်။

အမေရိကန်ဘက်က အခွန်နှုန်းမြှင့်တင်ခြင်းအပေါ် တရုတ်က ခိုင်မာစွာဆန့်ကျင်ခဲ့ပြီး တုံ့ပြန်ရမည်ဖြစ်ကြောင်း မေ ၁၁ ရက်တွင် တရုတ်ဒုတိယသမ္မတက ပြောကြားခဲ့သည်။ သို့ရာတွင် မေ ၁၃ ရက်အထိ စတင်ခြင်းမရှိသေးပါ။ သမ္မတထရမ့်က ကျန်ရှိနေသေးသည့် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ တန်ဖိုးရှိ တရုတ်နိုင်ငံကတင်သွင်းကုန်များအားလုံးအပေါ် သွင်းကုန်ခွန် ကောက်ခံသွားရန် အမိန့်ပေးထားသည်။

မေ ၁၀ ရက်က တိုးမြှင့်ခဲ့သည့် ကုန်စည်များအပြင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ တန်ဖိုးရှိ တရုတ်သွင်းကုန်များအပေါ်တွင်ပါ သွင်းကုန်ခွန်စည်းကြပ်မှုနှုန်းကို ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့ မြှင့်တင်သွားဖွယ်ရှိသည်။

ကုန်သွယ်ရေးစစ်ပွဲအတွင်း သမ္မတထရမ့်ကို အဓိက ထောက်ခံခဲ့သည့် အမေရိကန် လယ်သမားများမှာ ထိခိုက်နစ်နာမှုအများဆုံးဖြစ်ကာ ၂၀၁၈ ခုနှစ်တွင် ၁၆ နှစ်အတွင်း အနိမ့်ဆုံးအဖြစ် တရုတ်နိုင်ငံသို့ ပဲပိစပ်သဘော်ာတင်ပို့မှု ကျဆင်းခဲ့သည်။

လွတ်လပ်သောကုန်သွယ်ရေး အတွေးအမြင်ရှိသည့် ရီဘတ်ဘလစ်ကန်ပါတီကို ထောက်ခံသူများက အကောက်ခွန်နှုန်းများသည် စီးပွားရေးကို အမှန်တကယ် ထိခိုက်နစ်နာစေနိုင်ပြီး ထရမ့်အားထောက်ခံအားပေးသူများအပါအဝင် လယ်သမားအများအပြားကိုလည်း နစ်နာစေလျက်ရှိကြောင်း သတိပေးပြောကြားထားသည်။

## ရွေးကောက်ပွဲ ထပ်မံဝင်ရောက်ရန်ရှိသည့် ထရမ့်

သမ္မတထရမ့်သည် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲအတွက် ထပ်မံရွေးကောက်ခံသွားရန် လှုပ်ရှားလာရာ အချို့သော ပြည်နယ်များတွင် ထောက်ခံမှုများကျဆင်းဖွယ်ရှိနေသည်။ ၂၀၁၆ ခုနှစ်က ၎င်းအနိုင်ရရှိခဲ့သော အိုင်အိုဝါ အပါအဝင် ပြည်နယ်အချို့ရှိ လယ်သမားများမှာ ကုန်သွယ်ရေးအငြင်းပွားမှုကြောင့် ထိခိုက်နစ်နာလျက်ရှိသည်။

အကယ်၍ ယခုအချိန်တွင်မှ ဖြေရှင်းနိုင်ခြင်း မရှိခဲ့လျှင် ၎င်း၏ရွေးကောက်ပွဲကို ထိခိုက်နိုင်ကြောင်း သတိပေးပြောကြားမှုများရှိသော်လည်း၊ ထရမ့်၏ အကြံပေးများကမူ နိုင်ငံ၏ ကြံ့ခိုင်အားကောင်းမှုကို ပြသခြင်းဖြစ်၍ ယုံကြည်မှုရှိနေကြသည်။

ထရမ့်၏ စီမံခန့်ခွဲမှုနှင့် ရွေးကောက်ပွဲဝင် အဖွဲ့များသည် အခွန်နှုန်းကြောင့် လယ်သမားများ၏ ထိခိုက်နစ်နာမှုများကို သတိပြုပြီးဖြစ်ကြကာ အစိုးရ၏ ထောက်ပံ့မှုဖြင့် ထိခိုက်နစ်နာမှုများကို ကုစားရန် နည်းလမ်းရှာဖွေလျက်ရှိကြသည်။ လယ်သမားများမှာ မျိုးချစ်များဖြစ်ကြသဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရန် မည်သို့ဆောင်ရွက်ရသည်ဆိုသည်ကို နောက်ဆုံးတွင် နားလည်သွားမည် ဖြစ်ကြောင်း၊ ကာလကြာရှည်သော ကစားပွဲဖြစ်သော်လည်း အဆုံးစွန်တွင် စိုက်ပျိုးရေးဆိုင်ရာစီးပွားရေးအတွက် ပိုမိုကောင်းမွန်သည့် ရလဒ်များ ထွက်ပေါ်လာမည်ကို သိရှိကြကြောင်း၊ အခွန်စည်းကြပ်မှုများသည် နိုင်ငံကို ပိုမိုခိုင်မာအားကောင်းခိုင်မာစေရန်ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က ထုတ်ဖော်ပြောကြားထားသည်။

**ရင်းမြစ်။ Reuters/de/jt**

**ဒေါက်တာရွှေစင်ကို**

**စီးပွားရေးသံမှူး (နန်နင်းမြို့)**

**Don't use plastic and Be fantastic**

**ပတ်ဝန်းကျင် သာယာလှပစေရေး**

**ပလတ်စတစ်သုံးစွဲမှုကို ဆန့်ကျင်ပေး။**